မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၁၃၉)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် | ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကျင်းပမည်

ရန်ကုန်　ဖေဖော်ဝါရီ　၁၅

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကို ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၂၊ ၃၊ ၄ ရက် (၂၀၁၄ ခုနှစ် မတ်လ ၂၊ ၃၊ ၄ ရက်) တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ၍ ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၅၊ ၆ ရက် (၂၀၁၄ ခုနှစ် မတ်လ ၅၊ ၆ ရက်၊) *စာမျက်နှာ ၃ ကော်လံ ၅* ❐

လက်ရှိနိုင်ငံရေးအခြေအနေထက် ပိုမိုကောင်းမွန်အောင် ရှေ့သို့သာချီတက်လျှောက်လှမ်းမည်

နေပြည်တော်　ဖေဖော်ဝါရီ　၁၅

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခေါင်းဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် လာအိုသမ္မတနန်းတော်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Choummaly SAYASONE အား သွားရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်၊ ဗိုလ်ချုပ်မြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာပါစေကြောင်းဖြင့် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီး၏ ခရီးစဉ်အတွင်း လာအိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာမှုကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အကြီးအကဲများ၊ အပြန်အလှန်လည်ပတ်မှု အမြဲတမ်းရှိနေသော အိမ်နီးချင်းနိုင်ငံများဖြစ်ပါကြောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တက်ရောက်စဉ် မိမိအား နွေးထွေးစွာကြိုဆိုခဲ့ကြသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုကို လက်တွေ့မြင်တွေ့ခဲ့ရပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးနှင့် တပ်မတော်ခေါင်းဆောင်များ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်မှုများသည် အောင်မြင်လိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၄ ◆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုသမ္မတနန်းတော်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Choummaly SAYASONE အား သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

အမေရိကန်ဆီးနင်းမုန်တိုင်း ကနေဒါသို့ ဝင်ရောက် — စာ - ၄

သဒ္ဒါကြည်လင်နှင့် "ပါရမီရှင်" (ဆောင်းပါး) — စာ - ၁၀

အက်ဖ်အေဖလား ဆန်းဒါးလန်းက ဆောက်သမ်တန်ကိုနိုင် — စာ - ၁၄

ခွဲစိတ်ဆောင်အသစ်ပန္နက်တင်ပွဲနှင့် ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသ

ရန်ကုန်　ဖေဖော်ဝါရီ　၁၅

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထန်းတပင် အလုပ်သမားဆေးရုံကြီးရှိ ခွဲစိတ်ဆောင်အသစ် ပန္နက်တင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၂၅ မိနစ်တွင် အဆိုပါဆေးရုံကြီး ဥပစာ၌ ကျင်းပရာ လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာအသီးသီး၌ ခွဲစိတ်ဆောင်အသစ်ကို ပန္နက်တင်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံစက်မှုဇုန်ရှိ Asia Optical စက်ရုံမှ အာမခံအလုပ်သမားများအား ရွေ့လျားဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး မင်္ဂလာဒုံစက်မှုဇုန်ရှိ Asia Optical စက်ရုံတွင် စက်မှုဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများအား လူမှုဖူလုံရေးဥပဒေသစ် စတင်ပြဋ္ဌာန်းချိန်တွင် ပါဝင်မည့် အာမခံစနစ်များနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို လည်းကောင်း၊ အဆိုပါ အာမခံစနစ်များအနက် စတင်ကျင့်သုံးမည့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ မိသားစု ထောက်ပံ့မှုအာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအာမခံစနစ်ဆိုသည့် အာမခံစနစ်သုံးမျိုး စတင်အကောင်အထည် ဖော်ခြင်းနှင့်ပတ်သက်၍ အလုပ်ရှင်၊ အလုပ်သမားများ၏ ထည့်ဝင်ကြေးငွေရာခိုင်နှုန်း *စာမျက်နှာ ၈ ကော်လံ ၃* ■

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စီးပွားရေးဇုန်နှင့်အခွင့်အလမ်းများ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ကား စီးပွားရေးတိုးတက်ကောင်းမွန်ရေးသည် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်ပေသည်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအပြင် အထူးစီးပွားရေးဇုန်များ အရှိန်အဟုန်ဖြင့်အားကောင်းလာပါမှ အခြားသောဆက်စပ်လုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် အထူးစီးပွားရေးဇုန်သုံးခု ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းအားထုတ်နေပြီဖြစ်သည်။ စီးပွားရေးဇုန်သုံးခုအနက် သီလဝါ အထူးစီးပွားရေးဇုန်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လာမည့် ၂၀၁၅ ခုနှစ်တွင် လုပ်ငန်းများ စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းစီးပွားရေးဇုန်ကို မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စက်ရုံအလုပ်ရုံများ အများအပြားပါဝင်မည်ဖြစ်၍ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ လျင်မြန်စွာတိုးတက်လာမည်ဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်နှင့်အတူ အခြားစီးပွားရေးဇုန်နှစ်ခုဖြစ်သည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့ကိုလည်း ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန်ပေါ်ထွက်လာခြင်းဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ အလားတူ ကျောက်ဖြူစီးပွားရေးဇုန်ပေါ်ပေါက်လာခြင်းကြောင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်ပါသည်။ ဤစီးပွားရေးဇုန် သုံးခုသည်လာမည့် ဆယ်စုနှစ်အတွင်း စီးပွားရေးထုတ်လုပ်မှုအားကောင်းသော စီးပွားရေးဇုန်ကြီးများအဖြစ် ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ရပေသည်။

ဤအထူးစီးပွားရေးဇုန်များ ထူထောင်နိုင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်း၊ နည်းပညာနှင့် ကမ္ဘာ့ဈေးကွက်သို့ဝင်ဆံ့လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံ၌ထူထောင်ပြီးဖြစ်သော စက်မှုဇုန် ၁၈ ခုသည်လည်း ဆက်စပ်တိုးတက်လာမည်ဖြစ်ပါသည်။ ထို့အပြင်အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများသည်လည်း အထူးစီးပွားရေးဇုန်တံခါးပေါက်ကြီး သုံးခုကိုမှီး၍ တိုးတက်လာမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအထူးစီးပွားရေးဇုန်ကြီးသုံးခု အလျင်အမြန်ဖွံ့ဖြိုးလာရေး "တိကျ-မှန်ကန်-မြန်ဆန်"ဟူသော ဆောင်ပုဒ်ကိုလက်ကိုင်ပြု၍ အင်တိုက်အားတိုက် ကြိုးပမ်းဖော်ဆောင်သွားရမည်ဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့နိုင်ငံသည် အခြားအာဆီယံနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းနိုင်ကာ အဘက်ဘက်မှ အခွင့်အလမ်းများစွာ တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု ဆန်းစစ်ချက် အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

အစည်းအဝေးသို့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ ဖွဲ့စည်းခဲ့သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေး၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းနှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ပြင်ပကျွမ်းကျင်ပညာရှင်များ၊ ဘက်မလိုက်သော အကဲဖြတ်အဖွဲ့မှ အဖွဲ့ဝင်များ၊ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံမှ ကိုယ်စားလှယ်များ၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ Knight Piesold Consulting Company Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ယုံကြည်မှုရရှိရေး အထူးအလေးပေးဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက မြန်မာ-ဝမ်ပေါင်ကုမ္ပဏီအနေဖြင့် Knight Piesold Consulting Company Ltd. ဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာရေးဆွဲပြုစုစေရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက် အစီရင်ခံစာနှင့်ပတ်သက်၍ စိစစ်သုံးသပ်ရေးအဖွဲ့၏ သုံးသပ်ချက်များအပေါ် Knight Piesold Consulting Company Ltd. အဖွဲ့ခေါင်းဆောင် David Morgan က ပြောကြားရာတွင် ESIA Scoping Study ကို Knight Piesold Consulting Company Ltd. မှ ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ Baseline Study ကို Environment Myanmar Cooperative Company Ltd. မှ ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ အစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့၏ ဆွေးနွေးသုံးသပ်အကြံပြုချက်များအပေါ် ၁၇-၁၂-၂၀၁၃ ရက်၊ ၂၄-၁-၂၀၁၄ ရက်၊ ၄-၂-၂၀၁၄ ရက်များတွင် ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Knight Piesold Consulting Company Ltd. အဖွဲ့ခေါင်းဆောင် David Morgan ပါ ပြည်ပပညာရှင်ငါးဦးတို့က သက်ဆိုင်ရာ ဘာသာရပ်အလိုက် အသေးစိတ်ရှင်းလင်းတင်ပြရာ စိစစ်သုံးသပ်ရေးအဖွဲ့က ပြန်လည်သုံးသပ်ဆွေးနွေးအကြံပြုကြသည်။ ဆက်လက်၍ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများက ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေး ထိခိုက်မှုလျော့နည်းစေရေးအတွက် လိုက်နာဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအပေါ် စိစစ်တွေ့ရှိချက်များနှင့် Knight Piesold Consulting Company Ltd. မှ ပြန်လည်ဖြေကြားချက်များနှင့်စပ်လျဉ်း၍ သုံးသပ်တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသော မြန်မာ-ဝမ်ပေါင်ကုမ္ပဏီ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့မှ တာဝန်ရှိသူများ၊ Knight Piesold Consulting Company Ltd.မှ ပညာရှင်များ၊ အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များ၊ ပြင်ပကျွမ်းကျင်ပညာရှင်များက ညှိနှိုင်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

၂၀၁၄ ခုနှစ်အတွင်း သောက်သုံးရေသန့်တူးဖော်ပေးမည့် ကျေးရွာများမှာ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ကျေးရွာပေါင်း ၃၈ ရွာ၊ ကွမ်းခြံကုန်းမြို့နယ်တွင် ကျေးရွာပေါင်း ၁၇ ရွာနှင့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ကျေးရွာပေါင်း ၅၇ ရွာတို့ဖြစ်ပြီး စုစုပေါင်းကျေးရွာ ၁၁၂ ရွာဖြစ်သည်။

ထိုသို့သောက်သုံးရေသန့်ရရှိရန်အတွက် ရေတွင်းတူးသည့်အခါ အချို့တစ်ရွာနှင့်တစ်ရွာ နီးကပ်နေသော ကျေးရွာများအတွက်မူ သောက်သုံးရေတွင်း တစ်တွင်းတူးဖော်ပေးခြင်းဖြင့် ရွာနှစ်ရွာခန့်အသုံးပြုနိုင်မည့်အခြေအနေလည်းရှိသည်။ သောက်သုံးရေသန့်တွင်းများနှင့်အတူ အုတ်ရေလှောင်ကန်တစ်ကန်ကိုလည်း ပြုလုပ်ပေးသွားမည်ဖြစ်သည်။ အဆိုပါ ရေသိုလှောင်ကန်သည် ရေဂါလန် ၁၆၀၀ ခန့်ဆံ့သည့် အုတ်ကန်ဖြစ်သည်။

ရွာများတွင် သောက်သုံးရေသန့်တွင်းများတူးဖော်ရာတွင် ရေတွင်ပါဝင်သော ဓာတုပစ္စည်းများပါဝင်မှုရှိမရှိ စစ်ဆေးခြင်း၊ ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အတူတကွလုပ်ကိုင်လျက်ရှိသည်။ ကျေးရွာများအတွက် သောက်သုံးရေသန့်ရရှိရေးဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပမှ အလှူရှင်များ၊ ကျေးရွာလူထုနှင့် ရပ်မိရပ်ဖများဖြင့် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး ကျေးရွာသောက်သုံးရေသန့်စနစ်ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက်လည်း ကျေးရွာပြည်သူများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကျေးရွာများသောက်သုံးရေသန့်တူးဖော်ပေးမှုကို ယခုနှစ်မတိုင်မီကလည်း မင်္ဂလာမြန်မာက ကျေးရွာပေါင်း ၄၀၀ ကျော်တို့တွင် တူးဖော်ပေးနိုင်ခဲ့ပြီး ယခုကျေးရွာပေါင်း ၁၁၂ ရွာတွင်လည်း လာမည့်လအနည်းငယ်အတွင်း ပြီးစီး အောင်ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးလက်နေပြည်သူများ နွေရာသီသောက်သုံးရေရှားပါးမှုကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသ B.A (Myanmar) ၏ အဂ္ဂမဟာဂုဏဝိသိဋ္ဌပူဇာ မဟာမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်နှင့် ခရမ်းမြို့ ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ် မဟာနာယက သကျသီဟ၊ စေတီယင်္ဂဏ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသ B.A (Myanmar) ၏ အဂ္ဂမဟာဂုဏဝိသိဋ္ဌပူဇာ မဟာမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီက ခရမ်းမြို့ ကွမ်းမိုးဒိန်းရွာ ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်မန္တလေးမြို့ မိုးကောင်းတိုက် ဝါးတန်းစာချကျောင်း နာယကဆရာတော်ဘဒ္ဒန္တသီလာစာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးမြို့ မစိုးရိမ်တိုက်ကြီး အာဂမနယူပဒေသကျောင်း နာယကဆရာတော် ဘဒ္ဒန္တ ဥေယျာဘိဝံသနှင့် မင်းကွန်းဆရာတော် ဘဒ္ဒန္တ ဉာဏိကာဘိဝံသတို့က သာရဏီယကထာ မိန့်ကြားတော်မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(အပေါ်ပုံ)**

ယင်းနောက် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့ကိုယ်စား အတွင်းရေးမှူးဦးလှအောင်က ပူဇနိယကထာ လျှောက်ထားပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက ပူဇော်ပွဲကျင်းပရခြင်းအကြောင်းနှင့် ပူဇော်ပွဲကျင်းပရေးကော်မတီကိုယ်စား ကျေးဇူးတင်စကားလျှောက်ထားသည်။

ဆက်လက်၍ မင်္ဂလာဘိသေက ပညာရှင် ဦးထိန်လင်းက အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာ အောင်ဩဘာစာ ဖတ်ကြားခြင်းဆောင်ရွက်ပြီး မန္တလေးမြို့ မစိုးရိမ်တိုက်သစ်နှင့် ခရမ်းမြို့ ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသက သမ္မောဒနီယကထာ မြွက်ကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယက ဥက္ကဋ္ဌ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသထံမှ ရေစက်ချ အနုမောဒနာတရားနာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားတွင် ဆွမ်းပဒေသာပင်အတွက် သာသနာရေးဝန်ကြီးဌာနမှ ငွေကျပ်တစ်သိန်း၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသီတဂူကျောင်းအစ်မကြီး ဒေါ်ခင်ဦးလွင် မိသားစုမှ ငွေကျပ်သိန်း ၂၀ နှင့် အလှူရှင် မိသားစု လေးစုတို့မှ ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❐ ရှေ့ဖုံးမှ

ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အစည်းအဝေးကို ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁ ရက် ၂၀၁၄ ခုနှစ် မတ် ၁ ရက် စနေနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်ရန်လည်းကောင်း၊ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၈၊ ၉၊ ၁၀ ရက်၊ ၂၀၁၄ ခုနှစ် မတ် ၈၊ ၉၊ ၁၀ ရက်၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များတွင်ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၇ ရက်၊ ၂၀၁၄ ခုနှစ် မတ်လ ၇ ရက် သောကြာနေ့တွင်လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများ အချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ်နှင့်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အား လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် Mr.Steven Chong, SC ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေအား လာရောက်တွေ့ဆုံ၍ တရားစီရင်ရေး၊ ဥပဒေရေးရာကိစ္စရပ်များ အပြန်အလှန်ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမြင့်၊ ဦးလှအေး၊ ဒေါ်အေးသန်း၊ ဒေါ်သင်းသင်းနွဲ့နှင့်တိုင်းတရားရေးဦးစီးမှူးတို့လည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ
၁၅-၂-၂၀၁၄

နောက် နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်။ **နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီသို့ ဆက်သွယ်အကြံပြုနိုင်

၁။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကာကွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍအသီးသီး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်မှု ပိုမိုလျင်မြန်ထိရောက်စေရန် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမည့် ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီအား ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်သူများ၏ အကြံပြုချက်များအပေါ် ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီက တိုက်ရိုက်လက်ခံညှိနှိုင်း ပေါင်းစပ်ဖြေရှင်း ပြန်ကြားသွားမည် ဖြစ်ပါသဖြင့် အကြံပြုချက်များ ပေးပို့ရန် အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်-

ဖုန်း-၀၆၇-၄၀၄၄၂၉
ဖက်စ်-၀၆၇-၄၀၄၄၄၃
အီးမေးလ်-kyawnyunt.dymod@gmail.com
ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီ

ကော့သောင်း ဖေဖော်ဝါရီ ၁၅

(၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့ ကော့သောင်း၌ကျင်းပ

၂၀၁၄ ခုနှစ် (၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင်ဘောလုံးကွင်း၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၆ နာရီက ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနားတွင် ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ မွန်တိုင်းရင်းသားနှစ်ဦးက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မွန်အမျိုးသားအလံကို လွှင့်တင်ကာ မွန်အမျိုးသားသီချင်းဖြင့် အလံတော်ကို အလေးပြုကြသည်။ ထို့နောက် ကော့သောင်းမြို့ တောင်ပေါ်ကျောင်းဆရာတော်၊ မွေတော်ကျွန်းကျောင်းဆရာတော်၊ မလိဝမ်းရွှေတောင်ဦးကျောင်းဆရာတော်၊ ဘန်းကချွန်ပျဉ်းမတောရကျောင်းဆရာတော်တို့က မွန်အမျိုးသားနေ့ဩဝါဒကထာများ ချီးမြှင့်တော်မူသည်။

အဆိုပါအခမ်းအနားသို့ ကော့သောင်းမြို့ပေါ်နှင့် ကျေးရွာများမှ မွန်တိုင်းရင်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ကြပြီး (၆၇)နှစ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ် အဖြစ် ဘော်လီဘောပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ လွန်ဆွဲပွဲနှင့် ပိုက်ကျော်ခြင်းလုံးပြိုင်ပွဲ၊ ကလေးငယ်ဘောလုံးပြိုင်ပွဲများကျင်းပသည်။ ညပိုင်းတွင် မွန်တိုင်းရင်းသား တိုင်းရင်းသူများ၏ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

✱ ကျောဖုံးမှ

သုံးပွဲဆက် အနိုင်ဖြင့် ထိပ်ဆုံးရောက်လာခဲ့သည်။

YUFC ကွင်း၌ ရန်ကုန်နှင့် ဇေယျာရွှေမြေတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်က ခြောက်ဂိုး-တစ်ဂိုးဖြင့် နိုင်သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် အိမ်ကွင်းတွင် ခြေစွမ်းပြဂိုးပြတ်နိုင်ပွဲရယူပြီး ဒုတိယနေရာသို့ တက်လှမ်းလာနိုင်သည်။

သုဝဏ္ဏကွင်း၌ နေပြည်တော်နှင့် ချင်းယူနိုက်တက်တို့ပွဲတွင် နေပြည်တော်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်သည်။

ယနေ့ပွဲ

(အောင်ဆန်းကွင်း) ဧရာဝတီ - ကမ္ဘောဇ
(သုဝဏ္ဏကွင်း) မနောမြေ - မကွေး

ရွှေကြေးစည် - ရွှေဂေါ်ဖော် / အလောင်းတော်ကဿပ
Feb 28, Mar 4,7,11,14
Feb 14, 18, 21, 25

အမည်ပြောင်း ဦးစန်းလှိုင်၏သမီး မအူပင်မြို့နယ်၊ ရေလဲကလေး အထက သတ္တမတန်း (A)မှ မခင်ခင်သစ်လှိုင်အား မခင်သီရိစံဟု ပြောင်းလဲခေါ်ပါရန်။
မခင်သီရိစံ

PANDA
-Air-con Boiler
-Good 2nd-Hand Air-con
➢ 110V Vertical - 120,000 Ks
➢ SplitType 1 & 1.5 H.P - 150,000 Ks
➢ W.Type 1 & 1.5 H.P - 100,000 Ks
➢ Air-Con Servicing - 8000 Ks
09 515 8803, 09 519 8402, 09 732 29024

(Feb - 28, Mar - 4/7/11/14)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

နိုင်ငံတကာသတင်း

ဆန္ဒပြမှုဖြင့် ဖမ်းထားသူအားလုံးကို ယူကရိန်းရဲ ပြန်လွှတ်

ကီယက်ဗ် ဖေဖော်ဝါရီ ၁၅

ယူကရိန်းရဲအဖွဲ့က မကြာသေးမီက အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုအတွင်း ဖမ်းဆီးထားသူအားလုံးကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ယူကရိန်းအစိုးရရှေ့နေချုပ် ဗစ်တာဖိုးနားက ဖေဖော်ဝါရီ၁၄ ရက်တွင် ပြောသည်။

ရဲအဖွဲ့က လူ ၂၃၄ဦးအား ဖမ်းဆီးခဲ့ရာ ယင်းတို့အားလုံးကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ၄င်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။

သုံးလကြာ မငြိမ်သက်မှုကို အဆုံးသတ်ရန် ယူကရိန်းသမ္မတ ဗင်တာယာနူကိုဗစ်ချ်က ဇန်နဝါရီ ၃၁ ရက်တွင် ဆန္ဒပြဖမ်းဆီးထားသော အကျဉ်းသားအားလုံး လွှတ်ပေးရန် ဥပဒေတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အခြားသော ဆန္ဒပြသူများက ဖေဖော်ဝါရီ ၁၇ ရက်တွင် သိမ်းပိုက်ထားသော အဆောက်အအုံများမှ ထွက်ခွာပေးလျှင် နိုဝင်ဘာ ၂၁ ရက် နောက်ပိုင်း ဆန္ဒပြစဉ် ဖမ်းဆီးထားသူအားလုံးကို ရဲအဖွဲ့က ပြန်လွှတ်ပေးမည်ဟု ဆိုသည်။

(ဆင်ဟွာ)

နယူးယောက်၌ ဆီးနှင်းကြောင့် နေအိမ်အမိုးပြိုကျနေသည်ကို တွေ့ရစဉ်။

အမေရိကန်ဆီးနှင်းမုန်တိုင်း ကနေဒါသို့ဝင်ရောက်

အော့တဝါ ဖေဖော်ဝါရီ ၁၅

အမေရိကန်အရှေ့ပိုင်းကမ်းရိုးတန်း၌ လေယာဉ်ခရီးစဉ်အများအပြားဖျက်သိမ်းပြီး နေအိမ်များ ဓာတ်အားလိုင်းများပြတ်တောက်ခဲ့သည့် ဧရာမနှင်းမုန်တိုင်းသည် ကနေဒါအရှေ့ပိုင်းသို့ဝင်ရောက်ခဲ့သည်။ ကွီဘတ်မှ နယူးဖောင်လန်အထိ ဆီးနှင်းမုန်တိုင်းသည်းထန်ခဲ့ပြီး အချို့သောနေရာများတွင် ဆီးနှင်းထုမှာ ၂၄ လက်မအမြင့်အထိရှိခဲ့သည်ဟုဆိုသည်။

အာဏာပိုင်များက ကွီဘတ်မှ အရှည် ၁၂၄ မိုင်ရှိသော ကနေဒါဖြတ်လမ်းမကြီးကို ပိတ်ထားလိုက်သည်။ ယင်းမုန်တိုင်းကြောင့် လူပေါင်းနှစ်ဒါဇင်ကျော် သေဆုံးခဲ့ပြီဖြစ်သည်။

အမေရိကန်တွင် အဆိုပါမုန်တိုင်းကြောင့် လူပေါင်း ၄၅၀၀၀၀နှင့် စီးပွားရေးလုပ်ငန်းများ ဓာတ်အားမရဘဲရှိနေသည်။ ယင်းမုန်တိုင်းသည် ဓာတ်အားလိုင်းများနှင့် သစ်ပင်များလဲကျစေခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁၄ ရက်က တတိယမြောက်နေ့အဖြစ် ဆက်လက်တိုက်ခတ်ခဲ့သည်။ ယင်းမုန်တိုင်းသည် အားလျော့သွားပြီဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၄ ရက်အထိ ကွီဘတ်ဒေသနှင့် နယူးဖောင်လန်ဒေသအချို့၌ နှင်းထုမှာ ၃၀ စင်တီမီတာအထိရှိသည်။ ကနေဒါ မိုးလေဝသဌာနက အတ္တလန္တိတ်ပြည်နယ်များ၌ စနေနှင့်တနင်္ဂနွေနေ့အတွက် ဆီးနှင်းမုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ထားသည်။ ယင်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၁၂ ရက်က အမေရိကန်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့သည်။ မုန်တိုင်းကြောင့် ဓာတ်အားလိုင်းများပြတ်တောက်ခြင်း၊ သစ်ပင်ကြီးများလဲကျခြင်း၊ ယာဉ်သွားလာမှုများ ကမောက်ကမဖြစ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

(ဘီဘီစီ)

ပြင်သစ်တပ်ဖွဲ့ဝင် ၄၀၀ ဗဟိုအာဖရိကသို့ထပ်မံလွှတ်မည်

ပါရီ ဖေဖော်ဝါရီ ၁၅

ပြင်သစ်က ဗဟိုအာဖရိကသမ္မတနိုင်ငံ(စီအေအာရ်)သို့ ပြင်သစ်နှင့်အာဖရိကတပ်များ တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးစားနေသော်လည်း တည်ငြိမ်မှုစိုးမိုးလာနိုင်ရန် တပ်ဖွဲ့ဝင် ၄၀၀ ကျော် စေလွှတ်သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံက ကိုလိုနီနိုင်ငံဟောင်း ဗဟိုအာဖရိကနိုင်ငံသို့ တပ်ဖွဲ့ဝင် ၁၆၀၀ စေလွှတ်ထားပြီဖြစ်ရာ တပ်ဖွဲ့ဝင် ၂၀၀၀ အထိ ဖြန့်ကြက်ချထားရန်အတွက် တပ်ဖွဲ့ဝင် ၄၀၀ ထပ်မံစေလွှတ်သွားမည်ဟု ဆိုသည်။ ယင်းနိုင်ငံ၌ တပ်ဖွဲ့ဝင်အင်အားနည်းနေ၍ တိုးမြှင့်စေလွှတ်ပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေတ္တာရပ်ခံတိုက်တွန်းလိုက်သည်။

(ဆင်ဟွာ)

မီးတောင်ပေါက်ကွဲပြီးနောက် ဂျာဗာလေဆိပ်များပြန်ဖွင့်

ဂျာဗာ ဖေဖော်ဝါရီ ၁၅

အင်ဒိုနီးရှား ဂျာဗာကျွန်းတွင် မီးတောင်ပေါက်ကွဲသဖြင့် ပိတ်ထားသောလေဆိပ်များကို ပြန်ဖွင့်ပေးလိုက်ပြီဖြစ်သည်။

ဂျာဗာကျွန်းတစ်ဝန်း လေထုအရည်အသွေး ကောင်းသွားပြီဖြစ်ကြောင်း သတင်းထောက်များက ပြောသည်။ သို့သော် မြို့ကြီးများနှင့်ကျေးရွာများကို ဖုန်နှင့်ပြာများဖုံးလွှမ်းနေဆဲဖြစ်သည်ဟု ဆိုသည်။ ထောင်ပေါင်းများစွာသော ပြည်သူများ ယာယီတဲများတွင် နေထိုင်ရဆဲဖြစ်သည်။ ယင်းတို့သည် ဆေးဝါးနှင့် ခြံစောင်လိုအပ်ချက်များနှင့် ရင်ဆိုင်နေရသည်။ ဂျာဗာအရှေ့ပိုင်း ကေလွတ်မီးတောင်မှ ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြာနှင့်ချော်ရည်ခဲများ မှုတ်ထုတ်ခဲ့သဖြင့် လူသုံးဦးသေဆုံးသွားခဲ့သည်။ ယင်းမီးတောင်သည် မပေါက်ကွဲမီ သီတင်းပတ်အတန်ကြာ လှုပ်ရှားနေခဲ့သည်ဟု ဆိုသည်။

ကျူးဘားက အမေရိကန်နှင့် ကောင်စစ်ဝန်ဆက်သွယ်မှုဆိုင်းငံ့

ဟာဗားနား ဖေဖော်ဝါရီ ၁၅

အမေရိကန်ဘဏ်တစ်ခုက ကျူးဘားနိုင်ငံရှိ ၄င်း၏လုပ်ငန်းကို ရပ်သိမ်းရန် ဆုံးဖြတ်လိုက်ပြီးနောက် အမေရိကန်နှင့် ကောင်စစ်ဝန်ဆက်သွယ်မှုကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ကျူးဘားအစိုးရက ပြောသည်။

အမေရိကန်ဘဏ် M&T ဘဏ်အနေဖြင့် ရပ်တည်ချက် မပြောင်းလျှင် ပတ်စ်ပို့နှင့်ဗီဇာများ သက်တမ်းတိုးပေးလိမ့်မည်မဟုတ်ကြောင်း ကျူးဘားက ပြောသည်။ စီးပွားရေးအကြောင်းပြချက်ဖြင့် ဘဏ်လုပ်ငန်းရပ်သိမ်းရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်ဘဏ်က ပြောသည်။

ယင်းဆောင်ရွက်မှုကြောင့် ကျူးဘားသို့ အမေရိကန်ထောင်ပေါင်းများစွာ လာရောက်မှုကို အဟန့်အတားဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ ယင်းမှာ ကျူးဘားအား စီးပွားရေးကို အကြီးအကျယ်ထိခိုက်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်က အဆိုပါ ကွန်မြူနစ်နိုင်ငံနှင့် ၁၉၆၁ ခုနှစ်တွင် သံတမန်ဆက်ဆံမှုဖြတ်တောက်ခဲ့သည်။ အဆိုပါဘဏ်က ဖေဖော်ဝါရီ ၁၇ ရက်မှစပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ရပ်ဆိုင်းလိုက်သည်။ ကျူးဘားနိုင်ငံသို့ တစ်လပျမ်းမျှ အမေရိကန်လူမျိုး ၄၀၀၀၀ လာရောက်လည်ပတ်လျက်ရှိသည်။

(ဘီဘီစီ)

ဘာရိန်းဗုံးခွဲတိုက်ခိုက်မှု ရဲများဒဏ်ရာရသေဆုံး

ဘာရိန်း ဖေဖော်ဝါရီ ၁၅

ဘာရိန်းနိုင်ငံ၌ သောကြာနေ့က သုံးနှစ်မြောက် ဆန္ဒပြပွဲ ပြုလုပ်စဉ်အတွင်း ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရသေဆုံးခဲ့သည်။

ဒီယာကျေးရွာ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတွင် ဒဏ်ရာရ ရဲအရာရှိနှစ်ဦးအနက် တစ်ဦးသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ ယင်းဗုံးကွဲမှုကြောင့် အခြားရဲသုံးဦးလည်း ဒဏ်ရာရရှိသွားခဲ့သည်။

ဆန္ဒပြသူများသည် ၂၀၁၁ ခုနှစ်က လူ့အခွင့်အရေးနှင့် ရှီးယိုက်လူမျိုးစုများအား အကြမ်းဖက်မှု အဆုံးသတ်ရေး ဆန္ဒပြခဲ့သည့် သုံးနှစ်မြောက် အထိမ်းအမှတ်အဖြစ် ဆန္ဒပြပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြသူများသည် လွန်ခဲ့သော သုံးနှစ်နီးပါးက သွေးထွက်သံယိုဖြိုခွင်းခဲ့သည့် ဆန္ဒပြနေရာသို့ရောက်ရှိရန် ကြိုးစားခဲ့သည်။

ဆန္ဒပြမှုပြုလုပ်နေစဉ် ရဲတပ်ဖွဲ့များ ဗုံးထောင်တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က ယင်းဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး စုံစမ်းနေဆဲဖြစ်သည်။

(ဘီဘီစီ)

ထိုင်းဆန္ဒပြသူများ ဆက်လက်ဆန္ဒပြရန်ဆုံးဖြတ်

ဗန်ကောက် ဖေဖော်ဝါရီ ၁၅

ထိုင်းအစိုးရဆန့်ကျင်ဆန္ဒပြသူများက ယင်းတို့အနေဖြင့် မြို့တော်ဗန်ကောက်၌ ဆန္ဒပြမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဆန္ဒပြသူများအနေဖြင့် ဆက်လက်တိုက်ပွဲဝင်လိမ့်မည်ဖြစ်ကြောင်း အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှု ပြောရေးဆိုခွင့်ရှိသူ အခါနတ်ပရွှန်ဖန်က စနေနေ့တွင် ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ရဲတပ်ဖွဲ့၏ ဖြိုခွင်းမှုကို တုန်လှုပ်လိမ့်မည်မဟုတ်ကြောင်း ပရွှန်ဖန်က အခိုင်အမာပြောဆိုလိုက်သည်။ ထိုင်းအမျိုးသားလုံခြုံရေးကောင်စီက ဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ လုပ်ဆောင်မှုတစ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် ၄င်းက အထက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုခဲ့သည်။

ရဲတပ်ဖွဲ့ဝင် ၁၂၀၀ ခန့်သည် ဗန်ကောက်မြို့မြောက်ပိုင်း ချန်ဝပ်တာနာအစိုးရ အဆောက်အအုံဝင်းကို ပြန်လည်သိမ်းပိုက်ရန် ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားလုံခြုံရေးအကြီးအကဲ ပါရာဒွန်ပတ်တာနာဘတ်က စနေနေ့တွင် ပြောကြားလိုက်သည်။ “ကျွန်တော်တို့အနေနဲ့ စေ့စပ်ဆွေးနွေးမှုကို ဦးစွာလုပ်သွားမှာပါ။ မည်သည့်နည်းနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်ဆိုတာကိုတော့ မသိသေးပါဘူး”ဟု ၄င်းက ပြောကြားသည်။

သောကြာနေ့ ရဲတပ်ဖွဲ့က အစိုးရအိမ်တော်ဝန်းကျင်တွင် ရှင်းလင်းမှုများပြုလုပ်ခဲ့သည်။ ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်ရင်လတ် နုတ်ထွက်စေရန် အကြီးအကျယ် ဆန္ဒပြနေသော်လည်း မအောင်မြင်ဘဲရှိနေသည်။ ရဲတပ်ဖွဲ့က ဆန္ဒပြသူများကို ထိန်းချုပ်ရန်ကြိုးစားနေသော်လည်း မိမိတို့အနေဖြင့် ဆက်လက်ဆန္ဒပြမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ **(ပရက်စ်တီဗွီ)**

ဂျာမနီ - မြန်မာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် လျှပ်စစ်ကဏ္ဍ၌ ကင်းတားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဂျာမနီနိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms.Brigitte Zypries ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများနှင့် လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ယင်းသို့ တွေ့ဆုံစဉ် ဂျာမနီ-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် လျှပ်စစ်ကဏ္ဍ၌ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့မှု၊ မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အရ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ရေးနှင့် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ အခြားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးကို နိုင်ငံတကာမှ ပါဝင်လာနိုင်ရန် ဖိတ်ခေါ်နေမှု၊ ဓာတ်အားစနစ်အား ခေတ်မီနည်းပညာသုံး ထိန်းသိမ်းကွပ်ကဲသောစနစ် (Supervisory Control and Data Acquisition-SCADA) တပ်ဆင်ရေး၊ ဓာတ်အားပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများအတွက် ဂျာမနီနိုင်ငံမှ Siemens ကုမ္ပဏီနှင့် ဆောင်ရွက်နေမှု၊ ဂျာမနီကုမ္ပဏီများအနေဖြင့် ပစ္စည်းအရည်အသွေးကို အဓိကအလေးထားထုတ်လုပ်ပြီး လျှပ်စစ်ကဏ္ဍတွင် အင်အားတောင့်တင်းသော နာမည်ကြီးကုမ္ပဏီများရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှင့် အခြားဓာတ်အားစနစ်သုံး ပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီများ လာရောက် ရင်းနှီးမြှုပ်နှံရန် လေ့လာနေမှု၊ မြန်မာနိုင်ငံတွင် မင်းဘူးဒေသ၌ မြန်မာနိုင်ငံ၏ ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်း၍ ၅၀ မဂ္ဂါဝပ် စက်ရုံ တည်ဆောက်ရန် စီစဉ်နေမှုနှင့် ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံတွင် လျှပ်စစ်ကဏ္ဍ တိုးတက်အောင် ပူးပေါင်း ဆောင်ရွက်လိုမှုတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံတွင် ဆိုင်ကယ်အသုံးပြုလုယက်မှုကြောင့် အမျိုးသမီးတစ်ဦး ထိခိုက်သေဆုံး

အီပို ဖေဖော်ဝါရီ ၁၅

မလေးရှားနိုင်ငံ IPOH (အီပိုမြို့)ရှိ နေရာဒေသတစ်ခုဖြစ်သော Tanjung Malim အပိုင်တွင် ပြီးခဲ့သော စနေနေ့ ညနေပိုင်းက အိန္ဒိယ၊ ဟိန္ဒူဘာသာဝင်အမျိုးသမီးတစ်ဦးမှာ လုယက်သူများကြောင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ရကြောင်းနှင့် ဖေဖော်ဝါရီ ၁၀ ရက် မလေးရှားနိုင်ငံ စတားသတင်းဌာန (Star News) မှ ဖော်ပြချက်ကို မလေးရှားရောက် ကိုတွေင်ပူစီးယင်း (Tuangpu Siyin)၏ ပြောပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ မလေးရှားနိုင်ငံ IPOH (အီပိုမြို့)ရှိ နေရာဒေသတစ်ခုဖြစ်သော Tanjung Malim အပိုင်တွင်း လွန်ခဲ့သော စနေနေ့ မလေးရှားစံတော်ချိန် ညနေ ၄ နာရီခွဲက အသက် ၂၆ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးမှာ ခြေကျင်လမ်းလျှောက်နေစဉ် ရုတ်တရက် ၎င်း၏အနောက်ဘက်မှ မော်တော်ဆိုင်ကယ်ဖြင့် လုယက်သူများ ရောက်လာခဲ့ပြီး ၎င်း၏ ခန္ဓာကိုယ်ကို အရှိန်ဖြင့် ဆောင့်တွန်းကာ အဆိုပါ အမျိုးသမီးဝတ်ဆင်ထားသော ဆွဲကြိုးကို ဆွဲဖြုတ်လုယူခဲ့သည်။ ယင်းကဲ့သို့ အရှိန်နှင့် ဆောင့်တွန်းလုယူမှုကြောင့် တစ်ဆက်တည်းမှာပင် လဲကျခဲ့ရပြီး ဦးခေါင်းနှင့် ကွန်ကရစ်လမ်း ဆောင့်ကာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ Tanjung Malim မှ ခရိုင်ရဲမှူးကြီး Othman Nayan က "စနေနေ့ ညနေ ၄ နာရီခွဲက ဆေးရုံသန့်ရှင်းရေးဝန်ထမ်း M.Shemavarthini က သူ့အဒေါ်ကို သွားကြိုတာပါ။ ဆိုင်ကယ်နှစ်စီးနဲ့ လူသုံးဦးရဲ့ တိုက်ခိုက်မှုကို ခံရတာပါ။ လုယက်သူတွေထဲမှာက တစ်ယောက်က နောက်ကျောကနေ ဆွဲကြိုးကို လုပါတယ်။ အဲဒီတော့ M.Shemavarthini က သူ့ခန္ဓာကိုယ် မထိန်းနိုင်ဘဲ လဲကျသွားခဲ့ရတာပါ။ တစ်ဆက်တည်း ပြီးတော့ သူ့ခေါင်းနဲ့ သမံတလင်းဆောင့်မိပြီး ဦးခေါင်းခွဲကွဲသွားခဲ့ရတာပါ" ဟု ၎င်း၏ ပြောပြချက်အား မလေးရှားနိုင်ငံ စတားသတင်းဌာန (Star News)တွင် ဖော်ပြထားသည်။ အဆိုပါ လုယက်ခံရသူ အမျိုးသမီးသည် Slim River Hospital တွင် သန့်ရှင်းရေးဝန်ထမ်းဖြစ်ပြီး ဆိုင်ကယ်နှစ်စီးဖြင့် လူသုံးဦး၏ တိုက်ခိုက်မှုကို ခံလိုက်ရခြင်းဖြစ်ကာ အဆိုပါ ရွှေဆွဲကြိုးမှာ ရင်းဂစ် ၅၀၀၀ တန်ဖိုးရှိ ဟိန္ဒူဘာသာရေးထုံးတမ်းစဉ်လာအရ မင်္ဂလာလက်ဖွဲ့ဖြစ်သည်ဟုလည်း သိရပြီး ရဲတပ်ဖွဲ့မှ Taman Genting Permai, Batang Kali, Selangor တွင် နေထိုင်သော Farizul Hezry Mohamad (၂၉ နှစ်) နှင့် Kampung Sungai Masin, Batang Kali တွင် နေထိုင်သော ၁၆ နှစ် အရွယ်ရှိ Shamsiah Asrik တို့အား လိုက်လံရှာဖွေလျက်ရှိရာ ထိုသူနှစ်ဦးနှင့် ပတ်သက်သော သတင်းရရှိပါက Tanjung Malim Policestation + 6054526999 နှင့် Asst Supt Sila Kadong at + 60192659641 သို့ အကြောင်းကြားပါရန် အသိပေးနှိုးဆော်ထားကြောင်းလည်း သိရသည်။ ထို့အပြင် အမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာအမျိုးသမီးများအား ပိုက်ဆံအိတ်လွယ်ကာ ခြေကျင်အသုံးပြုပါက မိမိအနောက်ဘက်က တိုက်ခိုက်နိုင်သည့် ဆိုင်ကယ်သံကို အမြဲသတိထားရန် လိုအပ်ကြောင်း၊ မိမိညာဘက်ခြမ်းတွင် ယာဉ်ကြောရှိပါက ဘယ်ဘက်တွင် ပိုက်ဆံအိတ်ထားရန် လိုအပ်ကြောင်း၊ လူသူရှင်းသော နေရာများကို ရှောင်ရှားသွားလာရန် လိုအပ်ကြောင်း၊ မိမိတို့ဘက်မှ ပြန်လည်ခုခံနိုင်ရန်အတွက် ငရုတ်သီး (Spray) ဆောင်ထားရန် လိုအပ်ကြောင်း၊ မည်သူမဆို မိမိအား အထောက်အထားပါမစ် စစ်ဆေးမည်ဟု ခြိမ်းခြောက်ကာ ကားပေါ်တက်ခိုင်းပါက လုံးဝမတက်ကြပါရန်နှင့် ရဲပင်ဖြစ်သော်ငြားလည်း လုံးဝတက်ရန် မလိုအပ်ပါကြောင်းဖြင့် မလေးရှားရောက် မြန်မာများ အချင်းချင်း အင်တာနက်လူမှု ကွန်ရက်စာမျက်နှာများမှတစ်ဆင့် အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မိမိညာဘက်ခြမ်းတွင် ယာဉ်ကြောရှိပါက ဘယ်ဘက်တွင် ပိုက်ဆံအိတ် ထားရန်လို

သတိပေး နှိုးဆော်ချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသော အချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extin guisher ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဇေယျာသီရိကျေးရွာမှ အသက် ၁၀၈ နှစ်ရှိ သက်တော်ရှည် အဘွားအို

မလှိုင် ဖေဖော်ဝါရီ ၁၅

အသက် ၁၀၈ နှစ်ထဲရောက်နေပြီဖြစ်သော သက်တော်ရှည် အဘွားအိုတစ်ဦးအား ဇရပ်ကြီးကျေးရွာအုပ်စု ဇေယျာသီရိကျေးရွာ၌ တွေ့ခဲ့ရသည်။ ၎င်း အဘွားအိုကို(အဖ)ဦးခွေးနီ၊ (အမိ) ဒေါ်ညွှင်းတို့မှ ၁၂၆၈ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက် (စနေနေ့) နံနက် ၅ နာရီတွင် မွေးဖွားခဲ့သည်။ ငယ်နာမည်မှာ မနှင်းအိဖြစ်ပြီး (ယခုအခေါ်) ဒေါ်ရန်ပုဖြစ်သည်။ **(ယာပုံ)**

၁၃၇၅ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်တွင် ၁၀၈ နှစ်ထဲရောက်ခဲ့ပြီဟု သိရသည်။ အဘွားသည် အသက် ၂၅ နှစ် ကျော်တွင် တစ်ရွာတည်းနေ ဦးညိုပုနှင့် အိမ်ထောင်ကြပြီး သားသမီးငါးဦး ထွန်းကားခဲ့သည်။ အကြီးဆုံးသားမှာ အသက် ၈၀ နှစ်ရှိပြီး မြေး ၂၉ ဦး၊ မြစ် ၅၇ ဦးရှိသည်။ လွန်ခဲ့သော ၁၂ နှစ်ခန့်က အဘွား၏ မျက်လုံးများ အလင်းကွယ်ခဲ့သည်။ သို့သော် နားကောင်းပြီး ကျန်းမာရေးကောင်းသဖြင့် သွားလာ စားသောက်နိုင်ကာ အဘွားအိုမှာ ဉပုသ်သီလ စောင့်ထိန်းနိုင်ပြီး ဆင်းရဲချို့တဲ့စွာ နေထိုင်ရသည်။ အဘွား ဒေါ်ရန်ပုသည် ယခုအချိန်တွင် အငယ်ဆုံးသမီးဖြစ်သူ ဒေါ်လှဆင့်နှင့်အတူ တောင်သာမြို့နယ် ဇရပ်ကြီးကျေးရွာအုပ်စု ဇေယျာသီရိကျေးရွာ၌ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်အညီ ယနေ့တိုင် တရားဘာဝနာများကို ကျင့်ကြံ အားထုတ်လျက်ရှိသည်ဟု သိရသည်။ **ကျော်ကျော်(မလှိုင်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ဝဏ္ဏသိဒ္ဓိစာကြည့်တိုက်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း ဝဏ္ဏသိဒ္ဓိရပ်ကွက်ဆိုင်းဘုတ်တင်အခမ်းအနားနှင့် ဝဏ္ဏသိဒ္ဓိစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက အဆိုပါအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် မြတ်ပါရမီလူမှုကူညီရေးအသင်း ဥက္ကဋ္ဌတို့က ဝဏ္ဏသိဒ္ဓိစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေက တစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပြောကြားသည်။ ဝဏ္ဏသိဒ္ဓိရပ်ကွက် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌနှင့် ဝဏ္ဏသိဒ္ဓိစာကြည့်တိုက် ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်က သာသနာ့နုဂ္ဂဟအသင်းနှင့် ဝဏ္ဏသိဒ္ဓိ စာကြည့်တိုက်တို့၏ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန ဌာနမှူးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက် အထောက်အကူပြုအဖွဲ့ဝင်များ၊ စာပေမြတ်နိုးသည့် စာပေဝါသနာရှင်များ၊ သတင်းမီဒီယာများ စုံလင်စွာတက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှပ**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဘင်းမ်စတက်နှင့်မြန်မာ

ကိုဇံ

ယမန်နေ့မှအဆက်

ဘင်းမ်စတက်အဖွဲ့ရဲ့ အစည်းအဝေးများ

(က) **ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးများ**

ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့က ကျင်းပခဲ့ပါတယ်။ ဒုတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပခဲ့ပါတယ်။ တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်မှာ ၂၀၁၄ ခုနှစ် မတ်လ ၄ ရက်နေ့ကျရင် အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တတိယအကြိမ် ထိပ်သီးအစည်းအဝေးမတိုင်မီ မတ်လ ၁ ရက်နေ့မှာ အကြိုညှိနှိုင်းအစည်းအဝေး၊ မတ်လ ၂ ရက်နေ့မှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနဲ့ မတ်လ ၃ ရက်နေ့မှာ ဝန်ကြီးအဆင့် အစည်းအဝေးတွေကို ကျင်းပသွားမှာဖြစ်ပါတယ်။

(ခ) **ဝန်ကြီးအဆင့်အစည်းအဝေးများ**

နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို နှစ်စဉ်အဖွဲ့ဝင်နိုင်ငံများမှာ အက္ခရာစဉ်အလိုက် အလှည့်ကျကျင်းပပါတယ်။ ဝန်ကြီးအဆင့် အစည်းအဝေး (၁၃)ကြိမ် ကျင်းပပြီး ဖြစ်ပါတယ်။

(၁၂)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့်အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်တွင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ (၁၃)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်မှာပဲ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါတယ်။

(ဂ) **အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ**

ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီမှာ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယဝန်ကြီးများအဆင့် တက်ရောက်လေ့ရှိတဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွေကို ကျင်းပလေ့ရှိပါတယ်။ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ အတွင်း ကျင်းပခဲ့တဲ့ ပဥ္စမအကြိမ်ဝန်ကြီးအဆင့် အစည်းအဝေးကစပြီး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်မှာ ကျင်းပခဲ့တဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို မြန်မာနိုင်ငံက လက်ခံကျင်းပပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခု မှားမကြာမီ လာမယ့် (၁၆)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကိုလည်း နေပြည်တော်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ဘင်းမ်စတက်အဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း အစီအစဉ်များ

၁၉၉၇ ခုနှစ် ဒီဇင်ဘာလအတွင်းက ဗန်ကောက်မြို့မှာ ကျင်းပခဲ့တဲ့ ဘင်းမ်စတက်ဝန်ကြီးအဆင့် အထူးအစည်းအဝေးမှာ အာရှနဲ့ပစိဖိတ်ဒေသ စီးပွားရေးနဲ့ လူမှုရေး ကော်မရှင် (ESCAP)က လေ့လာပြုစုတင်ပြခဲ့တဲ့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် အဆိုပြုစာတမ်းကို လေ့လာသုံးသပ်ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီစာတမ်းမှာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ ပို့ဆောင်ဆက်သွယ်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး စတဲ့ကဏ္ဍ ကိုးရပ်အောက်မှာ ပူးပေါင်းဆောင်ရွက်သွားဖို့ စီမံကိန်းအဆိုပြုချက် ၃၀ တိတိကို အကြံပြုတင်ပြခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အဖွဲ့ဝင်နိုင်ငံတွေစုပေါင်းပြီး ဘင်းမ်စတက်လေကြောင်းတစ်ရပ်ကို ပူးတွဲတည်ထောင်ဖို့ ဖြစ်နိုင်ချေအလားအလာ ရှိ၊ မရှိ လေ့လာသုံးသပ်ချက်စာတမ်းတစ်ရပ်ကိုလည်း အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ (ICAO)က သက်ဆိုင်ရာနိုင်ငံတွေကို သွားရောက်လေ့လာပြီး ပြုစုတင်ပြခဲ့ပါတယ်။ အဲဒီအစီရင်ခံစာကို ဝန်ကြီးအဆင့် အထူးအစည်းအဝေးမှာ စဉ်းစားဆွေးနွေးခဲ့ကြပါတယ်။ ဝန်ကြီးအဆင့် အထူးအစည်းအဝေးက ဘင်းမ်စတက်လေကြောင်း ပူးတွဲထူထောင်ရေးမှာ နည်းပညာပိုင်းနဲ့ စည်းမျဉ်း ဥပဒေပိုင်းဆိုင်ရာ အကန့်အသတ်တွေကြောင့် အကောင်အထည်ဖော်ရန် အချိန်အခါ မသင့်သေးကြောင်း၊ ဒါပေမယ့် အဖွဲ့ဝင်နိုင်ငံတွေရဲ့ အမျိုးသားလေကြောင်းများအချင်းချင်း အချိန်ဇယားများ ညှိနှိုင်းတာတို့၊ လေကြောင်းသင်္ကေတ မျှဝေအသုံးပြုတာတို့လို ပူးပေါင်းဆောင်ရွက်မှုတွေ တိုးချဲ့ဆောင်ရွက်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။

အက်စကက်ပ်က အဆိုပြုခဲ့တဲ့ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း ၃၀ ကို စဉ်းစားဆွေးနွေးခဲ့ကြရာမှာ လုပ်ငန်းသဘာဝချင်း တူညီတဲ့စီမံကိန်းတွေကို ပေါင်းစပ်၊ လတ်တလောအကောင်အထည်ဖော်ဖို့ မလိုအပ်သေးတဲ့ စီမံကိန်းတွေကိုဖယ်ရှားပြီး ဦးစားပေးအကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ဖို့ စီမံကိန်း ရှစ်ခုပါဝင်တဲ့ ဘင်းမ်စတက်အဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် (BIMST-EC Cooperative Work Programme) ကို ဝန်ကြီးအဆင့်အစည်းအဝေးက အတည်ပြုပေးခဲ့ပါတယ်။ အဲဒီစီမံကိန်း ရှစ်ခုကတော့-

(က) ဘင်းမ်စတက် စီးပွားရေးဖိုရမ်တည်ထောင်ဖို့၊
(ခ) ချည်မျှင်အထည်အလိပ်၊ ဆေးဝါး၊ ကျောက်မျက်ရတနာ၊ သစ်သီးဝလံပန်းမန်နှင့် သတင်းဖြန့်ချိရေးနည်းပညာစတဲ့ ကဏ္ဍငါးရပ်မှာ ကုန်သွယ်ရေးမြှင့်တင်ဖို့၊
(ဂ) အကောက်ခွန်မဟုတ်တဲ့ အတားအဆီးတွေ ဖယ်ရှားဖို့၊ ဈေးကွက်ရရှိဖို့နဲ့ ကုန်သွယ်မှုသက်သာခွင့်ပေးရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ဖို့၊
(ဃ) နည်းပညာလွှဲပြောင်းရေးနဲ့ နည်းပညာစွမ်းရည်တည်ဆောက်ဖို့၊
(င) ပို့ဆောင်၊ ဆက်သွယ်ရေးလမ်းကြောင်းတွေ ပိုမိုဖြည့်တင်းပေးဖို့၊
(စ) သဘာဝဓာတ်ငွေ့၊ ရောင်ခြည်၊ လေ၊ ရေနဲ့ဒီရေလှိုင်း စွမ်းအားတို့နဲ့ ပတ်သက်၍စွမ်းအင်ကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်ဖို့၊
(ဆ) ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ဖွဲ့စည်းဖို့နဲ့ ၁၉၉၈ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ တွေ့ဆုံနှီးနှောဖလှယ်ပွဲ ကျင်းပဖို့နဲ့
(ဇ) ရေလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ဖို့တို့ ဖြစ်ပါတယ်။

ဒါ့အပြင် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ(၁၄)ရပ်သတ်မှတ်ခဲ့ပြီး ကဏ္ဍရပ်အလိုက် ဦးဆောင်နိုင်ငံများအဖြစ် အောက်ပါအတိုင်း တာဝန်ခွဲဝေသတ်မှတ်ခဲ့ကြပါတယ်-

(၁)	ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ	- ဘင်္ဂလားဒေ့ရှ်နိုင်ငံ
(၂)	ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ	- အိန္ဒိယနိုင်ငံ
(၃)	ခရီးသွားလုပ်ငန်းကဏ္ဍ	- အိန္ဒိယနိုင်ငံ
(၄)	စွမ်းအင်ကဏ္ဍ	- မြန်မာနိုင်ငံ
(၅)	နည်းပညာကဏ္ဍ	- သီရိလင်္ကာနိုင်ငံ
(၆)	ရေလုပ်ငန်းကဏ္ဍ	- ထိုင်းနိုင်ငံ
(၇)	ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကဏ္ဍ	- နီပေါနိုင်ငံ
(၈)	စိုက်ပျိုးရေးကဏ္ဍ	- မြန်မာနိုင်ငံ
(၉)	ယဉ်ကျေးမှုကဏ္ဍ	- ဘူတန်နိုင်ငံ
(၁၀)	အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်နိုင်ငံဖြတ်ကျော်မှုခင်းများကဏ္ဍ	- အိန္ဒိယနိုင်ငံ
(၁၁)	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကဏ္ဍ	- အိန္ဒိယနိုင်ငံ
(၁၂)	ပြည်သူ့ကျန်းမာရေးကဏ္ဍ	- ထိုင်းနိုင်ငံ
(၁၃)	ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုကဏ္ဍ	- ထိုင်းနိုင်ငံ
(၁၄)	ရာသီဥတု ပြောင်းလဲမှုကဏ္ဍ	- ဘင်္ဂလားဒေ့ရှ်နိုင်ငံ

အက်စကက်ပ်က အဆိုပြုခဲ့တဲ့ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း ၃၀ကို စဉ်းစားဆွေးနွေးခဲ့ကြရာမှာ လုပ်ငန်းသဘာဝချင်းတူညီတဲ့ စီမံကိန်းတွေကိုပေါင်းစပ်၊ လတ်တလောအကောင်အထည်ဖော်ဖို့ မလိုအပ်သေးတဲ့ စီမံကိန်းတွေကိုဖယ်ရှားပြီး ဦးစားပေးအကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ဖို့ စီမံကိန်းရှစ်ခုပါဝင်တဲ့ ဘင်းမ်စတက်အဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း အစီအစဉ် (BIMST-EC Cooperative Work Programme) ကို ဝန်ကြီးအဆင့်အစည်းအဝေးက အတည်ပြုပေးခဲ့ပါတယ်။

ဘင်းမ်စတက်အဖွဲ့၏ ထူးခြားသောဆောင်ရွက်ချက်များ

ဘင်းမ်စတက်အဖွဲ့ရဲ့ထူးခြားတဲ့ ဆောင်ရွက်ချက်တွေကတော့-

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလမှာ ထိုင်းနိုင်ငံ ဖူးခက်မှာကျင်းပခဲ့တဲ့ ဆဋ္ဌမအကြိမ်ဝန်ကြီးအဆင့်အစည်းအဝေးနဲ့ ပဥ္စမအကြိမ်ကုန်သွယ်ရေး/စီးပွားရေးဝန်ကြီးအဆင့် အစည်းအဝေးကာလအတွင်း-

- ဘင်းမ်စတက် လွတ်လပ်သောကုန်သွယ်မှုဒေသထူထောင်ရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် (Framework Agreement on BIMST-EC Free Trade Area)ကို အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနှင့် အဖွဲ့ဝင်သစ်နှစ်နိုင်ငံဖြစ်တဲ့ ဘူတန်နဲ့နီပေါတို့မှ သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။
- ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့လည်း ၂၀၀၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ဘင်းမ်စတက် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်၊
- ၂၀၀၄-၂၀၀၅ ခုနှစ်ကို ဘင်းမ်စတက် ခရီးသွားလာရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်၊
- ဘင်းမ်စတက်ကုန်သည်ကြီးများအသင်း ထူထောင်နိုင်ခဲ့ပါတယ်၊
- ဖူးခက်ကျွန်းမှာ ပထမအကြိမ်ဘင်းမ်စတက်လူငယ်များ ဘောလုံးယှဉ်ပြိုင်ပွဲကျင်းပနိုင်ခဲ့ပါတယ်၊
- ဗန်ကောက်မြို့မှာ ဘင်းမ်စတက်လုပ်ငန်းတွေကို ပံ့ပိုးဆောင်ရွက်ပေးတာနဲ့ပတ်သက်ပြီး ဘင်းမ်စတက် ဗဟိုဌာနဖွဲ့စည်းထူထောင်နိုင်ခဲ့ပါတယ်၊
- မြန်မာနိုင်ငံ မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာမှာ ဇီဝဓာတ်ငွေ့အသုံးပြုရေးစီမံကိန်းကို တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါတင်မက ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးမှာ-

- ဘင်းမ်စတက်အဖွဲ့ကြီးရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို မူလသတ်မှတ်ထားတဲ့ ကဏ္ဍတွေမှာသာမက ယဉ်ကျေးမှု၊ ပညာရေး၊ လူထုကျန်းမာရေး၊ ဇီဝမျိုးကွဲနဲ့ မိရိုးဖလာအသိပညာတွေ ကာကွယ်စောင့်ရှောက်ဖို့၊ ကျေးလက်အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဆောက်လုပ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဇီဝနည်းပညာ၊ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ သုတေသနပြုလုပ်ရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးတို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ဖို့၊
- ဘင်းမ်စတက် ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအလားအလာများ အပြည့်အဝရရှိဖို့အတွက် လွတ်လပ်တဲ့ ကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများအချိန်မီပြီးစီးနိုင်ရေး အပါအဝင် လုပ်ဆောင်နိုင်တဲ့ လုပ်ငန်းများအားလုံးကို ဆောင်ရွက်သွားကြဖို့၊
- စွမ်းအင်ကဏ္ဍမှာ စွမ်းအင်ကို စဉ်ဆက်မပြတ်နဲ့ အထိရောက်ဆုံးအသုံးပြုနိုင်ရေးကို အားပေးဖို့အတွက် ရေနံနှင့်ရေအားလျှပ်စစ်စီမံကိန်းတွေ၊ လျှပ်စစ်နဲ့သဘာဝဓာတ်ငွေ့လိုင်းများ ဆက်သွယ်ရေး၊ လောင်စာသုံး စွမ်းအင်ထိန်းသိမ်းကာကွယ်ရေးနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာတွေ တိုးတက်ရေးတွေကို ဆောင်ရွက်ကြဖို့၊
- ခရီးသွားလာရေးကဏ္ဍမှာ အဖွဲ့ဝင်နိုင်ငံများရဲ့ သဘာဝ၊ ယဉ်ကျေးမှုနဲ့ သမိုင်းကြောင်းဆိုင်ရာ ဆွဲဆောင်နိုင်မှု အင်အားတွေကို အများဆုံး အကျိုးဖြစ်ထွန်းဖို့အတွက် ညှိနှိုင်းဆောင်ရွက်ဖို့၊
- စီးပွားရေးလုပ်ငန်းတွေအတွက် ခရီးသွားလာရေးလွယ်ကူချောမွေ့အောင် ဆောင်ရွက်ရန် သဘောတူညီကြပြီး ဘင်းမ်စတက်လုပ်ငန်းခရီးသွားလာရေးကတ်ပြား/ ဗီဇာများ စတင်အသုံးပြုဖို့၊ ခရီးသွားလာရေးကတ်ပြားအသုံးပြုရေးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူတွေရဲ့ အစည်းအဝေးတွေ ကျင်းပဖို့၊
- ဘင်းမ်စတက်အဖွဲ့နိုင်ငံတွေရဲ့ စီးပွားရေးအခွင့်အလမ်းတွေကို အပြည့်အဝအသုံးပြုနိုင်ဖို့အတွက် ပုဂ္ဂလိကကဏ္ဍအနေနဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်မှု အလားအလာတွေကို ရှာဖွေဖော်ထုတ်ဖို့ အားပေးတိုက်တွန်းကြပါတယ်။
- ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းတွေအားလုံးညှိနှိုင်းဆောင်ရွက်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးတွေကို တာဝန်ပေးအပ်ဖို့ စသည်ဖြင့် သဘောတူကြပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

ကရာတေးဒိုခါးစည်းအနက်များအသင်း (ရန်ကုန်)အတွက် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကရာတေးဒို ခါးစည်းအနက်များအသင်း(ရန်ကုန်) သုံးနှစ်မြောက် အထိမ်းအမှတ်ကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်း ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ ကရာတေးဒို ခါးစည်းအနက်များအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးနေဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကမ်ပိုပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရ အသင်းဝင် ကရာတေးဒိုအားကစားသမား ဇော်ထက်နိုင်ကို ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ ကရာတေးဒို ခါးစည်းအနက်များအသင်း(ရန်ကုန်)အတွက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသန့်ဇင်၊ ဦးဇော်မင်းနှင့် အလုပ်အမှုဆောင် ဒေါ်မြမြတို့က ငွေကျပ်ငါးသိန်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးနေဝင်းက လက်ခံခဲ့ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီနှင့် ပူးပေါင်း၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဖေဖော်ဝါရီ ၁၂ ရက်က မြို့မ(၆) ရပ်ကွက်အတွင်းရှိ မီးသတ်ရေကန် ၁၁ကန်ကို မီးဘေးလုံခြုံရေးအတွက် ရေများဖြည့်တင်းခြင်း၊ မီးသတ်ရေကန် ပတ်ဝန်းကျင် သန့်ရှင်းရေးများ ဆောင်ရွက်ကြစဉ်။

တင်ထွန်းတာ

ပြည်တွင်းသတင်း

ကချင်ပြည်နယ်ဝန်ကြီးချုပ် တနိုင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မော်တော်ယာဉ်များဖြင့် မြစ်ကြီးနားမြို့မှ ထွက်ခွာခဲ့ကြပြီး ရှေးဦးစွာ မော်ဖောင်းကျေးရွာ၌ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ရွှေဘို-မြစ်ကြီးနားလမ်း မြေအောက်ကေဘယ်လ်လိုင်းပိုက်ချခြင်းလုပ်ငန်းနှင့်လမ်းကျော်ပိုက်လိုင်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာသို့ ရောက်ရှိပြီး ဇေင်နှစ်ခြင်းဘုရားကျောင်း၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့်ဒေသခံပြည်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေးအတွက် ပြည်သူများ၏ လိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့မှ ဆောက်လုပ်ပေးထားသည့် ရေစစ်ကန် တည်ဆောက်ထားရှိမှု၊ ဘန်ကောက်ကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ရှဒူးဇုပ်ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ တိုးချဲ့စာသင်ဆောင်ဆောက်လုပ်နေမှုနှင့် တနိုင်းမြို့နယ် တိန်ကောက်ကျေးရွာ၌ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဆောက်လုပ်ပြီးစီးသော ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းစာကြည့်တိုက်များ ဆောက်လုပ်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် ကောင်ရာကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရေပြွန်ကိုးစင်း တည်ဆောက်နေမှုနှင့် ကောင်ရာ-နမ့်ဗျူကျေးရွာလမ်းနှင့် မြင်းမဒိုမြေသားလမ်း ပြုပြင်ဖောက်လုပ်နေမှု၊ နယ်စပ်ဒေသတိုင်းရင်းသားများ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ အောင်စိုးမိုးကျေးရွာနှင့် အောင်လွတ်ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တနိုင်းမြို့ မုန်ဒိန်ရပ်ကွက် မြို့မဘုန်းကြီးကျောင်းနှင့် သာယာရွှေပြည်ကျောင်းတို့မှ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တနိုင်းမြို့ မနောကွင်းကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးချုပ်သည် ဟူးကောင်းခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဝန်ကြီးချုပ်က ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပုန်ခုန်းရပ်ကွက်ရှိ ကက်သလစ်အသင်းတော်၊ ကင်းဆာရပ်ကွက် နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ အင်္ဂလီကန်အသင်းတော်မှ ဘုန်းတော်ကြီးများ၊ ဓမ္မဆရာများ၊ အသင်းသားအသင်းသူများနှင့် တွေ့ဆုံပြီး ဆန်၊ ဆီနှင့် ငွေများထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း ပြည်သူ့ ဆောက် လုပ်ရေး လုပ်ငန်းက ဆောက်လုပ်လျက်ရှိသော တနိုင်း-မိုင်းခွန် လမ်း၌ တံတား တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တနိုင်းမြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသော လူနာများကို အားပေးစကားပြောကြားပြီး ဆေးရုံအတွင်း စစ်ဆေးပြီး ဆေးရုံတိုးချဲ့ဆောက်လုပ်ရေး မှာကြားကာ ဟူးကောင်းရပ်ကွက်၊ ကောင်ရာရပ်ကွက်တို့ရှိ အခြေခံပညာမူလတန်းကျောင်းများ၏ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော တနိုင်း-မိုင်းခွန်လမ်း တံတားအမှတ်(၆/၃)တည်ဆောက်နေမှုနှင့် တံတားချဉ်းကပ်လမ်းများ ဖောက်လုပ်နေမှုကိုလည်းကောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မြို့ရှောင်သဲကျောက်လမ်း ဖောက်လုပ်နေမှု၊ အခြေခံပညာအထက်တန်းကျောင်း၌ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကိုလည်းကောင်း၊ ဆင်ဆာ့ရပ်ကွက် တနိုင်းချောင်းရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်းကို ကြည့်ရှုစစ်ဆေးပြီး ရေတိုက်စားမှုဆက်လက်မဖြစ်စေရန် မြစ်ကမ်းပါးတစ်လျှောက် မြေထိန်းနံရံ တည်ဆောက်ပေးရန် မှာကြားခဲ့သည်။

ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ဝန်ကြီးချုပ်သည် ဘန်ကောက်ကျေးရွာတွင် ယုဇနကုမ္ပဏီမှ သဲကျောက်လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး နေ့လယ်ပိုင်းတွင် ဒွန်ဘန်ကျေးရွာရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းရှိ အိပ်ဆောင်၊ ထမင်းစားဆောင်နှင့်သောက်သုံးရေ၊ ချိုးရေ ဆောင်ရွက်ထားရှိမှုတို့ကို စစ်ဆေးကာ မီးရရှိရေးအတွက် ဆိုလာပြားများ ထောက်ပံ့ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

(၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့(ရန်ကုန်)အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့ (ရန်ကုန်)အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်နှင့် (၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့ (ရန်ကုန်) ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်တို့က အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံတော်၊ မွန်အမျိုးသားအလံတော်နှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ဖတ်ကြား

ဆက်လက်၍ အခမ်းအနားသဘာပတိအဖွဲ့ဝင် ဒေါက်တာမင်းတင်မွန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်း၏ (၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့ သဝဏ်လွှာကို မွန်ပြည်နယ်မဲဆန္ဒနယ်(၇)ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီဥက္ကဋ္ဌ၊ တရုတ်-မြန်မာပါလီမန်ချင်းဆက်ဆံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဗညားအောင်မိုးက ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျင်းပရေးကော်မတီ၏ မွန်အမျိုးသမီးများထံ ပန်ကြားမည့် ပန်ကြားလွှာကို ဒုတိယဥက္ကဋ္ဌ မိကွန်ချစ်ချစ်ကလည်းကောင်း၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကိုကျင်းပရေးကော်မတီဘဏ္ဍာရေးမှူး မိနီလာခင်ကလည်းကောင်း ဖတ်ကြားကြပြီး ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ မင်းကိုနိုင်က မွန်အမျိုးသားနေ့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မွန်ရိုးရာတေးသီချင်းများ၊ ယိမ်းအကများ၊ နိုင်ငံကိုချစ်စိတ်နှင့် တိုင်းတစ်ပါးရန်မှ ကာကွယ်ပေးခဲ့သော မွန်သူရဲကောင်းသမိန်ဗရမ်းက တရုတ်စစ်သူကြီး ဂါမဏိကို စီးချင်းထိုးအနိုင်ယူခဲ့ပုံ တစ်ခန်းရပ်ပြဇာတ်၊ မွန်ရိုးရာစာပေများ၊ ပန်းချီများနှင့် မွန်ရိုးရာဝတ်စုံများ စသည့်ဈေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများ၊ မွန်ရိုးရာအစားအစာများ၊ စတုဒိသာ အကျွေးအမွေးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။ **(သတင်းစဉ်)**

လယ်သမားများ ယုံကြည်အပ်နှံထားသည့်ဆန်စပါးများနှင့်ဆန်ထွက်ပစ္စည်း ကျပ်သိန်း ၃၀ ဖိုးခန့် အလွဲသုံးစားပြုလုပ်သည့်ဆန်စက်ပိုင်ရှင်အရေးယူ

တောင်ငူ ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ညောင်ခြေထောက်ဒေသရှိ တောင်သူခြောက်ဦးတို့က ၄င်းတို့ပိုင်စပါး ၃၆၇ အိတ်၊ ဆန် ၄၃ အိတ်၊ ဆန်ကွဲ ငါးအိတ်နှင့်ဖွဲနုရှစ်အိတ် စုစုပေါင်း တန်ဖိုး ငွေကျပ် ၂၉၅၀၅၀၀ ကို ယုံကြည်အပ်နှံထားရာမှ အလွဲသုံးစားပြုလုပ်ခဲ့သည့် ညောင်ခြေထောက်မြို့ (၁) ရပ်ကွက်၊ ပြည်သူ့မေတ္တာဆန်စက်ပိုင်ရှင် ဦးကိုကိုကြီး (၆၇နှစ်) ကို အရေးယူပေးပါရန် တိုင်ကြားသဖြင့် ညောင်ခြေထောက်နယ်မြေရဲစခန်းမှ ဆန်စက်ပိုင်ရှင် ဦးကိုကိုကြီးအား ဖေဖော်ဝါရီ ၁၃ ရက်က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုတ်တွင်းမြို့နယ် ညောင်ခြေထောက်နယ်မြေ အုတ်ရေတွင်းခင်ကျေးရွာမှ လယ်လုပ်သူများဖြစ်ကြသော မသီတာဦး(၃၉ နှစ်) ၊ ကိုမြင့်ဌေး (၄၃နှစ်)၊ ဦးမောင်အေး (၄၆နှစ်)၊ ကျွန်းတောကုန်းကျေးရွာနေ နန်းကူးမား (၃၆နှစ်)၊ ဦးကျော်မြင့်(၅၁ နှစ်)နှင့်ဆဒေးကူးမား (၄၀နှစ်) တို့ ခြောက်ဦးသည် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ၄င်းတို့ပိုင် ဆန်စပါးနှင့်ဆန်ထွက်ပစ္စည်းများကို ယုံကြည်အပ်နှံထားခဲ့ရာမှ ပြန်လည်ပေးအပ်ခြင်းမပြုဘဲ အလွဲသုံးစားရောင်းချခဲ့သည့်အတွက် အမှုဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

ပျဉ်းမနားရဲတပ်ဖွဲ့စခန်း(အချုပ်)မှ အချုပ်သားတစ်ဦးမီးရှို့၍ မီးလောင်မှုဖြစ် မြို့နေဒေသခံများ အုတ်အော်သောင်းတင်းထိတ်လန့်မှုဖြစ်ပွား

ပျဉ်းမနား ဖေဖော်ဝါရီ ၁၅

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားရဲတပ်ဖွဲ့စခန်းရှိ (အချုပ်)တွင် အချုပ်သားတစ်ဦးက အချုပ်ခန်းသံတံခါးသော့ကို အဝတ်အထည်၊ ခြုံစောင်၊ ဂျာနယ်စက္ကူများကို အသုံးပြု၍ မီးရှို့မှုတစ်ခု ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲခန့်က ပျဉ်းမနားရဲတပ်ဖွဲ့စခန်းရှိ (အချုပ်)ခန်းအမှတ်(၇) တွင် ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် တရားစွဲဆိုခံရ၍ တရားရင်ဆိုင်နေရသော မောင်မောင်နိုင်သည် ၄င်း၏ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ ခြုံစောင်၊ ဂျာနယ်စက္ကူများကို အချုပ်ခန်းတံခါးရှိ သော့ခလောက်ကို ရစ်ပတ်၍မီးရှို့ခြင်းဖြစ်ပြီး အချုပ်ခန်းအမှတ်(၇) မှတစ်ဆင့် အခန်း ၄၊ ၅၊ ၈ စုစုပေါင်း အခန်းလေးခန်းကူးစက်လောင်ကျွမ်းခဲ့ပြီး အချုပ်တာဝန်ခံမှတစ်ဆင့် သက်ဆိုင်ရာ မီးသတ်စခန်းနှင့်ဒေသဆိုင်ရာများသို့ ဆက်သွယ်အကြောင်းကြားချက်အရ နေပြည်တော် ကောင်စီဝင်ဦးမျိုးညွန့်၊ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်အောင်၊ နေပြည်တော် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းချွန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ ရောက်ရှိပြီး နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပျဉ်းမနားမီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး စုစုပေါင်း မီးသတ်ယာဉ်ငါးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် "ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေဟာ မီးလောင်မှုသတင်းရလျှင်ရချင်း သက်ဆိုင်ရာကို အကြောင်းကြားပါတယ်။ နှုတ်ကတားမြစ်တယ်။ သို့သော် သူတို့တွေဟာ တားဆီးလို့မရတော့ ဂရင်နာပြောင်းချောသေနတ် ဗလာကျည်နဲ့ ၁၈ ချက်ခန့် ပစ်ဖောက်ပြီးတားမှ သူတို့ရဲ့လုပ်ရပ်တွေရပ်တန့်က ရပ်ကြပါတယ်" ဟု ရဲတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ရှင်းပြသည်။ နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် အခင်းဖြစ်ပွားရာ အချုပ်ဝင်းမှ ပြင်ပရှိလမ်းမသို့ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်ထွက်လာစဉ် နေပြည်တော်အခြေစိုက် သတင်းမီဒီယာသမားသတင်းထောက် ၂၀ ခန့်က မေးမြန်းရာ "ကျွန်တော့်အနေနဲ့ ဒီကိစ္စဖြစ်ပေါ်လျှင်ဖြစ်ပေါ်ချင်း ရဲတပ်ဖွဲ့အင်အားနဲ့အမြန်ဆုံး ထိန်းသိမ်းတားမြစ်ပါတယ်။ ယခုတော့ အေးအေးဆေးဆေးဖြစ်သွားပါပြီ၊ ယခုကိစ္စမှာ ကျူးလွန်တဲ့သူတွေကို ထပ်မံ၍ တရားဥပဒေအရ အရေးယူသွားမှာပါ" ဟု ပြောပြခဲ့သည်။

ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းမြင့် သတင်း မီဒီယာသမားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

အချုပ်ခန်းအတွင်း အချုပ်သားများမီးရှို့ခြင်းအပြင် ကာရံထားသော အုတ်နံရံများကို တွန်းကန်ဖျက်ဆီးမှုကြောင့် အချုပ်ခန်းတွင် ကာရံထားသော အုတ်နံရံများပျက်စီးကာ မီးငြိမ်းသတ်သော မီးသတ်သမားများကို အချုပ်သားများက အုတ်ခဲကျိုးများဖြင့် ပစ်ပေါက်သောကြောင့် မီးသတ်သမားတချို့ဒဏ်ရာရရှိခဲ့ကြောင်းနှင့်ပျဉ်းမနားအချုပ်တွင် အချုပ်သား အမျိုးသား ၂၃၆ ဦးနှင့် အချုပ်သား အမျိုးသမီး ၄၆ ဦး စုစုပေါင်း ၂၈၂ ဦးရှိပြီး ဤကဲ့သို့ အချုပ်တွင် မီးလောင်မှုကြောင့် အချုပ်နှင့် အနီးတစ်ဝိုက်တွင် နေထိုင်ကြသော ဒေသခံများနှင့်မြို့ပေါ်မှ ဒေသခံများ အုတ်အော်သောင်းတင်းထိတ်လန့်မှုများ ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် Don Chan Palace Hotel ဧည့်ခန်းမ၌ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Major-General Suvone Leoungbounmy က လာရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ ဗိုလ်ချုပ် မြထွန်းဦး၊ စစ်ဦးစီး အရာရှိချုပ် (ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီး အရာရှိချုပ် (လေ) ဗိုလ်ချုပ်လွင်ဦးနှင့်တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ရုံးအဖွဲ့အကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဗိုလ်ချုပ်မှူးကြီးက မိမိလာအိုနိုင်ငံသို့လာရောက်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်ရည်ရွယ်၍လာရောက်ခြင်း ဖြစ်ပါကြောင်း၊ လာအိုနှင့်မြန်မာသည် နယ်နိမိတ်ထိစပ်နေသောကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းမှုသည်လည်း ဆက်စပ်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာအိုနိုင်ငံ၏ အကျိုးစီးပွားထိခိုက်မှုမှန်သမျှကို လက်မခံသလို မြန်မာ့အကျိုးထိခိုက်မည့်ကိစ္စရပ်များကိုလည်း လာအိုနိုင်ငံက လက်ခံလိမ့်မည်မဟုတ်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံတပ်မတော် ယခုထက်ပိုမိုရင်းနှီးစေရန်အတွက် နှစ်နိုင်ငံတပ်မတော်ခေါင်းဆောင်များ အဆင့်လိုက်အပြန်အလှန် လည်ပတ်ရေးနှင့် အားကစားအဖွဲ့များလာရောက်၍ ချစ်ကြည်ရေးပြိုင်ပွဲများကျင်းပနိုင်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအို ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်Major-General Suvone Leoungbounmy နှင့် တွေ့ဆုံ ဆွေးနွေးစဉ်။ (မြဝတီ)

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် Major-General Suvone Leoungbounmy အား အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

နံနက် ၁၀ နာရီခွဲတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ ထပ်လွမ်ဘုရားသို့ သွားရောက်ဖူးမြော် ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဆောင်မီနန်း လာအိုရိုးရာ လက်မှုချည်ထည်ပိုးထည် လုပ်ငန်းသို့ သွားရောက်လေ့လာကြပြီး မယ်တော်ဘုရားအား သွားရောက်ဖူးမြော် ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ခိုင်ဆုန်ဖူဗီဟန် လာအို အမျိုးသား ကာကွယ်ရေး တက္ကသိုလ်သို့ရောက်ရှိရာ ဧည့်ခန်းမ၌တာဝန်ရှိသူများက တက္ကသိုလ်သမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ခိုင်ဆုန်ဖူဗီဟန် လာအိုအမျိုးသားကာကွယ်ရေး တက္ကသိုလ်ကျောင်းအုပ်ကြီး Brigadier-General Thongloi SILIVONG တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် ပေးအပ်ကြပြီး စာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့နှင့် ခိုင်ဆုန်ဖူဗီဟန် လာအိုအမျိုးသား ကာကွယ်ရေး တက္ကသိုလ်ကျောင်းအုပ်ကြီးဦးဆောင်သော အဖွဲ့တို့သည် တက္ကသိုလ်ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မင်းကင်းမြို့နယ်ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၃ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တောင်တွင်းဒေသ ဝင်ဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မင်းကင်းမြို့နယ်ရှိ ဒေသခံပြည်သူများ၏ လိုအပ်ချက်များ၊ ကျေးရွာများ၏ ကျန်းမာရေး ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးသာမက နိုင်ငံတော်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အတူတကွပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် ပြောကြားပြီး မုံရွာ-ယာကြီး-ကျော်ရွာ-မင်းကင်းလမ်းဖောက်လုပ်ခြင်းအတွက် ငွေကျပ်သိန်း ၃၀၀၊ ဝင်ဝကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ ဆိပ်သာ၊ ကျောက်မှော်၊ ဝင်ဝကျေးရွာများ အတွက် Sky Net ရုပ်/သံ ဖမ်းစက်တစ်လုံးစီနှင့် ဘုရားဆင်းတုတော်များ၊ အလှူရှင် ဦးဌေးလွင်မိသားစုက ဝင်ဝကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်းနှင့် အိုဗာတင်းတစ်ဖာတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မယ်မဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျောင်းသား လူငယ်များအနေဖြင့် ပညာရေးကို ရည်မှန်းချက်ထားပြီး ကြိုးစားမှအနာဂတ်အတွက် အားထားရသောသူများဖြစ်လာကာ မိဘနှင့် ကျောင်းအကျိုးတော်ဆောင်များက ဝိုင်းဝန်းအားပေးကြရန်လိုကြောင်း၊ ကျေးရွာများ၏ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများတွင် ကူညီကြရန်မှာကြားပြီး ကျေးရွာဆေးပေးခန်း တည်ဆောက်ရေးအတွက် ငွေကျပ်ငါးသိန်း၊ မယ်မဲ၊ ကျော်ရွာ၊ ပျားသုန်း၊ အနောက်ကိုင်းရွာများအတွက် Sky Net ရုပ်/သံဖမ်းစက်နှင့် ဘုရားဆင်းတုတော်များ၊ အလှူရှင်မိသားစုက ဆေးခန်းတည်ဆောက်ရန် ငွေကျပ်သိန်း ၅၀ နှင့် အိုဗာတင်းတစ်ဖာတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မယ်မဲကျေးလက်ဆေးပေးခန်း တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကြာပင်ကျေးရွာ၌ ကြိုးတံတားတည်ဆောက်နေသည့်နေရာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်အတူ တံတားမြေဖို့ခြင်း လုပ်ငန်းတွင် အားပေးကူညီကာ တံတားတည်ဆောက်ရေးအတွက် ငွေကျပ် ၁၀ သိန်း၊ ဂုံညင်း၊ တောင်စာရေး၊ ယင်းမာ၊ ကြာပင်ကျေးရွာများအတွက် Sky Net ရုပ်/သံ ဖမ်းစက်တစ်လုံးစီနှင့် ဘုရားဆင်းတုတော်များ၊ အလှူရှင်မိသားစုက ငွေကျပ် ငါးသိန်းနှင့် ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါက်တာ ဒေါ်ခင်မြဝင်းက ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် ဝတ်စုံများပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကြာပင်ကျေးရွာဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ပိက္ခရားကျေးရွာ၊ မြို့မရွာနှင့် ကပျစ်ကျေးရွာတို့၌ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရသည် ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေး တစ်ပြေးညီ တိုးတက်အောင် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ကျေးရွာအတွက် အခြေခံပညာ အလယ်တန်းကျောင်းခွဲ ပြုပြင်ရန် ငွေကျပ်နှစ်သိန်း၊ ချောင်းရေတိုက်စားမှု ပြုပြင်ရန် ငွေကျပ် နှစ်သိန်း၊ အင်းပြုပြင်ရန် ငွေကျပ် သုံးသိန်း၊ မင်းဘူးကျေးရွာနှင့် ပိက္ခရားကျေးရွာများအတွက် Sky Net ရုပ်/သံဖမ်းစက် တစ်လုံးစီနှင့် ဘုရားဆင်းတုတော်များ၊ မြို့မကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပြုပြင်ရန်အတွက် ငွေကျပ် သုံးသိန်း၊ မအူ၊ ဝရဲ၊ မြေနီနှင့် တိမ်းကျေးရွာများအတွက် Sky Net ရုပ်/သံဖမ်းစက်တစ်လုံးစီနှင့် ဘုရားဆင်းတုတော်များ၊ ကပျစ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ပြုပြုရန် ငွေကျပ် နှစ်သိန်း၊ ကပျစ်၊ မုံဒင်း၊ ဥယျာဉ်ရှမ်းတောင်ကျေးရွာများအတွက် Sky Net ရုပ်/သံဖမ်းစက်တစ်လုံးစီနှင့် ဘုရားဆင်းတုတော်များကိုလည်းကောင်း၊ အလှူရှင်မိသားစုက ကျောင်းဆောက်လုပ်ရန် ငွေကျပ်နှစ်သိန်းနှင့် ကပျစ်မူလတန်းကျောင်း ပြုပြင်ရန် ငွေကျပ် နှစ်သိန်းတို့ကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တရားရုံး၊ ခရိုင်တရားသူကြီးရုံးသို့ ၁၄- ၂-၂၀၁၄ ရက်တွင် တရားစွဲ တင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှတ်၊ ၄/၂၀၁၄ ဖြင့်အမှုကို လက်ခံစစ်ဆေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၀(၁) ဖြင့် လွှတ်ထားရှိသော ပေါက်မြို့နေမလွင်လွင်မြင့် (၃၈ နှစ်) ကို အမှုဖြင့် စစ်ဆေးရာတွင် တရားစွဲတင်ပို့ နိုင်လောက်သော သက်သေအထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိရသဖြင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၉ အရ ခံဝန်ဖြင့်လွှတ်ခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

များကိုလည်းကောင်း၊ ဤသို့ ထည့်ဝင်ကြေးငွေ ပေးသွင်းခြင်းဖြင့်ရရှိလာမည့် မမာမကျန်းမှု အကျိုးခံစားခွင့်၊ မီးဖွားမှု အကျိုးခံစားခွင့်၊ နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အစရှိသည်တို့ကိုလည်းကောင်း၊ အာမခံအလုပ်သမားများအတွက် ခိုင်မာသော အထောက်အထားအဖြစ် လူမှုဖူလုံရေးအာမခံ စိစစ်ရေးကတ်ပြားများ ထုတ်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မင်္ဂလာဒုံစက်မှုဇုန်ရှိ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်းနှင့် အနာဂတ်ကာလတွင် အာမခံအလုပ်သမားများအနေဖြင့် လူမှုဖူလုံရေးဆေးခန်းများ၊ အလုပ်သမားဆေးရုံကြီးများတွင်သာမက အခြားသောလက်လှမ်းမီရာ ပြည်သူ့ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများတွင်ပါ အလွယ်တကူ ဆေးကုသမှု ခံယူနိုင်စေရေးအတွက် စာချုပ်ဆေးရုံ၊ ဆေးခန်းစနစ်ကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည့်အပြင် အလုပ်သမားများ လုပ်ငန်းခွင်မပျက် ဆေးကုသမှု ခံယူနိုင်စေရန် ယခုကဲ့သို့ ရွေ့လျားဆေးကုသယာဉ်စနစ်ဖြင့် ဆေးကုသမှုနှင့် ကျန်းမာရေးစစ်ဆေးမှုများ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးနှင့်အဖွဲ့အား လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့်ဇနီးက ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းတွင် Don Chan Palace Hotel ရှိ Convention Hall-B ၌ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant-General Douangchay PHICHITH နှင့်ဇနီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့သည် နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လာအိုပြည်သူ့တပ်မတော်၊ အနုပညာဖျော်ဖြေရေးတေးဂီတအဖွဲ့မှ လာအိုရိုးရာအကများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာစားပွဲ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant-General Douangchay PHICHITH နှင့်ဇနီးတို့သည် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုအမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ လာအိုပြည်သူ့တပ်မတော်၊ အနုပညာဖျော်ဖြေရေးတေးဂီတအဖွဲ့မှ လာအိုရိုးရာအကများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (မြဝတီ)

အမေရိကန်-မြန်မာပူးပေါင်း၍ရွှေနန်းတော်ကျောင်းကြီး ပြုပြင်ထိန်းသိမ်းရေးစီမံကိန်းဖွင့်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့ ရှေးဟောင်းယဉ်ကျေးမှု သစ်သားကျောင်းတော်ကြီးဖြစ်သည့် ရွှေနန်းတော်ကျောင်း (ရွှေကျောင်း)အား အမေရိကန်နိုင်ငံနှင့်မြန်မာနိုင်ငံတို့ ယဉ်ကျေးမှုအဆောက်အအုံများ ထိန်းသိမ်းခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ပြုပြင်ထိန်းသိမ်းခြင်း စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၃ နာရီက အဆိုပါရွှေကျောင်း၌ ကျင်းပသည်။

အဆိုပါစီမံကိန်းတွင် အမေရိကန်သံအမတ်ကြီးများ ရန်ပုံငွေမှ စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာငါးသိန်းဖြင့် ရွှေကျောင်း၏မီးဘေးလုံခြုံရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ မှတ်တမ်းအချက်အလက်များ ပြုစုရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ နှစ်နှစ်ကျော်ကြာမြင့်မည်ဖြစ်ကြောင်း ကမ္ဘာ့ယဉ်ကျေးမှု အဆောက်အအုံများ ရန်ပုံငွေအဖွဲ့မှ အစီအစဉ်ဒါရိုက်တာ Mr.Jeff Allen က ရှင်းလင်းပြောကြားသည်။

"ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပြီးသွားရင် နောက်ထပ် ထိန်းသိမ်းတဲ့နည်းစနစ်ကို ချန်ထားခဲ့နိုင်ရန်အတွက် လေ့ကျင့်ပေးမယ့် သင်တန်းများကိုလည်း စီစဉ်ပေးသွားမှာပါ" ဟု ၎င်းကပြောသည်။

ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းသည် အမေရိကန်- မြန်မာ နှစ်နိုင်ငံပထမဆုံး ပူးပေါင်းလုပ်ဆောင်သော လုပ်ငန်းဖြစ်ပြီး နှစ်နိုင်ငံကြား သံခင်းတမန်ခင်းအတွက် အရေးကြီးမှတ်တိုင်တစ်ခုဖြစ်ကာ ပညာရှင်များပူးပေါင်းဆောင်ရွက်မှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန် ရည်ရွယ်ချက်ရှိကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ ရွှေနန်းတော်ကျောင်းကြီးအား နှစ်နိုင်ငံပူးပေါင်း၍ ပြုပြင်ခွင့်ရသည့်အတွက် အမေရိကန်-မြန်မာ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုကြီးမားရင့်သန်စေခဲ့ပြီး ယဉ်ကျေးမှုဆိုသည်မှာ မျှဝေခံစားနားလည်ဖို့ဖြစ်သည်ဟု အမေရိကန်နိုင်ငံသံရုံး မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီး Mr.Derek Mitchell က ဆိုသည်။

"ရွှေနန်းတော်ကျောင်းကြီးဟာ မြန်မာနိုင်ငံရဲ့ အလှပဆုံးနဲ့ လာရောက်လည်ပတ်မှုအများဆုံး ကျောင်းတော်ကြီးဖြစ်ပါတယ်။ ယခုစီမံကိန်းမှာ ပြည်သူများပါ ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်" ဟု ၎င်းကပြောသည်။

စီမံကိန်းတွင်ပါဝင်သည့် ဦးဝင်းမောင်(တမ္ပဝတီ)ကလည်း "ယခင်ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေကို ရှေးဟောင်းသုတေသနက ဝန်ထမ်းတွေနဲ့ ပြည်တွင်းဗိသုကာပညာရှင်များကသာ လုပ်ဆောင်ခဲ့ပြီး အခုအချိန်မှာတော့ ပြည်ပပညာရှင်များကပါ သုံးဦးသုံးဖလှယ်ပူးပေါင်းပါဝင်ပြီး လုပ်ဆောင်တဲ့အတွက် ပထမဆုံး ကမ္ဘာ့အဆင့်မီ ထိန်းသိမ်းမှုလုပ်ငန်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါလုပ်ငန်းတွင် ကမ္ဘာ့ယဉ်ကျေးမှု အဆောက်အအုံများ ရန်ပုံငွေအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ မန္တလေးဒေသခံ မြန်မာမှုပညာရှင်များနှင့် အခြားစိတ်ပါဝင်စားသူများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်ပြီး သမိုင်းတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုး မြင့်မားလှသည့် ရွှေကျောင်းတော်ကြီး ပိုမိုခိုင်ခံ့တည်တံ့စေရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာမှု၊ မြန်မာ့ဟန်များ မပျောက်ပျက်စေရေး၊ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ယဉ်ကျေးမှုအဆောက်အအုံများ ထိန်းသိမ်းခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် မန္တလေးမြို့ ရွှေနန်းတော်ကျောင်း (ရွှေကျောင်း)ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မြန်မာ-လာအို နှစ်နိုင်ငံသည် ရှည်လျားသောဆက်ဆံရေးသမိုင်းကြောင်းရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း အယူအဆအမျိုးမျိုးကြောင့် စိတ်ဝမ်းကွဲခဲ့ပြီး ပဋိပက္ခမျိုးစုံပေါ်ပေါက်ခဲ့ကာ ၎င်းပဋိပက္ခများငြိမ်းချမ်းအောင် အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့ကြပါကြောင်း၊ နိုင်ငံတစ်ခုသည် မည်သည့်စနစ်ပဲကျင့်သုံးသည်ဖြစ်စေ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပါမှ ၎င်းနိုင်ငံ တိုးတက်မှုရှိမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတွင်လည်း လက်ရှိအစိုးရနှင့် တပ်မတော်သည် ယခုထက်ပို၍ တိုင်းပြည်ငြိမ်းချမ်းရေးရရှိအောင် အစွမ်းကုန်ကြိုးပမ်းတည်ဆောက်နေပြီး မကြာခင်ကာလတွင် မိမိတို့နိုင်ငံသည် အမှန်တကယ် ငြိမ်းချမ်းသွားမည်ဖြစ်ပါကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းပြည်၏အခြေအနေနှင့်ကိုက်ညီသော ဒီမိုကရေစီစနစ်ကို သွားနေပြီဖြစ်ကြောင်း၊ မိမိတို့အခိုင်အမာပြောကြားလိုသည်မှာ လက်ရှိနိုင်ငံရေးအခြေအနေထက် ပိုမိုကောင်းမွန်အောင် ရှေ့သို့သာ ချီတက်လျှောက်လှမ်းမည်ဖြစ်ပြီး လက်ရှိအခြေအနေမှ နောက်ကြောင်းပြန်လှည့်မည်မဟုတ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို အာဆီယံအသိုက်အဝန်းက အသိအမှတ်ပြု ထောက်ခံသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိ လာအိုနိုင်ငံသို့ လာရောက်ခြင်းသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ကောင်းမွန်စေရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးနှင့်လည်း နှစ်နိုင်ငံ တပ်မတော်အချင်းချင်း အပြန်အလှန် ရင်းနှီးစွာ လည်ပတ်ရေး၊ အားကစား၊ ယဉ်ကျေးမှုဆိုင်ရာများနှင့် ဘာသာရပ်ဆိုင်ရာသင်တန်းများ အပြန်အလှန် တက်ရောက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ လာအိုနိုင်ငံသည် မိမိတို့နိုင်ငံနှင့် အရင်းနှီးဆုံး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားသောချစ်ကြည်ရင်းနှီးမှုကို မိမိတို့မျိုးဆက်သစ်များအနေနှင့် ပိုမိုခိုင်မြဲအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လာအိုသမ္မတကြီးက မြန်မာ့တပ်မတော်၏ ခံယူချက်ယုံကြည်ချက်ကို ရှင်းလင်းစွာ ပြောကြားခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့လာအိုနိုင်ငံသည်လည်း ၁၉၇၅ ခုနှစ် လွတ်လပ်ရေးရရှိပြီးကတည်းက နိုင်ငံတည်ငြိမ်မှုရှိအောင် အစွမ်းကုန်ကြိုးပမ်းခဲ့ပါကြောင်း၊ မိမိတို့သည် အခက်အခဲ အမျိုးမျိုးကြားမှ လာအိုနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ယခုထက်ပိုမိုကောင်းမွန်အောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတား ပြီးစီးသွားပါက နှစ်နိုင်ငံကုန်သွယ်မှု၊ ဆက်ဆံမှု ယခုထက် ပိုမိုလာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဒုတိယဝန်ကြီး ဦးပိုက်ထွေး The New Light of Myanmar သတင်းစာတိုက်နှင့် ပုံနှိပ်စက်ရုံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁၅၀) ငါးထပ်ကြီးဘုရားလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာနိုင်ငံသားများပိုင် Global Direct Link ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် The New Light of Myanmar သတင်းစာတိုက် အဆောက်အအုံ တည်ဆောက်နေမှုကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၃ ခုနှစ်အတွင်း Global New Light of Myanmar ကုမ္ပဏီလီမိတက်အမည်ဖြင့် မှတ်ပုံတင်ခွင့်ရရှိထားပြီး အဆောက်အအုံစတင်တည်ဆောက်မှုကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် စတင်ခဲ့သည်။ ယခုအခါ အဆောက်အအုံဆောက်လုပ်မှု ၇၀ ရာခိုင်နှုန်း၊ Mitsubishi Lithopia 4 Hi Tower 3 Unit Offset အမျိုးအစား ပုံနှိပ်စက်နှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်မှု ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုသိုလစ်သိုပုံနှိပ်စက်ရုံ၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် မူလတန်းကျောင်းသုံးဖတ်စာအုပ်များ ထုတ်ဝေဖြန့်ချိရန် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ် အောင်ဆန်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဂျီတီစီစာပေနှင့် အောင်ဆန်းပုံနှိပ်စက်ရုံ၌ မူလတန်းကျောင်းသုံးစာအုပ်များ ရိုက်နှိပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံမှတာဝန်ရှိသူများအားတွေ့ဆုံပြီး ပညာရေးဝန်ကြီးဌာနမှ လုပ်ငန်းအပ်နှံထားသော ကျောင်းသုံးဗလာစာအုပ်များအား အရည်အသွေးပြည့်မီကောင်းမွန်စွာ ရိုက်နှိပ်ရေး၊ အလေအလွင့်နည်းပါးရေး၊ ထုတ်လုပ်မှုများကို သတ်မှတ်ချိန်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ မီးဘေးလုံခြုံမှု ကြိုတင်ကာကွယ်ထားရှိရေး၊ ဝန်ထမ်းများ၏အခက်အခဲများကို တာဝန်ရှိသူများက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးရေးနှင့် ဌာနတွင်းစည်းလုံးညီညွတ်မှုရှိရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးပိုက်ထွေး The New Light of Myanmar သတင်းစာတိုက် အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောင်းပါး

သဒ္ဒါကြည်လင်နှင့် 'ပါရမီရှင်'

မောင်ခင်မင်(ဓနုဖြူ)

"ဩော် သမီးပါလား လာလာ၊ သမီးနဲ့ စကားမပြောရတာတောင် တော်တော်ကြာသွားပြီနော်"

"ဘဘ နေမကောင်းတုန်းက သမီးရောက်ပါတယ်။ ဘဘကို အားနာလို့ စကားလာမပြောတာပါ"

"အေးကွယ်. . ဘဘလည်း နေမကောင်းတာနဲ့ တစ်လလောက် စာမရေးဘဲ နားနားနေနေ နေလိုက်ရတယ်။ ခုတော့ တော်တော်သက်သာနေပါပြီ"

"ဝမ်းသာပါတယ် ဘဘရယ်"

"ကဲ. . . မေးစရာရှိရင် မေးပါဦး၊ သမီးမေးတာကို မဖြေရတာကြာပြီ"

"ဟို တစ်နေ့က သမီးအခန်းထဲမှာ စာဖတ်နေတုန်း သံယာ့ဒါန ဆွမ်းလောင်းအသင်းတစ်သင်းက ကားနဲ့လှည့်ပြီး အလှူခံတာ ကြေညာတဲ့ အသံကြားလိုက်ရပါတယ်။ 'သဒ္ဒါကြည်လင် ပါရမီ့ရှင် အပေါင်းတို့ ခင်ဗျာ' တဲ့"

"အဲဒီတော့. . ."

"အလှူခံအဖွဲ့က နှိုးဆော်တဲ့စာရွက်တွေလည်းဝေသေးတယ် ဘဘ၊ အဲဒီနှိုးဆော်စာမှာ ရိုက်ထားတာကတော့ 'သဒ္ဒါကြည်လင် ပါရမီ့ရှင် အပေါင်းတို့ခင်ဗျာ'တဲ့"

"အေး. . . ဟုတ်ပြီ၊ ဒီတော့၊ သမီးက ဘာပြောချင်တာလဲ"

"သမီးက ကဗျာလေးတွေ ဖတ်ရတာဆိုရတာ သိပ်သဘောကျတာ ဘဘလည်း အသိပါ။ 'သဒ္ဒါကြည်လင် ပါရမီရှင်' ဆိုတဲ့ စာလေးက ကာရန်မိပြီး ဆိုလို့ကောင်းတယ်လေ။ ဒါကို အလှူခံတဲ့သူက 'သဒ္ဒါကြည်လင် ပါရမီ့ရှင်'လို့ ဆိုလိုက်တော့ 'ပါရမီ'က 'ပါရမီ့'ဖြစ်သွားပြီး ကာရန်မကိုက်တော့ဘဲ အသံထောင့်သွားတယ်ထင်လို့ပါ။ သမီးထင်တာ မှန်သလား မမှန်ဘူးလားလို့ ဘဘကို မေးကြည့်တာပါ"

"အေး. . . သမီးမေးခွန်းက စိတ်ဝင်စားစရာပဲကွဲ့။ သမီးက အမှုမဲ့ အမှတ်မဲ့ နားထောင်တာမဟုတ်ဘဲ ဂရုတစိုက်နားထောင်တတ်တဲ့သူဆိုတော့ သတိထားမိတာပေါ့ကွယ်။ ဟုတ်တယ်။ သမီးပြောသလိုပဲ၊ ရှေ့က 'သဒ္ဒါကြည်လင်'ကို နောက်က 'ပါရမီရှင်'လို့လိုက်မှ အသံတူချင်းထပ်မိပြီး ပြေပြစ်မှာပေါ့။ 'ပါရမီ့ရှင်'ဆိုပြီး အောက်မြစ်သံထည့်ဆိုလိုက်တော့ ရှေ့က အသံနဲ့ ထပ်တူမကျဘဲ အသံထောင့်သွားတာပေါ့ကွယ်"

"သမီးထင်တာမှန်တယ်ဆိုလို့ ဝမ်းသာသွားပြီဘဘ"

"အေး. . . စာတွေရွတ်ဖတ်ရာမှာ အသံမှန်ဖို့ဟာလည်း အရေးကြီးတဲ့အချက်ပဲသမီးရဲ့။ အထူးသဖြင့် အသံကိုအလေးထားပြီး ရေးဖွဲ့တဲ့ ကဗျာအဖွဲ့တွေ၊ ကဗျာမဟုတ်ရင်တောင် ဆောင်ပုဒ်တို့၊ စကားပုံတို့လို အဖွဲ့မျိုးတွေကို အသံမှန်မှန်ဖတ်မှ အဓိပ္ပာယ်ပေါ်လွင်ပြီး ကြားရတဲ့သူလည်း စိတ်ဝင်စားမှာပေါ့ကွယ်"

"နမူနာလေးတွေ ပြောပြပါ ဘဘ"

"သမီးကြားဖူးမှာပါ။ 'အမှောင်ခွင်း၍ အလင်းဆောင်အံ့'တဲ့၊ အဲဒါ စာပေဗိမာန်ဖြစ်လာတဲ့ ဘာသာပြန်စာပေအသင်းရဲ့ ဆောင်ပုဒ်လေ။ 'ခွင်း'နဲ့ 'လင်း' ကာရန်ယူထားတယ်မဟုတ်လား။ နောက် 'စာမတတ်သူ၊ တို့ဝိုင်းကူ' တဲ့ 'ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ ရိပ်လည်းလှ'တဲ့ အများကြီးပါ။ ရှေးကစကားပုံတွေဆိုရင်လည်း 'ပညာရွှေအိုး လူမခိုး'တို့ 'ပညာရဲရင့် ပွဲလယ်တင့်'တို့ အသံတူကာရန်လေးတွေနဲ့ ဖွဲ့ထားတော့ ဆိုလို့လည်းကောင်းတယ်၊ မှတ်လည်းမှတ်မိလွယ်တယ်"

"အသံတူလေးတွေကြားရတော့ နားဝင်ချိုတာပေါ့နော် ဘဘ"

"အေး. . . ဟုတ်တယ်။ ရှေးက စာဆိုတွေဟာ အသံတူဖို့ ဘယ်လောက်အလေးထားခဲ့ကြတယ်ဆိုတာ ဘဘပြောပြဦးမယ်။ ကန်တော်မင်းကျောင်းဆရာတော်ရဲ့ 'လောကသာရပျို့' ကို သမီးဖတ်ဖူးသလား မသိဘူး။ အရင်ကတော့ ကျောင်းတွေမှာ သင်ရတယ်။ အဲဒီပျို့မှာ ဖွဲ့ထားတာတစ်ခုက 'အနိစ္စနှင့် ဒုက္ခ၊ အနတ္တား သုံးပါးလက္ခဏာ'တဲ့။ အမှန်က 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' မဟုတ်လား။ ဒါပေမယ့် ကဗျာထဲမှာ နောက်ကသုံးပါးနဲ့ ကာရန်ကိုက်အောင် 'အနတ္တ'ကို 'အနတ္တား'လို့တောင် အသံပြောင်းပြီးဖွဲ့ထားတာလေ"

"စိတ်ဝင်စားစရာပဲနော် ဘဘ"

"ကောင်းကင်က 'လ'ကို ပါဠိလို 'စန္ဒ'လို့ခေါ်တယ်။ ကဗျာတွေထဲမှာကျတော့ 'လစန္ဒော်ကို၊ ငေးမျှော်တမ်းတ' ဆိုတာမျိုး၊ 'လက်လှမ်းမှီ၊ ယုန်စန္ဒီသို့' ဆိုတာမျိုးတွေ ဖွဲ့ကြတယ်လေ။ စန္ဒကို 'စန္ဒော်'၊ 'စန္ဒီ'ဆိုပြီး အသံပြောင်းဖွဲ့ကြတာ မဟုတ်လား။ ဩော်. . . သတိရလို့ သမီးကိုမေးရဦးမယ်။ သီချင်းတွေထဲမှာ 'ချစ်သမျှကို ရှစ်ဆယ်ပို'လို့ဖွဲ့တာ သမီးကြားဖူးမှာပေါ့"

"ကြားဖူးပါတယ် ဘဘ"

"သမီးစဉ်းစားကြည့်စမ်း။ ဘာဖြစ်လို့ရှစ်ဆယ်ပိုတယ်လို့ ဖွဲ့တာလဲ။ 'ငါးဆယ်ပို'တို့၊ 'ကိုးဆယ်ပို'တို့ ဒီ့ပြင်အဆတွေမဖွဲ့ဘဲ ဘာဖြစ်လို့ 'ရှစ်ဆယ်ပို'လို့ ဖွဲ့တယ်ထင်သလဲ"

"သမီး မသိပါဘူး ဘဘ"

"တကယ်ကတော့ အသံတူအောင်ဖွဲ့တာပါ သမီးရယ်။ 'ချစ်' နဲ့ အသံတူတဲ့ 'ရှစ်'ကိုယူပြီး 'ရှစ်ဆယ်ပို'လို့ဖွဲ့တာ၊ ဒီ့ပြင် အဓိပ္ပာယ်ထူးထူးခြားခြား ရှိမယ်မထင်ပါဘူး"

မြန်မာပညာရှိ မော်ဘီ ဆရာသိန်းက "စာမတတ်ရင် လမ်းမှာဖတ်" လို့ စကားတစ်ခွန်းပြောခဲ့တယ် ကွဲ့၊ လမ်းမှာ စာကိုအသံထွက်ပြီး ဖတ်တဲ့အခါ ဖတ်ပုံမှားသွားရင် ကြားတဲ့သူက ပြင်ပေးနိုင်တာမို့ အဲဒီလိုပြောတာလေ။ ခုခေတ်မှာတော့ စာကို အသံမထွက်ဘဲ စိတ်ထဲက ဖတ်ကြတာများတယ်။ ဒီတော့မှားရင်လည်း မှားမှန်း မသိဘူး။

"ဟုတ်တယ်နော်။ ဒါဆို သမီးသိပြီ ဘဘ။ 'မုန်းသမျှကို' ဆိုရင်တော့ သုံးဆပို'လို့ ဖွဲ့ရမယ် ထင်တယ်နော် ဘဘ"

"ဟုတ်တယ်ကွ။ သမီးက ကဗျာဉာဏ်ရှိတယ်။ ဒီလိုဆိုရင် အဲ. . . 'ဆိုးသမျှကို'ဆိုရင်ကောကွယ်"

" 'ဆိုးသမျှကို'ဆိုရင်. . . အင်း. . . 'ကိုးဆပိုပေါ့' ဘဘ"

"ဟုတ်ပြီ ဟုတ်ပြီ။ သမီးသဘောပေါက်သွားပြီ။ အသံသဘောကို သတိမထားမိတဲ့အတွက် ကဗျာအရွတ်အဖတ်လွဲပုံ သာဓကလေးတွေလည်း မှတ်မှတ်ရရပြောချင်သေးတယ်"

"ပြောပါ ဘဘ"

"ဘဘ ဒီအကြောင်း ပြောဖူးရေးဖူးပါတယ်။ ဒီနေရာမှာ အကြောင်းသင့်လို့ထပ်ပြောတာပါ။ ကဗျာဆရာကြီး မင်းသုဝဏ်ရဲ့ 'ဥပုသ်စောင့်'ဆိုတဲ့ ကလေးကဗျာလေး သမီးရတယ်မဟုတ်လား"

"ရပါတယ် ဘဘ"

"ဘဘတို့ဆိုကြည့်ရအောင်။ 'ဆွမ်းအုပ်နီနီ အမေရွက်လို့၊ နက်ဖြန်မနက် ကျောင်းထွက်မယ်။ မောင်လည်းလိုက်မယ်၊ ချန်မထားနဲ့ အမေသွားတော့ ပျင်းလှတယ်' အဲ . . နောက်တစ်ပိုဒ်က ဘာပါလိမ့်. . . သမီးဆိုကြည့်စမ်း"

"ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့၊ ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်' မဟုတ်လား ဘဘ"

"အေး. . . သမီးဆိုတာမှန်တယ်။ 'ဆော့'နဲ့ 'အော့' ကာရန်ယူပြီး ရေးထားတာလေ။ 'အော့'ဆိုတာ မနှစ်သက်တာ၊ မကြိုက်တာကို ဆိုလိုတာပါ။ 'အော့ကြောလန်'ဆိုတာမျိုးပေါ့။ ကျောင်းပေါ်မှာဆော့ရင် ဘုန်းတော်ကြီးက ကြိုက်မှာမဟုတ်ဘူး။ ရိုက်လိမ့်မယ်လို့ ကလေးကိုပြောတာပါ။ ဒါပေမယ့် 'အော့'ရဲ့ အဓိပ္ပာယ်ကိုမသိတော့ 'အော်'လို့ထင်ပြီး၊ 'ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ်'လို့ မှားဆိုနေကြရောလေ။ ဒီတော့ 'ဆော့'နဲ့ ကာရန်မလိုက်တော့ဘဲ ချော်သွားတာပေါ့ကွယ်"

"အသံမှန်ဖို့ အရေးကြီးတာပေါ့နော်။ မှတ်ထားပါ့မယ် ဘဘ"

"ကျောင်းတွေမှာလည်း ကလေးတွေကို ဆရာမတွေက အဲဒီလိုမှားသင်နေကြတယ်။ တစ်ခါက ပညာရေးကောလိပ်တစ်ခုမှာ ဆရာ သွားဟောပြောရင်း သင်တန်းသားတွေကို ဆိုခိုင်းတော့ ထင်တဲ့အတိုင်းပဲ၊'ဘုန်းကြီးအော်လို့ရိုက်လိမ့်မယ်'လို့ ဆိုကြလို့ မမှန်တဲ့အကြောင်းပြောခဲ့ရသေးတယ်။ အသံလွှင့်အစီအစဉ်တစ်ခုမှာလည်း 'အော်'လို့ကြားလိုက်ရသေးတယ်ကွဲ့"

"သမီးတော့ တော်တော်သဘောပေါက်သွားပါပြီ ဘဘ"

"အရင်တုန်းကတော့ ကျောင်းသားတွေ လူငယ်တွေ စာဖတ်ရင် အသံထွက်ပြီးဖတ်တဲ့အလေ့ရှိတယ်။ ဒါကြောင့် မြန်မာပညာရှိ မော်ဘီ ဆရာသိန်းက 'စာမတတ်ရင် လမ်းမှာဖတ်'လို့ စကားတစ်ခွန်းပြောခဲ့တယ်ကွဲ့၊ လမ်းမှာစာကို အသံထွက်ပြီး ဖတ်တဲ့အခါ ဖတ်ပုံမှားသွားရင် ကြားတဲ့သူက ပြင်ပေးနိုင်တာမို့ အဲဒီလိုပြောတာလေ။ ခုခေတ်မှာတော့ စာကို အသံမထွက်ဘဲ စိတ်ထဲကဖတ်ကြတာများတယ်။ ဒီတော့မှားရင်လည်း မှားမှန်း မသိဘူးပေါ့ကွယ်။ ကဲ. . . ဘဘလည်းပြောရတာ တော်တော်များသွားပြီ၊ နားကြဦးစို့"

"ကျေးဇူးတင်ပါတယ် ဘဘ" ။ ။

စပရင်မွေ့ရာ၊ ရေမြှုပ်မွေ့ရာ၊ ဆိုဖာ၊ ရုံးသုံး၊ ကျောင်းသုံး၊ အိမ်သုံး ပရိဘောဂအမျိုးမျိုးနှင့် မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး၊
SAKURA၊ TATUNG၊ MEYER၊ IMERFLEX နှင့် JCJ အမှတ်တံဆိပ် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုးတို့ကိုတစ်နေရာတည်းတွင်
ပစ္စည်းမှန်၊ ဈေးမှန်ဖြင့် အချိန်ကုန်သက်သာစွာ ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ်(၈၄)၊ ရတနာလမ်းမကြီး၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၅၅၀၃၅၈၊ ၈၅၅၀၃၅၉၊ ၀၉ ၂၅၀ ၂၉၆၉၅၅

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့် ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက ၂၀၁၃ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးပြီး အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းက နှစ်ပတ်လည် အစည်းအဝေးကြီးက ချမှတ်လိုက်သော ရှေ့လုပ်ငန်းစဉ်များနှင့်ဆုံးဖြတ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်ကို တင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်အေးနွယ်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပညာသင်ဆုချီးမြှင့်သည့် ပညာသင်ထောက်ပံ့ငွေကျပ် လေးသိန်းကို ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်နေ မယွန်းပွင့်ဖြူ ဒုတိယနှစ်၊ B-Tech(Civil) ရန်ကုန်နည်းပညာတက္ကသိုလ် အားလည်းကောင်း၊ ငွေကျပ်သုံးသိန်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ်နေ မမို့သီရိထွန်း ပထမနှစ် (English) ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်အား လည်းကောင်း ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများသည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များ၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) မျိုးမင်းသိန်း(မရမ်းကုန်း)

စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက် ဓမ္မာရုံလုပ်ငန်းခွင် တံစက်မြိတ်ပြိုကျ လူတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

သတင်း-လေးဝတီထွန်းစောနိုင်
ဓာတ်ပုံ-အာရက္ခဩရသ

စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက် မေယုလမ်းဘေးရှိ ဓမ္မာရုံလုပ်ငန်းခွင်တွင် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က တံစက်မြိတ်ပြိုကျသဖြင့် တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းခွင်တွင်လုပ်ကိုင်နေသော စစ်တွေမြို့ ကန်တော်ကြီးရပ်ကွက်နေ ပန်းရန်ဆရာကြီး ဦးကျော်အေး (၅၃ နှစ်)မှာ ပြိုကျသွားသောအဆောက်အအုံများကြောင့် ဒဏ်ရာရရှိကာ ယင်းနေရာ၌ပင် သေဆုံးသွားကြောင်းသိရသည်။

ဒဏ်ရာရရှိသူများမှာ စစ်တွေမြို့ စက်ရုံစု ရွာသာယာနေ မောင်စိုးစိုး (၂၀ နှစ်)၊ ကန်တော်ကြီးရပ်ကွက်နေ မောင်ကျော်လှိုင် (၁၈ နှစ်)၊ ဦးခင်ခင်မောင် (၂၄ နှစ်)၊ စက်ရုံစုရွာသာယာနေဦးကျော်လှသိန်း (၃၀ နှစ်)တို့ဖြစ်သည်။

ဒဏ်ရာရရှိသော မောင်စိုးစိုးနှင့် ဦးကျော်လှသိန်းတို့အား စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် (မစိုးရိမ်ရ) ကုသပေးလျက်ရှိပြီး ကျန်ဒဏ်ရာရသူနှစ်ဦးအား ပြင်ပလူနာအဖြစ် ကုသလျက်ရှိသည်။

"ကျွန်တော်တို့ဆေးရုံကို နံနက် ၁၀ နာရီမှာ လူနာတွေရောက်လာတာပါ။ ရောက်ကတည်းကစပြီး ဆရာဝန်၊ ဆရာမတွေ ဂရုတစိုက်လုပ်ပေးနေတာပါ။ နောက်ကုသမှုတွေကိုလည်း အလေးထားပြီး ကျွန်တော်တို့ဆက်ပြီးဆောင်ရွက်ပေးသွားမှာပါ" ဟု စစ်တွေဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းက ပြောကြားသည်။

"ဘောလုံးကွင်းရပ်ကွက်မှာရှိတဲ့ ဓမ္မာရုံမှာမုခ်ဝအသစ်လုပ်ဖို့အတွက် မုခ်ဝအဟောင်းကို ဖြိုဖျက်ရာကနေ တံစက်မြိတ်ပြိုကျပြီးဖြစ်သွားတာပါ။ အပေါ်က သုံးဦး၊ အောက်ကနှစ်ဦးပါ။ အပေါ်ကတစ်ဦးက ပြိုကျတဲ့အဆောက်အအုံ တွေကြားထဲမှာ သေဆုံးသွားတာပါ" ဟု ဆေးရုံတက်နေသူ ဦးကျော်လှသိန်းက ပြောပြသည်။

အရေးယူဆောင်ရွက်

ယင်းဖြစ်စဉ်ကို စစ်တွေမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးသန်းလှိုင်၊ တာဝန်မှူး ဒုရဲအုပ်ဝင်းငြိမ်းနိုင်တို့က ဦးဆောင်ကာ စုံစမ်းစစ်ဆေးလျက်ရှိပြီး အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တံစက်မြိတ်ပြိုကျသည့် ဓမ္မာရုံအဆောက်အအုံကို တွေ့ရစဉ်။

ဖျူးလူသတ်ခေါင်းဖြတ်မှု အမှုမှန်ပေါ်ပေါက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဖြူးမြို့နယ် သပြေလှကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် အမှတ် (၁၃၉/၀-၂) အကြား တံတားအမှတ်(၁၄၀/၁) ဇဟားချောင်း တံတားအနောက်ဘက်ချောင်းဘေးတွင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက သွေးစွန်းနေသော ပီနံအိတ်အထုပ်တစ်ထုပ်ကို တွေ့ရှိရသဖြင့် ဖြူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ဦးခေါင်းမပါ ကိုယ်လုံးတီး အမျိုးသမီးအား ခြေလက်များ ကြိုးတုပ်လျက်တွေ့ရှိရသဖြင့် ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ပြီး အဆိုပါအမှုကို မှုခင်းရဲတပ်ဖွဲ့မှ ဆက်လက်စစ်ဆေးခဲ့သည်။

မှုခင်းရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုအရ သေဆုံးသူအမျိုးသမီးမှာ ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ အောင်ဇေယျရပ်ကွက်နေ မသန်းထွေး(၄၁နှစ်) ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

သေဆုံးသူနှင့် ပတ်သက်၍ မှုခင်းရဲတပ်ဖွဲ့ ဆက်လက် စုံစမ်းခဲ့ရာ ငွေတိုးပေးလုပ်ငန်း လုပ်ကိုင်သည့် ဦးတင်စိုးနှင့် သေဆုံးသူ မသန်းထွေးတို့ တရင်းတနှီးနေထိုင်ကာ လူမှုရေးအရ ငြိစွန်းမှုရှိကြောင်း စုံစမ်းသိရှိရသည်။ ၎င်းတို့နှစ်ဦး ငွေရေးကြေးရေး အရှုပ်အရှင်းဖြင့် ၁၃-၂-၂၀၁၃ ရက်က စကားများရန်ဖြစ်စဉ် ဦးတင်စိုးက အနီးရှိ ထမင်းစားပွဲ ဘေးတွင်ထားသော ဓားဦးချွန်ဖြင့် မသန်းထွေး၏ လည်ပင်းကို ခုတ်ခဲ့ရာ ပြတ်ရှဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့နောက် လည်ပင်းကို ဆက်၍ လှီးဖြတ်ခဲ့ပြီး အလောင်းကို စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ဖြူးမြို့နယ်၌ အမျိုးသမီးတစ်ဦး ခေါင်းဖြတ်အသတ်ခံရသည့်အမှုမှ ပြစ်မှုကျူးလွန်သူ ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့နေ တင်စိုး (၅၉ နှစ်)အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးခဲ့ပြီး ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ကိုရဲ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၇၅၅၇ MERCEDES BEN Z S/L (4x2) L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန္တာ ၁၂/ဒဂန(နိုင်)၀၂၂၈၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/2049 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၈၉၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဇီဝနည်းပညာသုတေသနဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန (ကျောက်ဆည်)အတွက် လိုအပ်သော အောက်ပါပစ္စည်း(၅)မျိုး ဝယ်ယူလိုပါသည်။

(1) Aircon	(10) Nos
(2) Digital Camera	(1) No
(3) Microwave Oven	(1) No
(4) Muti Pipetter	(1) No
(5) Centrifuge	(1) No

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၂-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူးရုံး၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၉-၂-၂-၂၀၁၆ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ညွှန်ကြားရေးမှူး၊ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)
ဖုန်း-၀၆၆-၅၀၅၉၈၊ ၀၆၆-၅၀၆၀၆



ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၈ ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် ၂၇၃၊
အခန်းအမှတ် ၁၂(ပထမထပ်)ဟုခေါ်တွင်သော အကျယ်ပေ(၁၂½× ၆၀)ရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍

ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်ခင်ဝင်း ၁၂/ကတတ(နိုင်)၀၁၃၆၉၂ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့်စပ်လျဉ်းပြီး အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှရွှေ LL.B
တရားလွှတ်တော်ရှေ့နေ-၈၉၁၂
အမှတ် ၂၂၊ ပထမထပ်၊ ၂၆ လမ်း၊ ၁ ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၉၇၈၆

ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၇ နာရီက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သက်န်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း မုန်တိုင်းဒဏ်ခံအဆောက်အအုံ၌ ကျေးရွာအထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ နိုင်ငံတော်သမ္မတကြီးသည် ယခင်နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေစဉ် အတွင်း ယခုဒေသသို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် နာဂစ်ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးခဲ့ရသည့် သက်န်းကြီးကျေးရွာ၊ ကုန်းကြီးကျေးရွာနှင့် ဂုံညင်းတန်းကျေးရွာ ဒေသများအား ကျေးလက်ဒေသ လူမှုစီးပွားဘဝပြန်လည် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသက်မွေးဝမ်းကျောင်း ကိစ္စရပ်များအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာလျက်ရှိကြောင်း၊ မိမိတို့ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်ဧရိယာ၊ နိုင်ငံတကာအဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ဧရိယာများကို Mapping ပြုလုပ်ပြီး လစ်ဟာမှုမရှိစေရေး၊ လုပ်ငန်းများ Overlapping မရှိစေရေးကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ သို့အတွက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အစိုးရအဖွဲ့ ဆပ်ကော်မတီများ၊ Delivery Units တို့မှ ယခုကဲ့သို့ ကျေးရွာများအရောက် ကွင်းဆင်းကြည့်ရှုပြီး ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေး လိုအပ်ချက်များကို နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင် ပြည်သူများကိုယ်တိုင် တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်စေပြီး ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောင်ရွက်နိုင်ရန်လည်း အကူအညီပေးလျက်ရှိပါကြောင်း၊ ကျေးလက်ဒေသများ၏ ဆင်းရဲမှု လျော့ကျစေရေးအတွက် လှည့်ပတ်ရန်ပုံငွေများ ထူထောင်ပေးပြီး ဆင်းရဲနွမ်းပါးသူများ၏ ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးလျက်ရှိနေပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွင်းဆင်းအဖွဲ့နှင့် လိုက်ပါလာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မျိုးရိုးမြင့်ကြက်၊ ဝက်၊ ဘဲ၊ နွားများ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းဖြင့် အပိုဝင်ငွေရရှိလာမည့် လုပ်ငန်းကိစ္စရပ်များနှင့် မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသခံပြည်သူလူထုကပါ ပူးပေါင်းပါဝင်လုပ်ကိုင်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာအခြေအနေများ၊ ကျေးရွာသောက်သုံးရေကန်နှင့် လယ်မြေစိုက်ခင်းများအတွင်းသို့ ပင်လယ်ရေငန်များမဝင်ရောက်နိုင်စေရေး မြေသားတမံ ဝန်းရံပိတ်ဆို့ ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာများ၏ လိုအပ်ချက်များဖြစ်သည့် ကျေးရွာ စာသင်ကျောင်း ဆိုလာမီးစနစ်ဖြင့် မီးလင်းရေး၊ကျေးရွာအတွင်း အိမ်တိုင်းဆိုလာမီးရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးရွာချောင်းကူးသစ်သားတံတားများ တည်ဆောက်ပြုပြင်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းကိရိယာများရရှိရေးနှင့် သက်န်းကြီး-ကုန်းကြီး-ဂုံညင်းတန်းကျေးရွာချင်းဆက် ကျောက်ချောလမ်းဖောက်လုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာပြည်သူလူထုအား နိုင်ငံတော်သမ္မတကြီး၏ လက်ဆောင် Family Kit များ၊ ဆိုလာမီးအိမ်များ၊ အဝတ်အထည်များ၊ ပြက္ခဒိန်များနှင့် အားကစားပစ္စည်းများ၊ ပန်းပေါင်းစုံဘုရားဆင်တုတော်များပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပြင်စလူမြို့နယ်ခွဲ နာဂစ်မုန်တိုင်းဒဏ်ခံအဆောက်အအုံ၌ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်းကြီးကျေးရွာအုပ်စု၊ သစ်ပုတ်ကန်ကျေးရွာအုပ်စု၊ ရေတွင်းဆိပ်ကျေးရွာအုပ်စုစသည့် ကျေးရွာအုပ်စု ၁၄ စုမှကျေးရွာ လိုအပ်ချက်များ၊ ပြင်စလူ၊ ကန်ကြီးထောင့်၊ သပျဉ်း၊ အဝကား၊ အရာတော်နှင့် နံ့သာကုန်းကျေးရွာများမှ လိုအပ်ချက်များ ဖြစ်သည့် သောက်သုံးရေလှောင်ကန် ရရှိရေး၊ ဆိုလာမီးဖြင့် မီးလင်းရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေး၊ စာသင်ကျောင်းအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒေသခံကျေးရွာပြည်သူလူထုအား ပန်းပေါင်းစုံ ရုပ်ပွားဆင်းတုတော်များ၊ Family Kit များ၊ အဝတ်အထည်အသုံးအဆောင်များ၊ အားကစားပစ္စည်းများ၊ ပြက္ခဒိန်များ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၈၈၀၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည်	တစ်ကျပ်သား	၆၄၇၅၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည်	တစ်ကျပ်သား	၆၈၈၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၇-၃၀.၉၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၈-၁၆.၁	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၇-၃၂၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၁၅၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကြွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၈၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၅၀-၅၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၂၂၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၂၀-၇၅၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၆၀၀-၄၈၀၀
၁၂။ သကြား	တစ်ပိဿာ	၈၅၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနအတွက် လိုအပ်သောအောက်ပါပစ္စည်း နှစ်မျိုးဝယ်ယူလိုပါသည်။

(1) Electri Muffle Furnace	(1) No
(2) Bench Top PH meter	(1) No

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူးရုံး၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၉-၂-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ညွှန်ကြားရေးမှူး၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)
ဖုန်း-၀၆၆-၅၀၅၉၈၊ ၀၆၆-၅၀၆၀၆

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မွေးနေ့ဆုမွန်

လောကီ၊ လောကုတ္တရာနှစ်ဖြာအကျိုးသယ်ပိုးနေတဲ့ 'မော်' သံသရာတံခါးဟာ အလှများစွာနဲ့ ဖွင့်ထားကြိုနေမှာ သေချာပါတယ်။

အေးမိသားစု

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်တွင် ဆောက်လုပ်မည့် စုစုပေါင်းကြမ်းခင်းဧရိယာ ၁၂၀၀၀ စတုရန်းပေရှိ လေးထပ်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းအားမြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၇-၂-၂၀၁၄ရက် ၀၉း၃၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန် - ၂၄-၂-၂၀၁၄ရက် ၁၆း၃၀ နာရီ
Technical Proposal နှင့် Price Proposal
နောက်ဆုံးထား၍တင်သွင်းရမည့်ရက်၊အချိန် - ၃၁-၃-၂၀၁၄ရက် ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကိုရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၃၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်အား ၂၇-၂-၂၀၁၄ ရက် ၁၃း၀၀နာရီတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် ၂၇ ၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

[illegible]

ဒေါ်မိမိလှိုင် (LL.B)

[illegible]

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မယဉ်ယဉ်လှိုင် (၅/မရန(နိုင်)၁၅၄၆၇၂)သည် မိခင်နှင့်ညီအစ်ကို မောင်နှမများအားအကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိသားစု၏ဆန္ဒကိုဆန့်ကျင်ကာ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၁၃-၂-၂၀၁၄ရက်နေ့မှ စ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ပါကြောင်း အများသိစေအပ်ပါသည်။ (စုံစမ်းမေးမြန်း ခြင်းသည့်ခံပါ။)

မိခင်၊ အစ်ကို ၊ အစ်မများ
ဒေါ်သန်းမြိုင် (မိခင်) (၅/မရန(နိုင်)၀၃၈၇၆၆)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပြည်သူ့ဗဟိုပြုလုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်

Civil Service Training သင်တန်းဖွင့်

ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသည့် ပြည်သူ့ဝန်ထမ်းများက မိမိတို့ ရောက်ရှိနေသည့်နေရာဌာန၌ ပြည်သူ ဗဟိုပြုလုပ်ငန်းစဉ်များကို ကျယ်ကျယ် ပြန့်ပြန့် နားလည်သဘောပေါက်ပြီး လုပ်ငန်းတာဝန်များကို ယခုထက်ပိုမို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး ပြီး ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၄ ရက် အထိ Civil Service Training သင်တန်းကို ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာန ၃၄ ခုမှ သင်တန်းသား ၆၀ တက်ရောက်ခဲ့ကြ ပြီး သင်တန်းနည်းပြများမှာ Dr.N. Gansean နှင့် ဒေါ်စိမ့်ရည်ထက်တို့ ဖြစ်ကြသည်။

အဆိုပါသင်တန်းသို့ တက်ရောက် လာကြသူများအနက် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်လင်း အောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ရှင်းပြ ရာတွင် “နိုင်ငံတော်အစိုးရရဲ့ ပြုပြင် ပြောင်းလဲမှုနဲ့ မူဝါဒတွေကို အကောင် အထည်ဖော်ဆောင်ရွက်ရတဲ့ အစိုးရ ဝန်ကြီးဌာနတွေက တာဝန်ရှိသူတွေကို သူတို့လက်ရှိ တာဝန်ယူဆောင်ရွက် နေတဲ့လုပ်ငန်းတွေမှာ ပြုပြင် ပြောင်းလဲမှုနဲ့အညီ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ဖို့၊ အာဆီယံအဖွဲ့ အစည်းနဲ့ သက်ဆိုင်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး ဆိုင်ရာ သိကောင်းစရာတွေကို နားလည်သဘောပေါက်ပြီး လုပ်ငန်း တွေ ပိုမိုထိရောက်စွာဆောင်ရွက်နိုင် စေဖို့နဲ့ အာဆီယံနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ သမိုင်းကြောင်း တွေကိုပါ သိရှိနားလည်စေဖို့၊ မိမိတို့ ဆောင်ရွက်နေတဲ့ကိစ္စရပ်တွေကို ပိုမို သိရှိနားလည်အောင် ရည်ရွယ်ဖွင့်လှစ် ပေးခြင်းဖြစ်တယ်လို့ သိရပါတယ်။

“သင်တန်းကို တက်ရောက်တဲ့ ဝန်ကြီးဌာနက အလယ်အလတ်အဆင့် အရာရှိတွေအနေနဲ့ မိမိတို့ဝန်ကြီး ဌာနမှာရှိတဲ့ ဝန်ထမ်းတွေကို ပြန်လည် မျှဝေပေးနိုင်မယ်။ ဝန်ထမ်းမိသားစု တွေကို ထပ်ဆင့်ပွားရှင်းလင်းပြီး မိသားစုတွေကတစ်ဆင့် ရပ်ကွက်ထဲ မှာ အချင်းချင်းမျှဝေကြခြင်းဖြင့် ပြည်သူလူထုအထိပါ ရောက်ရှိပြီး အာဆီယံဆိုင်ရာတွေကို သိရှိနားလည် စေမယ်။ နိုင်ငံသားတွေ အသိပညာ တွေဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက် လာနိုင်မယ်လို့မျှော်လင့်ပါတယ်။

“အဓိကကတော့ ပြည်သူတွေဆီကို မှန်ကန်တဲ့အသိပေးဖို့ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ပြည်သူကို ဗဟိုပြုတဲ့ လုပ်ငန်းစဉ်တွေထဲကတစ်ခု ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ ဝန်ထမ်းတွေကတစ်ဆင့် နောက်ဆုံး တော့ပြည်သူကိုသာ ဦးတည်သွားတာ ဖြစ်ပါတယ်” ဟု ပြောပြသည်။

အားကစားဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းသန့်ကလည်း “သင်တန်းမှာ အပြုသဘောဆောင်ပြီး ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေး နိုင်ခဲ့ပါတယ်။ ပွင့်လင်းမြင်သာမှုကို မျက်ကွယ်မပြုတဲ့၊ ဗျူဟာမြောက်တဲ့ အုပ်ချုပ်စီမံမှုဆိုင်ရာ အတွေ့အကြုံ ဗဟုသုတတွေရပါတယ်။

ဒေသတွင်းနိုင်ငံတွေ၊ ပင်လယ် ရပ်ဝေးဒေသတွေအပါအဝင် ကမ္ဘာလုံး ဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေးပဋိပက္ခနဲ့ ဘာသာအယူဝါဒ ဆိုင်ရာ အငြင်းပွားမှု၊ နည်းပညာ တိုးတက်မှု အခြေအနေအရပ်ရပ်ကို အတွေ့အကြုံနဲ့ ကျွမ်းကျင်တဲ့ ပြည်ပ နိုင်ငံသားပညာရှင်တွေက သူတို့ လေ့လာတွေ့ရှိထားတဲ့ အမြင်တွေနဲ့ ဟောပြောပို့ချမှုတွေကို အပြန်အလှန် ဆွေးနွေးခွင့် ရရှိခဲ့ပါတယ်။ ဒါကြောင့် သင်တန်း တက်လာတဲ့သူတွေရဲ့ အုပ်ချုပ်စီမံခန့်ခွဲမှုစွမ်းရည်၊ စည်းရုံး ရေးစွမ်းရည်များကို တိုးတက် မြင့်မားစေပြီး ပိုမိုရင့်ကျက်သော အတွေးအခေါ်များ ရရှိစေမယ်လို့

ဦးဟန်လင်းအောင်
ဒုတိယညွှန်ကြားရေးမှူး
ပြန်ကြားရေးဝန်ကြီးဌာန

မြင်ပါတယ်”ဟု ပြောကြားခဲ့သည်။

သင်တန်းနည်းပြ ဒေါ်စိမ့်ရည် ထက်က “နိုင်ငံမှာ အသွင်ကူးပြောင်း ရေးလုပ်ငန်းစဉ်တွေ လုပ်ဆောင်နေပြီး ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒီလို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တွေမှာ တစ်ထောင့်တစ်နေရာကနေ နိုင်ငံသားတစ်ဦးအနေနဲ့ ပါဝင် ဆောင်ရွက်လိုတဲ့အတွက် အခုလို သင်တန်းတွေမှာ ကိုယ်တတ်နိုင်တဲ့ ပညာရပ်ကို လာရောက်ဝေမျှပေးခြင်း ဖြစ်ပါတယ်။ အခုသင်တန်းမှာ သင်ကြားတဲ့ ဘာသာရပ်တွေကို လေ့လာကြည့်ရင် ပြည်သူ့ဝန်ထမ်း တွေအတွက်လိုအပ်နေတဲ့ ခေါင်းစဉ် တွေဖြစ်တဲ့ အာဆီယံအကြောင်းနဲ့ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေ မှာ ပါဝင်ဆောင်ရွက်ရမယ့် ပြည်သူ့ ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍကို ဆွေးနွေးကြတာကို တွေ့ရပါတယ်။

ဒီနေ့ ဆွေးနွေးပို့ချတာက ဦးဆောင်မှု အခန်းကဏ္ဍဖြစ်ပါတယ်။ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ် ဘယ်လောက်ထိ အောင်မြင်တယ်၊ ဘယ်လောက်မြန်မြန်အောင်မြင်မယ် ဆိုတာက ဒီကလုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်နေတဲ့ လူတစ်ဦး

ဦးထွန်းသန့်
ဒုတိယညွှန်ကြားရေးမှူး
အားကစားဝန်ကြီးဌာန

တစ်ယောက်ချင်းစီရဲ့ ဦးဆောင်မှု၊ ခေါင်းဆောင်မှု အရည်အသွေးတွေ ပေါ်မှာ မူတည်ပါတယ်။ တစ်ဦးချင်း တစ်ယောက်ချင်းစီရဲ့ လုပ်ငန်း ဆောင်ရွက်မှုဟာ နိုင်ငံရဲ့အသွင်ကူး ပြောင်းမှုလုပ်ငန်းစဉ်မှာ ဘယ်လောက် ထိ အကျိုးသက်ရောက်မှုရှိတယ်ဆိုတာ နားလည်အောင်၊ တတ်ကျွမ်းအောင်၊ ဒီထက်ပိုပြီး တက်တက်ကြွကြွ အားထည့်ပြီး လုပ်နိုင်အောင် ရည်ရွယ် ချက်နဲ့ အခုခေါင်းစဉ်ကို ဆွေးနွေးပို့ချ ရခြင်းဖြစ်ပါတယ်။ အခုလို သင်တန်း တွေပို့ချတဲ့အခါမှာ နိုင်ငံအသွင် ကူးပြောင်းရေး လုပ်ငန်းစဉ်တွေကို စိတ်ပါလက်ပါ ပြောင်းနေပြီ၊ အားထုတ်နေပြီ၊ ဒီအပြောင်းအလဲကို အများကြီး အားထုတ်နေပြီလို့ ပြောနိုင်တဲ့သူတွေလည်း တွေ့ရပါ တယ်။ ပြောင်းတော့ ပြောင်းချင်တယ်၊ ဘယ်က စပြောင်းရမယ်မှန်းမသိတဲ့ သူတွေလည်း တွေ့ရပါတယ်။ အပြောင်းအလဲရဲ့ သဘောသဘာဝ အရ စိတ်ကပြောင်းချင်ပေမယ့် ပြောင်းလဲဖို့ အသိပညာ၊ နည်းပညာ လိုသေးတဲ့အတွက်၊ အသိပညာ နည်းပညာမပြည့်စုံသေးတဲ့အတွက် မပြောင်းရဲသူတွေလည်း ရှိနိုင်ပါတယ်။ နောက်တစ်ခုက ပြောင်းနေတာကို

ဒေါ်စိမ့်ရည်ထက်
သင်တန်းနည်းပြ

မလိုက်နိုင်သေးဘူး လိုက်လည်းမလိုက် ချင်သူတွေရှိနိုင်ပါတယ်။

ပြောင်းလဲမှု ဖြစ်စဉ်တိုင်းမှာ တက်ကြွစွာပြောင်းလဲသူများ ရှိသလို ပြောင်းလဲမှုကို တုံ့ပြန်မယ့်သူ၊ တွန်းခံ ထားပြီး တောင့်ခံထားပြီးတော့ မပြောင်းလဲဘဲနေမယ့်သူလည်း ဖြစ်စဉ် တိုင်းမှာ ရှိပါတယ်။ ပြောင်းတဲ့သူတွေ က ရှေ့ကနေ ပြောင်းသွားပြီးတော့ မပြောင်းဘဲနဲ့ တောင့်ခံကျန်နေတဲ့ သူတွေကိုပါ စည်းရုံးသိမ်းသွင်းနိုင်ရင် တော့ အကောင်းဆုံးပါပဲ။ နိုင်ငံတစ်ခု ရဲ့ နိုင်ငံရေးစနစ်ပြောင်းသွားတယ်။ နိုင်ငံရဲ့အသွင်ကူးပြောင်းနေတဲ့အချိန် မှာ ကိုယ်ရောက်ချင်တဲ့ ဒီမိုကရက်တစ် လူ့ဘောင် အဖွဲ့အစည်းဖြစ်အောင် ဦးတည်သွားနေတယ်။ အဲဒီလိုသွားနေ တဲ့အချိန်မှာ အစိုးရဝန်ထမ်း သို့မဟုတ် ပြည်သူ့ဝန်ထမ်းတစ်ယောက်ရဲ့ အခန်း ကဏ္ဍက အရေးကြီးတဲ့အခန်းကဏ္ဍ မှာပါတယ်လို့ မြင်ပါတယ်။

ဒါကြောင့်လည်း သင်တန်းတွေမှာ လာရောက်တက်ကြတဲ့ ပြည်သူ့ ဝန်ထမ်းတွေကို နိုင်ငံတိုးတက် ပြောင်းလဲရေးအတွက် အင်မတန် အရေးကြီးတဲ့အလုပ်ဖြစ်ကြောင်းကို အမြဲတမ်းပဲ ရှင်းပြနေပါတယ်။ သူတို့ပါဝင်ဆောင်ရွက်နေတဲ့ အလုပ် တာဝန်ဟာ ဘယ်လောက်အရေးကြီး တယ်ဆိုတာကို သိစေချင်တယ်။ ပိုပြီး ကောင်းအောင်လည်း ဆောင်ရွက် စေချင်တဲ့ ရည်ရွယ်ချက်နဲ့ အခုလို သင်တန်းတွေမှာ ပါဝင်ပို့ချမိတယ်။ ဒီလိုသင်တန်းတွေ များများဆောင်ရွက် ခြင်းအားဖြင့် ပြောင်းချင်တဲ့သူတွေ၊ ဘယ်လိုပြောင်းရမှန်းမသိတဲ့သူတွေ အတွက်လည်း အသိပညာအသစ်တွေ ရမယ်။ ပြောင်းနေပြီ လုပ်နေပြီဆိုတဲ့ သူတွေအတွက်လည်းသူတို့ရဲ့ လုပ် ဆောင်မှုတွေကိုမြင်ပြီးတော့ အား တက်မယ်။ ပြောင်းလဲမှုကို တုံ့ဆိုင်း နေတဲ့သူများကိုလည်း တစ်နည်းနည်း နဲ့ လှုံ့ဆော်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု ရှင်းပြသည်။

ယနေ့အချိန်တွင် နိုင်ငံ့ဝန်ထမ်း များအနေဖြင့် ခေတ်၏ပြောင်းလဲလာ သည့် အခြေအနေနှင့်အညီ ပြည်သူ့ ဝန်ထမ်းကောင်းများအဖြစ် ပြည်သူ့ အကျိုးစီးပွားကို ဦးလည်မသုန် ထမ်းရွက်နိုင်ရန်အတွက် ယခုကဲ့သို့ သင်တန်းများမှတစ်ဆင့် အရည် အချင်း၊ အရည်အသွေးပြည့်ဝသည့် ပြည်သူ့ဝန်ထမ်းကောင်းများ ထွက်ပေါ် လာနိုင်မည်ဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

သူရဇော်နှင့်အဖွဲ့

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ဦးတင်ညွန့် (လူမှုထူးချွန်)
(အလုပ်အမှုဆောင်-မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း)
(နာယက-မွန်ပြည်နယ်ရွှေလုပ်ငန်းရှင်များအသင်း)-ဒေါ်လှကြင် (ရတနာကုန်သည်) ရတနာပုံ အာမခံရတနာရွှေဆိုင်တို့၏မြေး
မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၂၀၈ နေ
ဒေါက်တာခင်မောင်ဝင်း (အလုပ်အမှုဆောင်-မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း)
(ဥက္ကဋ္ဌ-မွန်ပြည်နယ်ရွှေလုပ်ငန်းရှင်များအသင်း)-ဒေါ်စီစီညွန့် (ရတနာဆင့် အာမခံရတနာရွှေဆိုင်)
တို့၏သားငယ် အမှတ်(1/B)၊ ဗဟိုလမ်း၊ ရွှေတောင်ရပ်၊ ရက်ကန်းဝင်းထိပ်နေ

ဒေါက်တာအောင်ကိုကိုဝင်း M.B.,B.S (Mgy)
(ဇီဝကဆေးကုခန်း)
နှင့်

မော်လမြိုင်မြို့၊ အထက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊ အမှတ်(53/C)နေ ဦးမြင့်ရွှေ (ခ) ဦးလှိုင်မင်း
(အထက်တန်းရှေ့နေ)-ဒေါ်ခင်မြင့်ရီ (လှိုင်မင်း အာမခံရတနာရွှေဆိုင်)တို့၏ သမီးကြီး

မသရဖီလှိုင် B.Sc (Physics), (Q)

တို့၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် Mawlamyine Strand Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာပန်းကုံးဆင်မြန်းပေးပါသော ဦးကျင်ဖေ (မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ)နှင့်ဇနီးဒေါ်ထားမြင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးတင်ညွန့်(လူမှုထူးချွန်) (အလုပ်အမှုဆောင်-မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း) (နာယက-မွန်ပြည်နယ်ရွှေလုပ်ငန်းရှင်များ အသင်း)-ဇနီးဒေါ်လှကြင် (ရတနာကုန်သည်) ရတနာပုံ အာမခံရတနာရွှေဆိုင်တို့အားလည်းကောင်း၊ မင်္ဂလာဆောင်အခမ်းအနားကို ပန်းအလှပြင်ဆင်ပေးသော ကိုသာချိုရွှေကြီး (ရွှေဝတီ)မိသားစု မိတ်ကပ်ပြင်ဆင်ခြယ်သပေးပါသော မိတ်ကပ်ကိုတင်မောင်ဝင်း (လှအုပ်စိုး)၊ မိတ်ကပ်ကိုကျော်စိုးနှင့်လှအုပ်စိုးအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မလှဖြိုးဝေဝင်း၊ မင်္ဂလာပန်းကုံး ဗန်းကိုင်ဆောင် ပေးသော မသဥ္ဇာလှိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနှင်းအိပိုးဖြူ မေတ္တာဖြင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော မောင်ဝေယံမင်းသူ(ရွှေနှင်းဆီ)၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ဦးစိုးသိန်း(သန့်သန့်လေး)၊ ဓာတ်ပုံရိုက်ကူးပေးသော ကိုစိုးမိုးနှင့် ကိုအောင်ဇော်ဦး မင်္ဂလာဆောင်အခမ်းအနားကို ပြင်ဆင်ပေးပါသော Mawlamyine Strand Hotel မှ Events Manager မခိုင်သဥ္ဇာသိန်းနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကူညီသော နှစ်ဖက်မိတ်ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများနှင့် မင်္ဂလာပွဲလာ ဧည့်ပရိသတ်များအား မင်္ဂလာသတို့သား၊ မင်္ဂလာသတို့သမီးနှင့် နှစ်ဖက်သောမိဘများမှ အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာအောင်ကိုကိုဝင်း-မသရဖီလှိုင်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်(၁၂/F) နေ
ဦးအောင်ဇင် [ဌာနမှူး (ငြိမ်း)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ] - ဒေါ်ဝင်းကြည်
တို့၏သား

မောင်မြတ်သူရအောင်ဇင်
Bachelor of Engineering (Computer System)
The University of Adelaide;Australia
နှင့်

မအူပင်မြို့၊ စိမ်းမြကန်သာလမ်း၊ အမှတ်(၃၉/A) နေ
ဦးဆန်နီ [ဘူမိဗေဒအရာထမ်း(ငြိမ်း)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန] -
ဒေါ်မြင့်မြင့်သန်း [ဦးစီးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန] တို့၏သမီး

မနမ့်ခင်မြင့်မြတ်
Bachelor of Nursing Science
Registered Nurse(Tan Tock Seng Hospital;Singapore)

တို့၏ ၁၂-၂-၂၀၁၄ရက် အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇) တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်း ကောင်း၊ ၁၅-၂-၂၀၁၄ရက် (စနေနေ့) Summit Park View Hotel တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဝန်ကြီးချုပ်ရုံးဝန်ကြီး(ငြိမ်း) ဦးကိုလေးနှင့်ဇနီး ဒေါ်ခင်ခင်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုချီးမြှင့်ပေးပါသော တေးသံရှင်ရတနာဦး၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဖြူစံပယ်သင်း၊ မင်္ဂလာပန်းကြဲပေးပါသော မအေးအေးချမ်းမိုး၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော မောင်စိုပြေလင်းနှင့် စိုင်းဆန်းထက်အောင်၊ သတို့သမီးအရံများအဖြစ်ကူညီပေးပါသော မမျက်ချယ်မင်းခင်နှင့် မသက်ဦးခင်ခင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံလက်ဝတ်ရတနာဆင်မြန်းပေးခြင်းနှင့် ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Yes I Do အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်ပြင်ဆင်ချယ်သပေးပါသော Joe Joe အဖွဲ့အားလည်းကောင်း၊ တေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့နှင့်တေးသံရှင်များအားလည်းကောင်း၊ အခမ်း အနားဖြစ်မြောက်အောင် ကူညီပေးပါသော Summit Park View Hotel မှ တာဝန်ရှိသူနှင့် ဝန်ထမ်းများအား လည်းကောင်း၊ ကြွရောက်အားပေးချီးမြှင့်ကူညီပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ဧည့်ပရိသတ်များအား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မြတ်သူရအောင်ဇင်-မနမ့်ခင်မြင့်မြတ်

နိုင်ငံတကာအားကစားသတင်း

အက်ဖ်အေဖလား ဆန်းဒါးလန်းက ဆောက်သမ်တန်ကိုနိုင်

အင်္ဂလန်အက်ဖ်အေဖလား ပဉ္စမအဆင့် ပြိုင်ပွဲအဖြစ် ဆန်းဒါးလန်းနှင့် ဆောက်သမ်တန်တို့ ဖေဖော်ဝါရီ ၁၅ ရက်ညပိုင်းက ကစားရာ ဆန်းဒါးလန်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရသည်။

နည်းပြသစ် ပိုယက်စ်လက်ထက်၌ ရလဒ်ကောင်းများယူပြီး ကြိုးစားနေသော ဆန်းဒါးလန်းက ဆောက်သမ်တန်ကို ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်း မိနစ် ၅၀ ရောက်မှသာ ဂါ့ဒ်နာက ဆန်းဒါးလန်းအတွက် ဂိုးသွင်းယူပေးခဲ့သည်။

ဆောက်သမ်တန်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ဂိုးမသွင်းနိုင်ဘဲ ဆန်းဒါးလန်းတို့က တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့သည်။ **သီဟ**

ဆန်းဒါးလန်းမှ ဂါ့ဒ်နာ ဆောက်သမ်တန်ဘက်သို့ ဂိုးကန်သွင်းစဉ်။

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အင်္ဂလန်အက်ဖ်အေဖလား				**ဖေဖော်ဝါရီ ၁၆**
အဲဗာတန်	-	ဆွမ်ဆီး	ည	၈း၀၀
ရှက်ဖ်ဖီးယူနိုက်တက် -		နော်တင်ဟမ်	ည	၉း၃၀
အာဆင်နယ်	-	လီဗာပူး	ည	၁၀း၃၀
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၂၁				**ဖေဖော်ဝါရီ ၁၆**
အော့စ်ဘတ်	-	နုရင်ဘတ်	ည	၉း၀၀
ဟာသာဘာလင်	-	ဝုဖ်ဘတ်	ည	၁၁း၀၀
အီတလီစီးရီးအေ ပွဲစဉ်-၂၄				**ဖေဖော်ဝါရီ ၁၆/၁၇**
ကာတာနီးယား	-	လာဇီယို	ည	၆း၀၀
ဂျူဗင်တပ်စ်	-	ချီယေဗို	ည	၈း၃၀
ကက်ဂလီယာရီ	-	လီဗော်နို	ည	၈း၃၀
ဆက်ဆူအိုလို	-	နာပိုလီ	ည	၈း၃၀
အတ္တလန္တာ	-	ပါးမား	ည	၈း၃၀
ဂျီနိုအာ	-	အူဒီးနိစ်	ည	၈း၃၀
ရိုးမား	-	ဆမ်ဒိုးရီးယား	နံနက်	၂း၁၅
စပိန်လာလီဂါ ပွဲစဉ်-၂၄				**ဖေဖော်ဝါရီ ၁၆/၁၇**
ဂရန်နာဒါ	-	ဘက်တစ်	ည	၇း၃၀
ဂီတာဖေး	-	ရီးရဲမက်ဒရစ်	ည	၁၀း၃၀
ဘီလ်ဘာအို	-	အက်စ်ပန်ညို	နံနက်	၀၀း၃၀
ဆီဗီလာ	-	ဗလင်စီယာ	နံနက်	၂း၃၀
ပြင်သစ်လီဂူး ပွဲစဉ်-၂၅				**ဖေဖော်ဝါရီ ၁၆/၁၇**
လိုင်ယွန်	-	အဂျာစီယို	ည	၇း၃၀
အီဗီယန်	-	လိုင်လီ	ည	၁၀း၃၀
စိန့်အက်တီယန်	-	မာဆေး	နံနက်	၂း၃၀
အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်-၃၁				**ဖေဖော်ဝါရီ ၁၆**
ကျူပီအာ	-	ရီးဒင်း	ည	၁၀း၀၀

ဗြိတိန်အတွက် ပထမဆုံးရွှေတံဆိပ်ဆွတ်ခူး

ဗြိတိသျှ အိုလံပစ်အားကစားမယ် လစ်ဇီယာနိုးသည် ဆိုချီ ၂၀၁၄ အိုလံပစ်အားကစားပြိုင်ပွဲတွင် အမျိုးသမီး Skeleton ပြိုင်ပွဲတွင် ပထမဆုံး ဗြိတိန်နိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးခဲ့သည်။

အသက် ၂၅ နှစ်ရှိ ယာနိုးသည် အမေရိကန်မှ နိုးလီပီကပ်ပေ့စ် ထက် ၀ ဒသမ ၉၇ စက္ကန့်စောပြီး ပန်းဝင်ဗိုလ်စွဲခဲ့သည်။ ဗြိတိန်နိုင်ငံသည် အဆိုပါ Skeleton ပြိုင်ပွဲ၌ ဒုတိယအကြိမ်မြောက် ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ၄င်းမတိုင်မီက အေမီဝီလျံက ၂၀၁၀ ဗန်ကူဗာဆောင်းရာသီ အိုလံပစ်တွင် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။ **ကောင်းမြတ်သူ-စုစည်းသည်**

ဘာလော့တယ်လီ၏ နောက်ကျဂိုးဖြင့် အေစီမီလန်အနိုင်ရ

အီတလီစီးရီးအေ ပြိုင်ပွဲတွင် အေစီမီလန်နှင့် ဘိုလော့နာတို့ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာလော့တယ်လီ၏နောက်ကျဂိုးဖြင့် အေစီမီလန်တို့ အနိုင်ရလိုက်သည်။ ယင်းအနိုင်ရမှုသည် နည်းပြသစ် ဆီးဒေါ့ လက်ထက်တွင် တတိယမြောက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အိမ်ရှင် မီလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲပြီးရန် လေးမိနစ်အလိုတွင် ဘာလော့တယ်လီက ၂၅ ကိုက်အကွာမှ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မန်စီးတီးတိုက်စစ်မှူး ဟောင်း ဘာလော့တယ်လီသည် ယခုနှစ်ရာသီတွင် ၁၉ ဂိုးမြောက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ၄င်းသည် အေစီမီလန်ကို စီးရီးအေဇယား အလယ်ရောက်အောင် ပို့ပေးနိုင်ခဲ့သည်။

ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်းကြေညာခြင်း

မိုင်ကဲယူနီချမ်းကုမ္ပဏီလီမိတက် MYCARE Unicharm Co.,Ltd. ၏ လွှဲအပ်ချက်ရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ မြန်မာကဲယားပရောဒတ်ကုမ္ပဏီလီမိတက် (Myanmar care porducts Ltd.) အမည်မှ မိုင်ကဲယူနီချမ်းကုမ္ပဏီလီမိတက် MYCARE Unicharm Co., Ltd. အမည်ဖြင့် လုပ်ငန်းကို လွှဲပြောင်းရယူပြီးနောက် အမျိုးသမီးသန့်ရှင်းမှုသုံးပစ္စည်းများနှင့် ကလေးအညစ်အကြေးခံ သန့်ရှင်းသုံးပစ္စည်းများကို အမှတ် ၄၅၊ ဇုန် ၂၊ လှိုင်သာယာမှ ဆက်လက်ထုတ်လုပ်ရာတွင် မူလကုန်အမှတ်တံဆိပ်များဖြစ်သည့် MYCARE, Eva, Star, My baby တို့ကို ကုမ္ပဏီမူပိုင်အဖြစ် ဆက်လက်သုံးစွဲသွားမည်ဖြစ်ပါသည်။

ထို့အပြင် အမျိုးသမီးလစဉ်သုံး သန့်ရှင်းမှုအကာအကွယ်ပစ္စည်းအနေဖြင့် "SofyEva" နှင့် "Sofy" အမည်ဖြင့်လည်းကောင်း၊ ကလေးအညစ်အကြေးခံသန့်ရှင်းသုံးပစ္စည်းကို "Mamy Poko" အမည်ဖြင့်လည်းကောင်း၊ ကုန်အမှတ်တံဆိပ်အသစ်အဖြစ် မှတ်ပုံတင်သွင်းပြီးအသုံးပြုမည်ဖြစ်ပါသည်။

"Sofy" နှင့် "Mamy Poko" ကုန်အမှတ်တံဆိပ်အသစ် Logo များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၂။ မိုင်ကဲယူနီချမ်းကုမ္ပဏီလီမိတက် MYCARE Unicharm Co.,Ltd. မှ ထုတ်လုပ်သည့် သန့်ရှင်းမှုသုံး အညစ်အကြေးခံပစ္စည်းများအတွက် MYCARE (4/2478/1998)&(4/2481/1998), Eva (4/2480/1998) & (4/2479/1998), Star (4/2964/2012), Mybaby (4/9009/2009), SOFY Eva (4/13264/2013), Sofy (4/14238/ 2013), Mamy Poko (4/14237/2013) ကုန်အမှတ်တံဆိပ်များကို ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုမည်ဖြစ်ပြီး အဆိုပါကုန်အမှတ်တံဆိပ်များကို ကုမ္ပဏီမူပိုင်အဖြစ် အများသိစေရန်ကြေညာပါသည်။

၃။ ဤကုန်အမှတ်တံဆိပ်များကို တစ်စုံတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့၊ကုမ္ပဏီတစ်ခုခုမှ လိုက်လံတုပသုံးစွဲပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော်တင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၃၁)
တိုက် ၉/၁၁၊ အခန်း ၃၀၅၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၁၅၀၅၈

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/6025 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ရောင်းမည်

ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာ၊
ပေ ၃၀ × ပေ ၅၀
အဆင့်မြင့်ပြင်ဆင်ပြီး၊
အသင့်နေထိုင်နိုင်မည်။
ဖုန်း-၀၉-၂၅၀၄၉၇၇၉၀

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြဝတီ၊ ဦးပိုင်အမှတ် ၁၉၂၊ ဧရိယာ ၀ ဒသမ ၂၀၉၈ဧကရှိ ဦးအောင်သန်း အမည်ဖြင့် ပိုင်ဆိုင်သောအငှားဂရန်မြေကွက်အား ဦးအောင်သန်း ၉/တကန(နိုင်)၀၀၄၆၆၂(ဘ) ဦးထွန်းကြိုင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီးပေးကမ်းခြင်းစာချုပ်ရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်း၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၂၂)၊ (ခြောက်လွှာ) (ခေါင်းရင်းခန်း)ဟုခေါ်တွင်သောပေ(၁၂½×၅၀)အား ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်စိုး ၁၂/ဥကမ(နိုင်)၀၀၁၈၈၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ၁၃-၂-၂၀၁၄ ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ တရားဝင်ပိုင် ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးစန္ဒာမြင့်
LL.B, Dip in Business Law
WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၉၁)
ခြံအမှတ်(၆၈/A)၊ သမာဓိ(၆)လမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၆၀၆၄၂၊ ၀၉-၅၀၀၅၃၂၃

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၁၀ လမ်းနေ မောင်အောင်မျိုးသန့် ၁၂/ဥကတ(နိုင်)၁၆၀၅၈၈သည် မိဘစကားကို နားမထောင်ဘဲ ၄င်း၏ဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ၄င်းအား သားအဖြစ်မှ စွန့်လွှန်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဦးရွှေမြင့် ၁၂/ရကန(နိုင်)၀၂၁၉၆၆
ဒေါ်သန်းသန်းအေး ၁၂/ရကန(နိုင်)၀၂၁၉၆၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်အောင်မြတ်ဦး ၁၂/တမန(နိုင်)၁၀၉၆၇၉ သည် မိဘ စိတ်ဆင်းရဲအောင် အမျိုးအမျိုးပြုလုပ်ပြီး မိမိစိတ်သဘောအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝတာဝန်မယူပါကြောင်း အသိပေးအပ်ပါသည်။

မိခင် ဒေါ်ထရေဇီးနာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

ထို့အပြင် ဦးဝိစာရလမ်း-ဗိုလ်မှူးဗထူးလမ်းနှင့်ပင်လုံလမ်းတစ်လျှောက်အခြေပြုပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများလည်း ပြေးဆွဲပေးလျက်ရှိပါသည်။ အဆိုပါလမ်းများမှ ခရီးသည်များအနေဖြင့် မိမိတို့နှင့်ဆက်စပ်ယာဉ်ပြေးဆွဲလမ်းများမှ စီးနင်းနိုင်ပါသည်။ သို့ရာတွင် ယခုတင်ပြပါ လမ်းများမှ ပြည်သူလူထု၏ ယာဉ်ပြေးဆွဲပေးရန် လိုလားချက်အရ လမ်းများ၏အခြေအနေ၊ ခရီးသည်ရရှိနိုင်မှု၊ ပြေးဆွဲပေးသင့်သော ယာဉ်အမျိုးအစား စသည်တို့ကို လေ့လာပြီး ယာဉ်ပိုင်ရှင်များနှင့်ညှိနှိုင်းဆွေးနွေး၍ယာဉ်လိုင်းပြေးဆွဲနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၃။ **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ တက္ကသိုလ်အသီးသီးသို့ တက်ရောက်နေကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများ သွားလာရေး အဆင်ပြေစေရန် ကျောင်းဖယ်ရီ (သို့)ဘတ်စ်ကားလိုင်းများ ပြေးဆွဲပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍** ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ သွားလာမှုအတွက် အခြေပြုပြေးဆွဲယာဉ်လိုင်းပေါင်း ၂၇ လိုင်း၊ ယာဉ်စီးရေ ၅၇၃ စီး ပြေးဆွဲပေးလျက်ရှိပါသည်။ City Bus ယာဉ် ၃၄၂ စီး၊ ဒိုင်နာယာဉ် အစီး၉၀၊ BMယာဉ် ၁၄၁ စီးဖြစ်သည်။ ထို့အပြင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်သို့ ဖြတ်သန်းပြေးဆွဲယာဉ်လိုင်း လေးလိုင်းနှင့်ယာဉ်စီးရေ ၄၄ စီးရှိသည်။ ၃၆ ယာဉ်ကြီး(အဖြူယာဉ်လိုင်း)သည် ယာဉ်စီးရေ ၁၈ စီးဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်မှအခြေပြုပြေးဆွဲရန် ခွင့်ပြုချက်ရရှိပြီးဖြစ်၍ မကြာမီပြေးဆွဲပေးနိုင်မည်ဖြစ်သည်။ မထသ(ဗဟို)၏ စီမံမှုအောက်ရှိ ယာဉ်လိုင်းများမှ တက္ကသိုလ် ၁၀ ခုရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းကြိုယာဉ်များအဖြစ် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးထားသည့် မော်တော်ယာဉ်များမှာ ၅၄ စီးဖြစ်ပါသည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းကြို/ ပို့ယာဉ်အဖြစ် ညှိနှိုင်းဆောင်ရွက်ပေးထားသောယာဉ်မှာ ငါးစီးဖြစ်သည်။ ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်အရ စုပေါင်း၍ ကြို/ပို့ယာဉ်အဖြစ် ငှားရမ်းလိုပါက မထသ(ဗဟို)သို့အကြောင်းကြားလျှင် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **(၁၀၆) BMကားများအစား Air-Con Bus များပြေးဆွဲပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** (၁၀၆)ယာဉ်လိုင်းမှာ ဒိုင်နာယာဉ်များဖြင့် ပြေးဆွဲသောယာဉ်လိုင်း ဖြစ်ပါသည်။ ၁၀၆ ဒိုင်နာ(အဖြူ အပြာ)နှင့် (၁၀၆) ဒိုင်နာ(အနီ) ဟူ၍ ယာဉ်စီးရေ ၄၂ စီးဖြင့် နှစ်လိုင်းခွဲ၍ ပြေးဆွဲပေးပါသည်။ (၁၀၆) ဒိုင်နာ(အဖြူအပြာ)မှာ တောင်ဒဂုံဘုန်းကြီးကျောင်းကွေ့မှ စံပြဈေးဖြတ်၍ တာမွေဗလီသို့ ယာဉ်စီးရေ ၂၂ စီးဖြင့်ပြေးဆွဲပါသည်။ (၁၀၆)ဒိုင်နာ(အနီမှာ)တောင်ဒဂုံ(၈၈)ရပ်ကွက်မှစတင်ပြေးဆွဲပြီး သာကေတ (၇)ဈေး၊ ၄င်းမှ တာမွေ အခွန်လွတ်ဈေးထိ ယာဉ်စီးရေ ၂၀ ဖြင့် ပြေးဆွဲပါသည်။ ပုဂ္ဂလိက ယာဉ်ပိုင်ရှင်များ၏ ယာဉ်များဖြစ်ပါသဖြင့် ၄င်းတို့ ယာဉ်လဲလှယ်ပြေးဆွဲမှုအရသာ Air-Con Bus အဆင့်မြင့်ယာဉ်ဖြင့် အစားထိုးပြေးဆွဲမှုပြုလုပ်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်မှ ယာဉ်အိုယာဉ်ဟောင်း လဲလှယ်အစားထိုးတင်သွင်းမှုခွင့်ပြုချက်အရ ဒိုင်နာ၊ ဟိုင်းလပ်များအပ်နှံ၍ မီနီဘတ်(စ်)ယာဉ်များ အစားထိုးတင်သွင်းမှုပြုလုပ်လျက်ရှိပါသည်။ ဒိုင်နာ၊ ဟိုင်းလပ်ယာဉ်အစားထိုး၊ မီနီဘတ်(စ်)ယာဉ် ၈၇ စီး ပြေးဆွဲခွင့်တင်ပြလျက်ရှိရာ ၆၉ စီးမှာ ပြေးဆွဲခွင့်ပြုပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သည် အခြေခံလူတန်းစား အများဆုံးနေထိုင်သည့် မြို့နယ်ဖြစ်ပြီး အခြေခံလူတန်းစားများမှာ မိမိတို့စားဝတ်နေရေးအတွက် အခြားမြို့နယ်များသို့ သွားရောက်ပြီး အလုပ်လုပ်ကိုင်နေသူများဖြစ်ပါသည်။ သို့ပါ၍ မိမိတို့လုပ်ငန်းခွင်သို့ သွားရောက်ရာတွင် လိုင်းကားများကိုသာအားထား၍ သွားလာကြရသူများဖြစ်သောကြောင့် အဆိုပါလိုင်းကားများအား လူဦးရေ အချိုးအစားနှင့်ညီမျှမှုဖြစ်စေရေးအတွက် (မထသဌာန)အနေဖြင့် ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲသင့်ပါကြောင်းနှင့် လက်ရှိပြေးဆွဲနေသော လိုင်းကားများကိုလည်း အစီးရေတိုးချဲ့ပြေးဆွဲပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍** ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် လက်ရှိယာဉ်လိုင်းအဖွဲ့အစည်းပေါင်း ငါးဖွဲ့မှ ယာဉ်လိုင်းပေါင်း ၂၃ လိုင်း ယာဉ်စီးရေ ၅၂၃ စီးပြေးဆွဲပေးလျက်ရှိပါသည်။ ယာဉ်အမျိုးအစားအနေဖြင့် City Bus ယာဉ် ၂၇၂ စီး၊ BM ယာဉ် ၁၂၉ စီးနှင့် ဒိုင်နာယာဉ် ၁၂၂ စီးဖြစ်ပါသည်။ ထို့အတူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တစ်ခုလုံးတွင် ဖြတ်သန်းပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းပေါင်း ၁၂ လိုင်းနှင့် ယာဉ်စီးရေ ၁၅၈ စီးရှိပါသည်။ နိုင်ငံတော်မှ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုစနစ် ဖော်ဆောင်သည့်အခါ ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ပြေးဆွဲနေသော ချက်ပလက်ယာဉ်လိုင်းများ လျော့နည်းသွားခဲ့ပါသည်။ သို့ရာတွင် ယာဉ်သစ်များ အစားထိုးတင်သွင်းသည့်အခါ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ ခရီးသွားပြည်သူလူထုများ၏ ဆက်သွယ်ဆောင်ရွက်မှုများကြောင့် ယာဉ်ပိုင်ရှင်များနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ရာ အစားထိုးတင်သွင်းယာဉ် City Bus ယာဉ်လိုင်း ငါးလိုင်းအင်အားဖြည့် ပြေးဆွဲသော ယာဉ်ကြီးတစ်လိုင်း၊ စုစုပေါင်းခြောက်လိုင်း City Bus ယာဉ်စီးရေ ၁၄၀ စီးအား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ အခြေပြု ပြေးဆွဲရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ နောင်တွင်လည်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ပြေးဆွဲလိုသော ယာဉ်လိုင်းများဖြစ်ပေါ်လာရန် ကြိုးပမ်းညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(အရှေ့ပိုင်း) ခရိုင်ရုံးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် တည်ရှိပြီး ကညနရုံးဝင်းအတွင်း စည်ပင်ရုံး၊ အာမခံရုံး၊ ယာဉ်အမှုစစ်ရုံးနှင့် ဖွင့်လှစ်ထားသော်လည်း အာမခံရုံးမှာ ယာဉ်မောင်းလိုင်စင်အာမခံအတွက်သာ ပေးသွင်းလက်ခံပြီး ယာဉ်လိုင်စင်အတွက် အာမခံကြေးပေးသွင်းမှုအား လက်ခံခြင်းမရှိပါ။ ယာဉ်လိုင်စင် သက်တမ်းတိုးရန်အတွက် မြန်မာ့အာမခံလုပ်ငန်းရှိရာ ရန်ကုန်မြို့၊ လမ်း၃၀ တွင် သွားရောက်ပေးသွင်းဆောင်ရွက်ရပါသည်။ နေ့ချင်းပြီးယာဉ်လိုင်စင် သက်တမ်းတိုးဆောင်ရွက်လိုရာတွင် မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုများကြောင့် လမ်း ၃၀ သို့ အာမခံကြေးသွားရောက်ပေးသွင်းရာမှာ လွန်စွာအခက်အခဲရှိပါသည်။ ကညနတောင်ဒဂုံရုံးဝင်းအတွင်းတွင် ဖွင့်လှစ်ထားသည့် အာမခံလုပ်ငန်းဌာနတွင် ယာဉ်အာမခံကြေးပေးသွင်းမှု လက်ခံဆောင်ရွက်ပေးပါက ယာဉ်ပိုင်ရှင်များအနေဖြင့် တစ်နေရာတည်းတွင် ယာဉ်သတ်တမ်းတိုးခြင်း One Stop Service ဖြင့် ဆောင်ရွက်နိုင်မည့် အပြင်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုကိုလည်း တစ်ဖက်တစ်လမ်းမှလျှော့ချပေးရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး လုပ်ငန်းများ တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်၍ အချိန်ကုန် သက်သာပြီး လုပ်ငန်းမြန်ဆန်မည်ဖြစ်သဖြင့် အရှေ့ပိုင်းခရိုင် ကညနရုံး (ဒဂုံ/တောင်)တွင် ယာဉ်အာမခံကြေးပေးသွင်းမှုအား လက်ခံ ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကညနမှ အဓိကဆောင်ရွက်ပေးနေသည့် ယာဉ်မောင်း လိုင်စင်လုပ်ငန်းနှင့် ယာဉ်မှတ်ပုံတင်လုပ်ငန်း(၂)ရပ်အနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းလိုင်စင် အာမခံလုပ်ငန်းကို ကညနရုံးများတွင် မြန်မာ့အာမခံမှ တွဲဖက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မော်တော်ယာဉ် အာမခံလုပ်ငန်းကိုမူ ဝန်ထမ်းအင်အား အခြေအနေနှင့် လုပ်ငန်းအခြေအနေအရ တွဲဖက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ။ မော်တော်ယာဉ် အာမခံလုပ်ငန်းများ ကညန ရုံးများတွင် တွဲဖက်ဆောင်ရွက်ခြင်းကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပြည်ထောင်စုနေ့ အခမ်းအနားများကျင်းပ

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက ဖတ်ကြားစဉ်။ **(မြို့နယ်အုပ်ချုပ်ရေးမှူးရုံး)**

● ● ● ● ● ● ● ● ● ● ● ● ● ●

တောင်ဥက္ကလာပ

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၁)ရပ်ကွက် မေတ္တာလမ်းထောင့်ရှိအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ဖတ်ကြားသည်။ **(၀၀၄)**

● ● ● ● ● ● ● ● ● ● ● ● ● ●

ပူတာအို

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကချင်ပြည်နယ် ပူတာအိုမြို့နယ် အထက ပူတာအိုကျောင်းရှေ့ကွင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက ဖတ်ကြားသည်။ **ဖုန်ကန်(ပူတာအို)**

● ● ● ● ● ● ● ● ● ● ● ● ● ●

တန့်ယန်း

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မြို့နယ် ပြည်ထောင်စုအားကစားကွင်းကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က ဖတ်ကြားသည်။ **မင်းလွင်ဦး**

မြန်မာ့ရိုးရာဓလေ့ ထမနဲထိုးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းပေါ်ရှိ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး ရှေ့၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မြတ်ငွေနှင့် နာယကအဖွဲ့ဝင်များလှည့်လည်ကြည့်ရှုအားပေးစဉ်။ တင်မောင်(မန္တလေး)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က)	2 KW Radio FM Transmitter	1 Set
(ခ)	1 KW Radio FM Transmitter	2 Sets
(ဂ)	500 W Radio FM Transmitter	2 Sets
(ဃ)	ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်း(ရေကူးစတူဒီယို)	1 Lot
(င)	Convergence News Room System	1 Lot
(စ)	Digital Mobile News Gathering System	4 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၂-၂၀၁၄ ရက်မှ ၁၆-၂-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃ အိတ်ဖွင့်တင်ဒါများကို ၁၇-၂-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ(G-40) Defomed Bar (Ø25 mm) (3000 Tons) အား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)အား ၁၉-၂-၂၀၁၄ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော ကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)အား ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ရွှေဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင်
ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး (၁၅၁)ကြိမ်မြောက်
ဗုဒ္ဓပူဇနိယ ပွဲတော်ကျင်းပမည်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်ရှိ ရွှေဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏(၁၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

(က) ၁၆-၂-၂၀၁၄ရက် နံနက် ၅ နာရီ ဆွမ်းတော်ကြီးကပ်လှူပူဇော်ခြင်း
(ခ) ၁၆-၂-၂၀၁၄ရက် မှ ၁၈-၂-၂၀၁၄ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း
(ဂ) ၁၈-၂-၂၀၁၄ရက် ညနေ ၄း၃၀နာရီတွင် ဘုရားပွဲတော်ကို အခမ်းအနားဖြင့် ဖွင့်လှစ်ခြင်း
(ဃ) ၁၈-၂-၂၀၁၄ရက်မှ ၁-၃-၂၀၁၄ရက်အထိ ဇာတ်သဘင်များဖြင့် ဖျော်ဖြေခြင်း
(င) ၂၈-၂-၂၀၁၄ရက် ညနေ ၄နာရီတွင် ပင့်သံဃာအပါး၂၀၀တို့အား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲဖောက်လှူဒါန်းခြင်း

၂။ ပွဲတော်ကာလအတွင်း ဆွမ်း၊ ကွမ်းလှူဒါန်းလိုသူ အလှူရှင်များသည် စေတီတော်ဂေါပကရုံး ဖုန်း-၀၁-၆၆၀၀၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့

အမည်ပြောင်း

ထန်တလန်မြို့နယ် ငါဖိုင်ပီးကျေးရွာနေ ဦးတလေဘောင်၏ သမီး မဆီးခင်း ၄/ထတလ(နိုင်)၀၂၉၆၉၀အား မစီးခိပ်ဟု ပြောင်းလဲခေါ်ပါရန်။

အလောင်းတော်ကဿပ စံကျောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် ပုပ္ပားကျောင်းတိုက်တွင် အနန္တငါးပါးဦးထိပ်ထားလျက်(မဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တပဏ္ဍိစ္စကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီးတွင် မရှိသေးသော အလောင်းတော်ကဿပ မထေရ်မြတ်ကြီးကို အလွယ်ဖူးမျှော်နိုင်ရန် စံကျောင်းတော်နှင့် ကဿပရုပ်ပွားတော်မြတ်ကြီးကို ပြုလုပ်နေပါသဖြင့် ဘိလပ်မြေတစ်အိတ် ၅၀၀၀ကျပ်၊ ပြတင်းပေါက်တစ်ခန်းငါးသိန်းကျပ်၊ သဘာဝကျောက်ပြားတစ်ကျင်းနှစ်သိန်းကျပ်တို့ဖြင့် မိမိတို့၏အဓိဋ္ဌာန်မြောက်ဖြင့် ဖုန်း-၀၁-၆၀၀၀၂၈၊ ၀၉-၄၂၅၀၂၅၈၆၈၊ ၀၉-၄၂၀၀၇၄၂၄၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဥပဒေအရာရှိ(အငြိမ်းစား)များအား
ဖိတ်မန္တကပြုခြင်း

ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဥပဒေအရာရှိ(အငြိမ်းစား)များ ပြန်လည်တွေ့ဆုံ၍ နံနက်စာသုံးဆောင်ကြရန် ၁-၃-၂၀၁၄ရက်(စနေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း တောင်ဝင်နှင်းဆီ စားသောက်ဆိုင်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးဟန်ထူး-ဥပဒေအရာရှိ(အငြိမ်းစား)
ဖုန်း-၀၉-၅၁၀၆၇၀၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အငှားယာဉ်လုပ်သားတို့၏ မေးမှိန်လာသောအနာဂတ်ဘဝများ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-မောင်သင်းပျို့

အဝေးသို့ ငေးကြည့်နေသော အငှားယာဉ်ဂိတ်မှူး ဦးမြင့်သောင်း၏ မျက်လုံးများက မျှော်လင့်ခြင်းတို့ ကင်းမဲ့လျက်ရှိနေသည်။ မူကြို လမ်းဆုံအနီး လက်ဖက်ရည် ဆိုင်ထောင့်မှဈေးဝယ်ပြန်သူများက ဆိုက်ကားဂိတ်ကို လှည့်မကြည့်တော့ဘဲ မြန်မြန်ဆန်ဆန်ရောက်ပြီး ကျပ် ၅၀၀ ဈေးနှုန်းတူသော ဆိုင်ကယ်ကိုသာ စီးနင်းသွားနေကြသည့်အပြင်လိုင်စင်မဲ့ ဆိုက်ကားများကလည်း အလျှိုလျှို ပေါ်လာသည့်အခါ လိုင်စင်ဂိတ်မှ ဆိုက်ကား ၁၅ စီးမှာ နေမြင့်လာသည့်တိုင် တစ်စီးမှ ဈေးဦးမပေါက်နိုင်တော့။ ခရီးသည် လာနိုးဖြင့် မျှော်ရင်း အလှည့်ကျထွက်ရမည့်ဆိုက်ကားပေါ်တွင် ထိုင်သူကထိုင်၊ ဂိတ်တဲပေါ်တွင်လဲလျောင်းရင်း၊ မျှော်လင့်ချက်မဲ့ဟိုငေးသည်ငေး ငေးကြည့်ရင်းဖြင့် လမ်းဆုံဆိုက်ကား ဂိတ်လေးသည် သက်မဲ့ပန်းချီကားတစ်ချပ် ပမာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

မြို့သစ်တည်ချိန်မှစ၍ ယနေ့ထိ တရားဝင်လိုင်စင် ဆိုက်ကား ၁၄၁၄ စီး ချပေးထားပြီး လမ်းပေါ်တွင် လိုင်စင်မဲ့ ဆိုက်ကား ၃၈၈၆ စီးခန့် ပြေးဆွဲလျက် ရှိနေသည်။ ဆိုင်ကယ်အစီးရေ တစ်သောင်းကျော်တွင် နေ့/ညကယ်ရီဆွဲနေသော ဆိုင်ကယ်မှာ စီးရေ ၂၅၀၀ ကျော်ရှိနေသည်။ လိုင်စင်ရှိ အငှားယာဉ်ဂိတ် ၂၄ ဂိတ်တွင် လိုင်စင်မဲ့ဂိတ်များက ၉၀ ကျော်ရှိနေသောကြောင့် တရားဝင်အခွန်ဆောင်နင်းနေရသော အငှားယာဉ် လုပ်သားတို့၏ မိသားစုလူမှုဘဝများသည် ယိုင်နေရာမှယိမ်းလာပြီး ပြိုလဲကျလုလု အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ဂိတ်မှူးဖြစ်သူ ဦးမြင့်သောင်းမှာ ဘဝတူလုပ်သားတို့၏ ခံစားနေရသော မိသားစုစားဝတ်နေရေး ပိုမိုကျပ်တည်းလာမှုကို တတ်စွမ်းသလောက် ကူညီဖြေရှင်းပေးခဲ့သည့်တိုင် ဂိတ်သားများဝင်ငွေနည်းလာရာမှ ဈေးဦးမပေါက်သောရက်များ ကြာမြင့်လာသောအခါ မိမိထက်ငယ်သည့် လူရွယ်ဂိတ်သားများကို ရင်သပ်၊ ကျောသပ်ဖြင့် ဖျောင်းဖျနေရသည်မှာ နေ့စဉ်နှင့်အမျှဖြစ်သည်။ ယခုလည်း သူတို့မိသားစုလိုက်ဖျားနေသည်မှာ သုံးရက်ရှိပြီဖြစ်သည်။ ငွေ ၁၀၀ ချေးလျှင် ၃၀ ကျပ် အတိုးနှုန်းဖြင့် ချေးယူထားသော ငွေသုံးသောင်းအတွက် ၂၆ ရက်အတွင်း ငွေ ၃၉၀၀၀ ပြည့်အောင် နေ့စဉ် ငွေကျပ် ၁၅၀၀ ပေးသွင်းနေရသည်မှာ ၁၀ ရက်ရှိပြီဖြစ်သည်။ ဆိုက်ကားရှိနေ၍အတိုးဖြင့် ချေးပေးခြင်းဖြစ်သည်။ နေ့စဉ်သွင်းငွေကိုလည်း မှန်မှန်သွင်းနေရသည်။ နှစ်ရက်စာပေါင်းသွင်းရသော နေ့သည် အိမ်တွင်းမီးဖိုချောင်အခက်တွေ့ရသောနေ့ပင် ဖြစ်သည်။ ဂိတ်မဆွဲရသောကြောင့် အငှားယာဉ်လုပ်သားများမှာ ဘောက်အလုပ်ဖြစ်သော ကမ်းနားတွင်သဲ၊ ကျောက်ထမ်းသူထမ်း၊ ပန်းရန်လုပ်သူလုပ်ဖြင့် ဝင်ငွေဖြည့်ဆည်းကြရသည်။ ပင်ပန်းမှုကို အနားယူရင်း ဂိတ်တဲပေါ်မှ စီနီယာ အလှည့်ကျမည့် အချိန်ကို စောင့်နေကြသော အငှားယာဉ် လုပ်သားများကို တစ်ချက်ဝေ့ကြည့်စဉ် ခရီးသည်ဝင်လာသဖြင့် တက်ကြွသောအသံဖြင့် "ဈေးဦး ပေါက်ပြီဟေ့၊ ရွှေလင်ပန်းလမ်းဆုံကိုခရီးသည်ပို့မယ်၊ စီနီယာ (၁)သွားလို့ရပြီ"ဟု လုပ်သားတစ်ဦးကို လှမ်းပြောရင်း လက်မှနာရီကို ကြည့်မိရာနံနက်၁၀နာရီခွဲပြီဖြစ်သည်။

ဤမြို့နယ်လေးတွင် လိုင်စင်မဲ့ဆိုက်ကားများ ၂၀၀၈ ခုနှစ်မှစ၍ တဖြည်းဖြည်းများပြားလာရာ ၂၀၁၁ ခုနှစ်တွင် ဆိုင်ကယ်ကယ်ရီများပြေးဆွဲလာသည့်အတွက် အငှားယာဉ်ပြဿနာမဖြေရှင်းနိုင်သေးခင်ဂိတ်ထိုးပြေးဆွဲသည့် ဆိုင်ကယ်ပြဿနာကတစ်ပူပေါ် နှစ်ပူဆင့်ဖြစ်ပေါ်လာခဲ့သည်။ အခွန်ဆောင်ထားသောဆိုက်ကား ၁၄၁၄ စီး၏ အငှားယာဉ်မိသားစုတို့ဘဝရပ်တည်မှုမှာ ဆိုက်ကားဝင်ငွေပေါ်တွင်ရပ်တည်နေရသည်။ ကျောင်းသား ကျောင်းသူလေးများပညာသင်ကြားနေကြပြီး လူမှုရေး၊ သာရေး၊ နာရေးသည်လည်း ဤဆိုက်ကားဝင်ငွေပေါ်မှာပင် ဖြေရှင်းနေရသည်။ တရားမဝင်ဆိုက်ကား၊ ဆိုင်ကယ်များ အဆမတန် များပြားလာသောအခါ ဥပဒေ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီဆောင်ရွက်နေသူတို့၏ အခြေခံလူမှုစီးပွားဘဝများ ယိမ်းယိုင်လှုပ်ခတ်မှုဆီသို့ ဦးတည်နေပြီဖြစ်သည်။ အငှားယာဉ်ဂိတ်ပေါင်း ၁၂၀ တွင် ဂိတ်၉၀သည် လိုင်စင်မဲ့ဆိုက်ကားများဖြစ်သည့်အပြင် လမ်းမကြီးနှစ်ခုနှင့်ဈေး၊ လမ်းဆုံ၊ လမ်းထိပ်တို့တွင် ဆိုင်ကယ်ကယ်ရီများ ပြေးဆွဲလျက်ရှိသောကြောင့် တရားဝင် အစီးရေထက်များသောဆိုင်ကယ်၊ ဆိုက်ကားများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား ရှင်းလင်းပေးရန် လိုအပ်နေပြီဖြစ်သည်။

ဤမြို့နယ်တွင် လူဦးရေတိုးပွားလာပြီး အငှားယာဉ်လိုင်စင်ရှိဆိုက်ကားမတိုးလာသော်လည်း လိုင်စင်မဲ့ဆိုက်ကား ထောင်ချီတိုးလာသည့်အတွက် တရားဝင်ဆိုက်ကား ၁၄၁၄ စီးမှာ ရှာဖွေစားသောက်စရာနေရာ ရှားပါးလာပြီး အငှားယာဉ်လုပ်သားမိသားစုတို့၏ အနာဂတ်တို့၏ အလင်းရောင်သည်လည်း မေးမှိန်လာပြီ ဖြစ်သည်။ ဆိုင်ကယ်ဆီကျပ်တစ်ထောင်ဖိုး ထည့်လျှင် ငွေကျပ် ၅၀၀ တန်ဆိုက်ကားခရီးကိုအခေါက်ငါးခေါက်ထိပြေးဆွဲနိုင်သည့်အတွက်ဆိုင်ကယ်များ ပေါ်များလာသည့်နည်းတူ ခရီးသည်များကလည်း ဆိုင်ကယ်ကိုသာ စီးနင်းလာကြသောကြောင့် လိုင်စင်ရှိအငှားယာဉ်ဂိတ်မှ လုပ်သားများမှာတုံးလုံးစာထက်မတတ်တစ်ကိုပင်မနည်း ရုန်းကန် ရှာဖွေနေကြရသည်။

မြို့နယ်အတွင်း လိုင်စင်ဆိုက်ကားတစ်စီးလျှင် ငါးသိန်း၊ ခြောက်သိန်းရှိပြီးအိုးနာကြေးတစ်ရက် ငွေကျပ် ၈၀၀ ပေးရသည်။ ဆိုက်ကား ဆွဲကောင်းသောရုံးထိပ်လိုနေရာ၌ လိုင်စင်ဆိုက်ကားတစ်စီးနေရာတွင် အစားထိုး၍ ပြေးဆွဲလိုပါက ၁၀ သိန်းပေးရသည်။ နေရာကောင်းသောကြောင့် ၆၅ စီးပြေးဆွဲနေသော ထိုဂိတ်လိုနေရာမျိုးတွင် အငှားယာဉ် လုပ်သားအနည်းစုအဆင်ပြေကြသော်လည်း ဆိုင်ကယ်ကယ်ရီများ၊ လိုင်စင်မဲ့ဆိုက်ကားများ အနီးအနားတွင် ပြေးဆွဲလာပြီဖြစ်၍ မပြေလည်မှုပြဿနာများကြုံတွေ့လာနေရပြီဖြစ်သည်။

မြို့နယ်တွင် ဖြစ်ပွားသော အငှားယာဉ်ပြဿနာသည် ယနေ့ထိ ရှုံးချိန်းတို့ဖြင့် ရှုပ်လရှိပြီဖြစ်သည့်တိုင် မပြီးပြတ်သေးသောကြောင့် မိသားစုစားဝတ်နေရေးကို ကာလရှည်ကြာ ထိခိုက်လာသော အငှားယာဉ်လုပ်သားတို့၏ နာကျင်မှုက အငှားယာဉ်လုပ်သားတို့ရှိသည့်နေရာတိုင်းတွင် ပျံ့လွင့်နေမည်ဖြစ်သည်။

အငှားယာဉ်ဂိတ်မှူး ဦးမြင့်သောင်းမှာစက်ရုံခေါင်မိုးစွန်းတွင် မေးတင်နေသော ဆည်းဆာနေဝန်းကို တစ်ချက်ကြည့်ရင်း အိတ်ကပ်အတွင်းမှ ငွေနှစ်ထောင်ကို စမ်း၍ အတိုးငွေအတွက်ကျပ် ၁၅၀၀ ပေးသွင်းပြီးပါက ကျန်ငွေကျပ် ၅၀၀နှင့်ညစာကို မည်သို့ဖြေရှင်းရမလဲဟု တွေးတောလျက် ဆိုက်ကားကို အတွေး တစ်ပတ်၊ ခံစားချက်တစ်ပတ်၊ မျှော်လင့်ချင်း တစ်ပတ်ဖြင့် တစ်လိမ့်ချင်းလိမ့်ကာ မျှော်လင့်ခြင်းများစွာဖြင့်သူ့ပြန်အလာကို စောင့်မျှော်နေကြမည့် မိသားစု၏ မျက်ဝန်းတို့ကို ရင်ဆိုင်ရန် ပင့်သက်တစ်ရှိုက်ကို ရှူသွင်းလိုက်ပါသည်။ ။

ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၇၇ မှု (အလေးချိန် ၅၈ ဒသမ ၉၁၄ ကီလို)၊ ဘိန်းဖြူ ၂၀ မှု (အလေးချိန် ၄ ဒသမ ၂၇၈ ကီလို)၊ ဘိန်းဆီခဲ ၁၃ မှု (အလေးချိန် ၄၀ ဒသမ ၁၉၂ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၄ မှု (အလေးချိန် ၁ ဒသမ ၅၀၀၄ ကီလို)၊ ဆေးခြောက် ၁၆ မှု (အလေးချိန် ၂၆ ဒသမ ၆၂၄၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄ မှု (၁၅၅၆၀၂၆ ပြား)၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် (၀ ဒသမ ၀၀၀၃ ကီလို)၊ ဘိန်းစာမှုန့်သုံးမှု (အလေးချိန် ၂၂၆ ဒသမ ၃၉၂၅ ကီလို)၊ ဆူဒိုအက်ဖီဒရင်း အာနိသင်ပါ ဆေးပြားသုံးမှု (၂၆၁၆၈၀၀ ပြား)၊ တရာမဒေါလ် တစ်မှု(၂၀ တောင့်)၊ ဆိုဒီယမ်ဟိုက်ဒရောဆိုက် (၁၀၀ ကီလို)၊ ဘိန်းရည် သုံးမှု (၆၀၆၀ ဒသမ ၁၆၃၀ လစ်တာ)၊ အိုက်စ် သုံးမှု (၁၈ ဒသမ ၀၈၉၆ ကီလို)၊ အမိုနီယမ်ကလိုရိုဒ် (၅ ဒသမ ၆၀ ကီလို)၊ ဘိန်းဆီရည် တစ်မှု (၁၀၃ လစ်တာ)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် (၁၂ လီတာ)၊ ဘိန်းညိုမှုန့် သုံးမှု (၀၈၈၁ ဒသမ ၁၂ ကီလို)၊ အခြား ၁၁ မှု မှတ်ပုံတင်ပျက်သုံးမှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၂၆ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ(အမျိုးသား) ၆၆၇ဦး၊ အမျိုးသမီး ၁၁၈ဦး စုစုပေါင်း ပြစ်မှုကျူးလွန်သူ ၇၈၅ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေတာရှည် အထက(၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရေတာရှည် အထက၌ ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး၊ တွေ့ဆုံညစာစားပွဲကို ၁-၃-၂၀၁၄ရက်(စနေနေ့) ညနေ ၅နာရီတွင် ကျင်းပပါမည်။

ကျောင်းသား ကျောင်းသူဟောင်းများအားလုံးနှင့် ယင်းကျောင်း၌ ပညာသင်ကြားပေးခဲ့သော ပင်စင်ယူပြီးကြသည့် ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဥက္ကဋ္ဌ	ဦးမောင်မောင်(ရေတာရှည်)	ဖုန်း-၀၉-၄၂၈၂၀၇၇၈
	ဦးခင်မောင်သိန်း(ရန်ကုန်)	ဖုန်း-၀၉-၇၃၁၄၆၇၇၇
	ဦးအောင်ဋ္ဌေးဝင်း(ရန်ကုန်)	ဖုန်း-၀၉-၄၂၁၀၆၉၃၆၆
	ဦးဝင်းမောင်(မန္တလေး)	ဖုန်း-၀၉-၇၃၃၁၆၆၇

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ် နယ်မြေ(၁)နေ ဒေါ်ကစ္စနားကူမာရီ၏သမီး မမနန်းဒီရာ(ခ)မဲသီတာ ၅/ကလထ(နိုင်)၂၁၀၄၉၂သည် မိခင်အား ဂုဏ်သိက္ခာကျစေသော ဆောင်ရွက်သည့်အပြင် မိခင်အားလိမ်လည်ပြီး အသိမပေးဘဲနေအိမ်မှ ထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်း ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။) ဒေါ်ကစ္စနားကူမာရီ ကလေးမြို့

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးကျော်တင့်-ဒေါ်နီနီဝင်း(မမိစာ)တို့၏ သားကြီး၊ မောင်သာပြည့်၊ မောင်ဆန့်ကျော်တို့၏အစ်ကိုကြီး
ဗိုလ်ကြီးချမ်းမြေ့အောင် B.Sc(Physics), D.S.A
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ ဦးတင်လတ်(စာချုပ်စာတမ်းအကျိုးဆောင်နှင့် ကုမ္ပဏီဥပဒေအကြံပေး)-ဒေါ်မြင့်မြင့်ကြည်တို့၏ အငြွသမီးကြီး၊ ဗိုလ်မှူးကျော်ဦးနိုင်-မမေသွယ်တင်လတ်တို့၏ အငြွအစ်မ
မမေသွယ်တင်လတ်
(LL.B, D.B.L, D.I.L) အထက်တန်းရှေ့နေ
တို့သည် ၈-၂-၂၀၁၄ ရက်နေ့၌ နှစ်ဖက်လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။ နှစ်ဖက်မိဘများနှင့် ဗိုလ်ကြီးချမ်းမြေ့အောင်-မမေသွယ်တင်လတ်

တန်ပြန်ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ... မြို့နယ် ... [illegible] ... Hein Htet San Law Firm ...

မသက်ထားစံ(ခ)နိုးနိုးအတွက် မွေးနေ့ဆုတောင်း

သက်နှင့်စံထား	- သက်ထားမီးယပ်
ဆယ့်ခြောက်နှစ်ဝယ်	- တိုင်ခဲ့ပြီကွယ်
ဆယ့်ခွန်အစ	- ရက်မြတ်မှသော်
နှစ်တစ်ရာကျော်	- ပျော်ပါစေကွယ်
ဖေဖေမီးငယ်	- တင့်တယ်လင်းလက်
ပညာထက်မြက်	- ဉာဏ်ရည်တက်တယ်
ကြီးမားဂုဏ်သိမ်	- စည်းစိမ်ဥစ္စာ
ကျန်းမာပြည့်ဖြိုး	- ခွန်အားတိုးကာ
အမျိုးဘာသာ	- သာသနာကျိုး
သယ်ပိုးရွက်ဆောင်	- ဤလူ့ဘောင်ဝယ်
မီးငယ် 'တ' တိုင်း	- မဆိုင်း 'ရ' စေ
ဖေမေဆုခြွေ	- တောင်းဆုဝေ၏

နှစ်ဖက်သော အဘိုးအဘွားများနှင့်
ဖေဖေ-ဒုတိယဗိုလ်မှူးကြီးကောင်းမြတ်
မေမေ-ဒေါ်ခင်အေးရီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀/၁၉၉၂၊ Toyota Liteace KM 75,P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိန်အေး ၁၂/ဗဟန(နိုင်)၀၂၅၀၃၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကျိုက်မော်ဝန်းရေလယ်စေတီတော် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောက်တန်းမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်ကျိုက်မော်ဝန်းရေလယ်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၃ ရက်မှ တပေါင်းလပြည့်နေ့ (မတ်လ ၃ ရက်မှ ၁၅ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဂေါပကအဖွဲ့က စီစဉ်ထားရှိသည်။

ယခုနှစ်တွင် ကျင်းပမည့် ဗုဒ္ဓပူဇနိယပွဲတော်သည် (၁၀၄)ကြိမ်မြောက်ဖြစ်ပြီး မတ် ၃ ရက်တွင် ပွဲတော်ဖွင့်ပွဲအခမ်းအနားကို မင်းကျောင်းလမ်းနှင့် မြို့မဈေး (ရေလယ်ဘုရားလမ်းဆုံ)ရှိ ပွဲတော်မုခ်ဦး၌ ကျင်းပမည်ဖြစ်သည်။ **(အပေါ်ပုံ)**

မတ် ၅ ရက်မှ ၇ ရက်အထိ ဓမ္မပူဇာသဘင်တရားပွဲများကို ရေလယ်ဘုရား ယာဉ်ရပ်နားကွင်းတွင်လည်းကောင်း၊ မတ်လ ၁၁ ရက်မှ ၁၅ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပွဲကို ရေလယ်စေတီတော် ငါးစပ်ဘုရားတန်ဆောင်းတွင်ပြုလုပ်ပြီး တပေါင်းလပြည့်နေ့ အရုဏ်တွင် စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ အရုဏ်ဆွမ်း ဆက်ကပ်ပူဇော်ခြင်း၊ နံနက် ၁၀ နာရီတွင် မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းများမှ ပင့်သံဃာ(၁၇၅)ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ ၁ နာရီတွင် ရွှေမော်ဝန်းသာသနာ့ဗိမာန်မှ ရေလယ်ဘုရားဆိပ်အထိ လမ်းတစ်လျှောက်ရှိအလှူရှင်များ ကဆွမ်းဆန်တော်လောင်းလှူကြရန် စီစဉ်ထားကြသည်။

လပြည့်နေ့ညတွင် မော်ဝန်းမြစ်၏ အလယ်၌ တည်ထားကိုးကွယ်သည့် ကျိုက်မော်ဝန်း ရေလယ်စေတီတော်မြတ်အား မြစ်အတွင်းမှ ဆီမီး ၅၀၀၀ မီးမျှော ပူဇော်ခြင်းဖြင့် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ ပူဇော်ပြီး ပျော်ပွဲရွှင်ပွဲများ အနေဖြင့် မတ် ၃ ရက်မှ ၁၀ ရက်အထိ ဖိုးချစ်ဇာတ်သဘင်၊ မြဝတီအငြိမ့်၊ မြတ်နိုးမှုသဘင်၊ ဆိုကြပျော်ကြဂီတညအစီအစဉ်၊မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ကူးတို့သမအသင်းဝင်များ၏သမ္ဗန်ခတ်ပြိုင်ပွဲများစီစဉ်ထားရှိကြောင်းသိရသည်။ **(ဝဇ၁)**

ကသာမြို့နယ် ရေဘုတ်ကျေးရွာ ဧရာဝတီမြစ်ကမ်းဘေးမှ တမလန်းဓားရှေတုံး၃၄တုံးနှင့်တမလန်းတိုင်၂၆ တုံး ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိ

ကသာ ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ရေဘုတ်ကျေးရွာ ဧရာဝတီမြစ်ကမ်းဘေးမှ ပိုင်ရှင်မဲ့ တမလန်းဓားရှေတုံးများနှင့် တမလန်းတိုင်များ တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင် ရဲတပ်ဖွဲ့မှူး၏ တရားမဝင်သစ်ဖမ်းဆီးရေးညွှန်ကြားချက်အရ ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီခွဲတွင် ကသာမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းထိုက်၊ ကသာမီးသတ်ဦးစီးမှူး ဦးသန်းဝင်း၊ ကသာမြို့မရဲစခန်းမှူး ဒုရဲမှူး မိုးသူရိန်၊ ဒုရဲအုပ်ဇော်ဝမ်း၊ တပ်ကြပ် ဘိုဘိုနှင့် ကသာခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲတပ်ကြပ်ကြီး ခင်မောင်ဦးတို့အဖွဲ့သည် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးညွန့်လှိုင်၊ ဦးကျော်ဦး၊ တောအုပ်မိုးဝင်းတို့နှင့်ပူးပေါင်းပြီး သက်သေများနှင့်အတူ တရားမဝင်သစ်များ ခိုးထုတ်မှု မရှိစေရေးအတွက် ကသာမြို့နယ် အောက်ဝဲကြီး ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်စဉ် ရေဘုတ်ကျေးရွာဘုန်းတော်ကြီး ကျောင်းရှေ့ ဧရာဝတီမြစ်ကမ်းဘေးမှ တမလန်းဓားရှေတုံး ၃၄တုံး ၂ ဒသမ ဝ၇ဝ၄တန်နှင့် တမလန်းတိုင် ၂၆ တုံး ၁ ဒသမ ၉၂၁ တန်နှင့် ရေဘုတ်-ကသာလိုင်းဆိပ်အနီး ပွဲထောင် တစ်စင်းပေါ်တွင် တင်ထားသည့် တမလန်းဓား ရှေတုံး ကိုးတုံး ဝ ဒသမ ၅၄၄ တန်တို့ကို ပိုင်ရှင်မဲ့တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လွှဲပြောင်းအပ်နှံ

ပိုင်ရှင်မဲ့ တမလန်းဓား ရှေတုံးများနှင့် တမလန်းတိုင်များကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားကြောင်း သိရသည်။

လှအောင်(ကသာ)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အလေးမလူရွေးပြိုင်ပွဲအတွက် စာရင်းပေးသွင်းမည်

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ရန် ပဏာမလူရွေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်ရာ စခန်းဝင်လေ့ကျင့်လိုသည့် အလေးမအားကစားသမားများသည် အမည်၊ မွေးသက္ကရာဇ်၊ ကိုယ်အလေးချိန်အတန်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ကို ဖော်ပြကာ ဖေဖော်ဝါရီ ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်း ဖုန်း-၀၁-၃၈၈၁၆၀ သို့ အမည်စာရင်းပေးသွင်းနိုင်သည်။

စခန်းသွင်းရွေးချယ်ရာတွင် အပြည်ပြည်ဆိုင်ရာအဆင့်၊ ပထမတန်းအဆင့်၊ ဒုတိယတန်းအဆင့်ဟူ၍ ခွဲခြားရွေးချယ်စခန်းသွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စစ်တွေတက္ကသိုလ် ဘက်စုံသုံးသုံးထပ်ပင်မ အဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်တွေတက္ကသိုလ် ဘက်စုံသုံး သုံးထပ်ပင်မအဆောင်သစ်ကြီးဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက စစ်တွေတက္ကသိုလ် ဘက်စုံသုံး သုံးထပ်ပင်မအဆောင်သစ်ကြီးရှေ့၌ ကျင်းပသည်။ အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ စစ်တွေတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

ရှေးဦးစွာ စိုင်းဒြားရခိုင်မင်္ဂလာစည်တော်အဖွဲ့မှ စည်တော်ရွှမ်း၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ရခိုင်ယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် မင်္ဂလာအချိန်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လူမှုရေးဝန်ကြီးဦးကျော်ခင်နှင့် စစ်တွေတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်းတို့က စစ်တွေတက္ကသိုလ်ဘက်စုံသုံး သုံးထပ်ပင်မအဆောင်သစ်ကြီးကို ရခိုင်မင်္ဂလာစည် တော်ရွှမ်း၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များသည် စစ်တွေတက္ကသိုလ်ဘက်စုံသုံး သုံးထပ်ပင်မအဆောင်ရှိ ဘွဲ့နှင်းသဘင်ခန်းမကို လှည့်လည်ကြည့်ရှုကြပြီးနောက် စစ်တွေတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရခိုင်ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ
ဦးသန်းဦး(လ/ထ ညွှန်မှူး၊ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာန)-
(ဒေါ်မိမိစိန်)တွဲဖက် ပါမောက္ခ၊ ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)
တို့၏ တစ်ဦးတည်းသောသား
မောင်ကောင်းပြည့်စုံ
နှင့်
ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နေ
ဦးမောင်မောင်အေး-ဒေါ်ခင်သန်းမြင့်တို့၏
တစ်ဦးတည်းသောသမီး ကိုညီညီလွင်(ခေတ္တ-UK)၏ညီမ
မနန္ဒာမောင်မောင်အေး
(B.Pharm)(YGN)

တို့သည် ၁၄-၂-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ဓေ့စပ်ကြောင်းလမ်းပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကောင်းပြည့်စုံ-မနန္ဒာမောင်မောင်အေး

မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အသင်းသူ အသင်းသားများ သိစေရန်ကြေညာချက်

မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ပြုလုပ်မည့် ၂၀၁၄ ခုနှစ် ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာဓာတ်ပုံပွဲတော်တွင် ချိတ်ဆွဲပြသနိုင်ရန် ယခင်မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုကြီး(ပထမ၊ ဒုတိယ၊ တတိယ) အသီးသီးရရှိခဲ့ကြသော ပုံများကို (၈×၁၀)လက်မ၊ (၈×၁၂)လက်မအရွယ် ကူးယူပြီး **300 dpi** ဖိုင်ကို **Soft Copy** နှင့်တကွ ပြိုင်ပွဲတွင်ရရှိခဲ့သည့် (ခုနှစ်နှင့် ပြိုင်ပွဲကဏ္ဍ)ကိုပါဖော်ပြ၍ မြန်မာနိုင်ငံဓာတ်ပုံအသင်းရုံးခန်း (၂၇/၂၉)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၃၁၆၇သို့ လိပ်မူပြီး ၂၈-၂-၂၀၁၄ရက် နောက်ဆုံးထားပေးပို့ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဝန်ထမ်းအလိုရှိသည်
အသစ်ဖွင့်လှစ်သည့်ဟိုတယ်တွင် တာဝန်ထမ်းဆောင်ရန်

၁။ **Manager** ကျား ၂ ဦး
ရုပ်ရည်အသင့်အတင့်ရှိသူ၊ ဟိုတယ်လုပ်ငန်းကျွမ်းကျင်သူ၊ အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိရမည်။

၂။ **Supervisor** ကျား ၄ ဦး
ရုပ်ရည်အသင့်အတင့်ရှိသူ၊ ဟိုတယ်လုပ်ငန်းကျွမ်းကျင်သူ၊ အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိရမည်။

၃။ **Receptionist** ကျား+မ ၆ ဦး
ရုပ်ရည်ပြေပြစ်ရမည်၊ ဟိုတယ်လုပ်ငန်းကျွမ်းကျင်သူ၊ အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

၄။ **Waiter** ကျား ၁၀ ဦး
ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူနှင့် ဟိုတယ်သင်တန်းဆင်းဦးစားပေးမည်။

၅။ **Housekeeping** ကျား ၁၀ ဦး
ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူနှင့် ဟိုတယ်သင်တန်းဆင်းဦးစားပေးမည်။

၆။ **လုံခြုံရေး** ကျား ၆ ဦး
လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

၇။ **စာရင်းကိုင်** ကျား+မ ၄ ဦး
လုပ်ငန်းအတွေ့အကြုံရှိသူနှင့် စာရင်းဇယားကျွမ်းကျင်သူ ဦးစားပေးမည်။

၈။ **အဝတ်လျှော်+မီးပူတိုက်** ကျား+မ ၁၀ ဦး
လုပ်ငန်းအတွေ့အကြုံရှိသူနှင့် လုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။

၉။ **အထွေထွေလုပ်သား** ကျား ၁၀ ဦး
ပညာအရည်အချင်း ၁၀ တန်းဖြစ်ရမည်။

အထက်ပါကြော်ငြာကို စိတ်ဝင်စားသူများသည် ကိုယ်ရေးအချက်အလက် CV၊ ပါတ်စပို့ဓာတ်ပုံနှစ်ပုံ၊ ပညာရေးဘွဲ့လက်မှတ်နှင့်အခြားကျွမ်းကျင်လက်မှတ်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ လျှောက်ထားနိုင်သည်။ ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၂၁၅၈၇၊ ၀၁-၉၁၉၀၅၂၁

လိပ်စာ-အမှတ် ၅၃၉/အေ၊ကျောင်းလမ်းနှင့် ယမုံနာလမ်းထောင့်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့

ဖခင်အမည်မှန်

မော်ဘီမြို့၊ အထက(၁)၊ နဝမတန်း(စီ)တွင် ပညာသင်ကြားနေသော မောင်သန့်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၇/တငန(နိုင်)၀၃၂၇၅၁ ဖြစ်ပါသည်။

ဦးသန်းဇော် ၇/တငန(နိုင်)၀၃၂၇၅၁

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ လူနေရပ်ကွက်အမှတ် ဝဏ္ဏဒီပရပ်ကွက်၊ မြေကွက်အမှတ် ပ-၃၂၄၀၁၊ ဧရိယာ ၀ဒသမ ၀၅၅ဧက၏ အမည်ပေါက်ပိုင်ရှင် ဦးအောင်ဝင်း ၉/ရမသ(နိုင်)၀၈၈၂၁၇ (ဘ)ဦးအောင်ထိန် ကွယ်လွန်သွားပါသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်ညို ၉/ပမန(နိုင်)၀၈၈၂၄၁ (ဘ)ဦးတင်အောင်မှ စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ မြေငှားဂရန်စာချုပ်အား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ(ကွန်ဒို)ဟု ခေါ်တွင်သော ရှစ်ထပ်တိုက်၏ အခန်းအမှတ်(၈၀-A) ရှစ်လွှာ၊ အကျယ်အဝန်း ၁၂၅၀ စတုရန်းပေတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေမော်တာ၊ မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ဝင်းထွတ်(စဉ်-၂၃၇၈၃)
အမှတ် ၄၇၊ ဘီ-၃၊ သီရိ ၆ လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၅၀၂၉၉၀၃၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သဃ်န်းကျွန်းမြို့နယ်တွင် ဆင်ဆာမဲ့ခွေ ကူးယူဖြန့်ဖြူးရောင်းချသူများအား အရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ဖွဲ့ (၂)မှတပ်ဖွဲ့ဝင်များသည် ဆင်ဆာမဲ့ခွေများ ကူးယူ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ သဃ်န်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက်ရှိ ကိုနိုင် (ခ)ဝင်းနိုင်ထွေး၏ နေအိမ်သို့ဝင်ရောက် ရှာဖွေခဲ့ကြောင်း သိရသည်။

ထိုသို့ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်း၌ရပ်ထားသော ပရိုဘောက်စ်ယာဉ်ပေါ်တွင် ကိုလင်း(ခ)ကျော်ကျော်လင်းသည် ခွေကူးရာတွင်အသုံးပြုသည့် Exter Driver စက်တစ်ခု၊ နိုင်ငံခြား ဇာတ်လမ်းတွဲခွေမျိုးစုံ ၁၈၀၂ ချပ်ဖြင့် လည်းကောင်း၊ နေအိမ်အတွင်းတွင် အိမ်ရှင်ကိုနိုင်(ခ) ဝင်းနိုင်ထွေးကို ကွန်ပျူတာတစ်စုံဖြင့် အင်တာနက်ချိတ်ဆက်၍ နိုင်ငံခြားဇာတ်လမ်းများကို Download ယူလျက် ကာလာပရင်တာသုံးလုံးဖြင့် ကာဘာပုံ စာရွက်များအား ထုတ်လုပ်နေစဉ်တွင် နိုင်ငံခြားဇာတ်လမ်းတွဲ မျိုးစုံ ၃၁၁ ချပ်၊ ကာဘာပုံမျိုးစုံ ရွက်ရေ ၈၀၊ မီးဖိုခန်းတွင် ဟိန်းရာဇာကို ခွေကူးစက် ၁၀ လုံးဖြင့် ခွေကူးနေစဉ် နိုင်ငံခြားဇာတ်လမ်းခွေမျိုးစုံ ချပ်ရေ ၄၅၀၀၊ ကာဘာ ပုံစာရွက်မျိုးစုံ ရွက်ရေ ၄၅၀၀၊ ခွေလွတ်ချပ်ရေ ၁၅၀၊ ကူးယူထားသည့် ဇာတ်လမ်းခွေ ချပ်ရေ ၁၅၀ ပလတ်စတစ်အိတ်အကြည် ၈၀၀၀၊ နေအိမ်အပေါ်ထပ်တွင် ဖြိုးဝေထွန်းနှင့် အောက်သား (ခ) သန်းအောင် တို့နှစ်ဦးအား နိုင်ငံခြားဇာတ်လမ်းခွေမျိုးစုံ ချပ်ရေ ၁၂၂၀၀၊ ကာဘာပုံ စာရွက်မျိုးစုံ ရွက်ရေ ၁၂၅၄၀၀ တို့ကိုလည်းကောင်း တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ယင်းသို့ ဆင်ဆာမဲ့ခွေများ ကူးယူဖြန့်ဖြူးရောင်းချသူများ ဖြစ်သည့် ကိုနိုင် (ခ)ဝင်းနိုင်ထွေး၊ ကိုလင်း(ခ)ကျော်ကျော်လင်း၊ ဟိန်းရာဇာ၊ ဖြိုးဝေထွန်းနှင့် အောက်သား(ခ) သန်းအောင်တို့ငါးဦးကို သဃ်န်းကျွန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

အပြည်ပြည်ဆိုင်ရာကလေးများနေ့ကျင်းပ

မြို့သစ် ဖေဖော်ဝါရီ ၁၅

မကွေးခရိုင် မြို့သစ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာကလေးများနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပပြီး အခမ်းအနားကို မကွေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သီတာမြင့်က အမှာစကားပြောကြားသည်။ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် မကွေးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာမြင့်တို့က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းရှိကလေးများကို ကျန်းမာဖွံ့ဖြိုးစေရန်နှင့် ဉာဏ်ရည်ထက်မြက်စေရန်အတွက် အားဆေးများနှင့်အခြားလက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းရှိကလေးငယ်လေးများက အကအလှပုံဖော်မှုများနှင့် ကပြဖျော်ဖြေခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့ဝင်များနှင့် မိဘပြည်သူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

မွန်ပြည်နယ် အထက ကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

မော်လမြိုင် ဖေဖော်ဝါရီ ၁၅

မွန်ပြည်နယ်အစိုးရအဖွဲ့နှင့်မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့၏ စီမံခန့်ခွဲမှုအရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲများကို မွန်ပြည်နယ် မော်လမြိုင်ခရိုင် ခြောက်မြို့နယ်နှင့် သထုံခရိုင် လေးမြို့နယ်တို့တွင် ဆက်တိုက်ကျင်းပလျက်ရှိသည်။

ဖေဖော်ဝါရီ ၅ ရက်က မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေ ရွှေမြိုင်သီရိရပ်ကွက်ရှိ အထက(၄)နှင့် အလက(သုခဝတီ) အစည်းအဝေးခန်းမတို့၌ အမှတ်(၉)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး(မော်လမြိုင်)မှ ဒုတိယရဲမှူးဌေးရွှေ နှင့် ဒုတိယရဲအုပ်အောင်နိုင်တို့က အသိပညာပေးဟောပြောပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်က မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေ လှိုင်ရပ်ကွက် အထက(၂)နှင့် ရွှေမြိုင်သီရိရပ်ကွက် အလက(၃)တွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၇ ရက်က မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အထက (၁၀)နှင့် အလက(၈)တို့၌ လည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ခြောက်နေရာတွင် ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၀၅၇ ဦး တက်ရောက်ကြကြောင်းသိရသည်။

(၁၀၇)

ဒေသန္တရအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ကြားဖြတ်တွေ့ရှိချက်များ အလုပ်ရုံဆွေးနွေး

မော်လမြိုင် ဖေဖော်ဝါရီ ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ ရွှေမြင့်မိုရ်ထွန်းဟိုတယ်ခန်းမ၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် UNDP အဖွဲ့မှ ဦးဆောင်ကျင်းပသည့် မွန်ပြည်နယ်အတွင်းဆောင်ရွက်နေသော ဒေသန္တရအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ကြားဖြတ်တွေ့ရှိချက်များကို မျှဝေတင်ပြမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီး နိုင်လဝီအောင်က အမှာစကားပြောကြားခဲ့ပြီး Mr. Christian Hainzl က မွန်ပြည်နယ်အတွင်းဆောင်ရွက်နေသော ဒေသန္တရအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ကြားဖြတ်တွေ့ရှိချက်များကို မျှဝေတင်ပြမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် Dr. Shipra Narang Suri က မွန်ပြည်နယ်အတွင်း ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ UNDP အဖွဲ့မှလေ့လာတွေ့ရှိချက်များကို ဆွေးနွေးတင်ပြခဲ့ပြီး Ms.Manisha Mirchandani က မြို့နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်းများဆောင် ရွက်မှု၊ အုပ်ချုပ်ရေးအဖွဲ့နှင့်ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုများ၊ အစိုးရဝန်ထမ်းများဆောင်ရွက်မှု၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုများ၊ အစိုးရဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆက်လက် ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ၎င်းနောက် ဒေါက်တာစံထွန်းအောင်က မြို့နယ်အတွင်းကျင်းပခဲ့သည့် ပြည်သူ့ အကဲဖြတ်မှတ်တမ်း၊ ဝန်ဆောင်မှုပေးသူများစစ်တမ်းနှင့်ရပ်ရွာဆွေးနွေးပွဲ ရလဒ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် မွန်ပြည်နယ်အတွင်းရှိ ဘီးလင်း၊ ပေါင်၊ ကျိုက်မရော၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ ရေးမြို့နယ် အပါအဝင် မြို့နယ် ခြောက်ခု၌ UNDP အဖွဲ့မှ ရပ်ရွာလူထုဆွေးနွေးပွဲကျင်းပခဲ့မှုများ၊ မွန်ပြည်နယ်အစိုးရမှ လုပ်ဆောင်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ အိမ်ထောင်စုများ၏ အဓိက စီးပွားရေးလုပ်ငန်းများနှင့် စားနပ်ရိက္ခာ လိုအပ်မှုအခြေအနေ၊ အချို့ရပ်ရွာအတွင်း ကြုံတွေ့လျက်ရှိသည့် လျှပ်စစ်မီးမရှိခြင်း၊ လမ်းမကောင်းခြင်း၊ စာသင်ကျောင်းမရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်းစသည့် ပြဿနာများ၊ ရပ်ရွာလူထု၏ကျန်းမာရေး၊ ပညာရေးနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် လိုအပ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

(လ/၀၁၂)

High Power Technical Services

လူကြီးမင်းတို့၏ Air-Con များကို အခမဲ့တပ်ဆင်ပေးခြင်း၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ Air-con များကို တပ်ဆင်/ပြုပြင်/ဆေးကြောခြင်းတို့ကို မိမိတို့၏ အိမ်၊ ဆိုင်ခန်း၊ ရုံးခန်းနှင့်ဟိုတယ်စသည့် နေရာများအရောက်ဝန်ဆောင်မှုပေးနေပါသည်။ လိုအပ်နေသော ပုဂ္ဂိုလ်များအတွက် မိမိတို့လိုအပ်သောအရာများနှင့် ပြည့်စုံနိုင်ကြပါစေ။

ဖုန်း-၀၉-၄၂၁၀၉၅၂၉၄၊ ၀၉-၄၂၈၀၂၆၄၀၇၊ ၀၉-၂၅၀၅၀၁၁၈၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၇၅၃၉၊ Toyota Hilux Surf S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဖြိုးဖြိုးနိုင် ၁၁/တကန(နိုင်) ၀၉၀၇၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊စံဝါအောင်း၊ ပတ္တာ၊ အလက(ခွဲ) အဌမတန်းမှ မယုမွန်ထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၉/လဝန(နိုင်)၁၀၁၁၆၇ ဖြစ်ပါကြောင်း။

ဦးကျော်စိုး

CNG TAXI (AA)

ငှားရန်ရှိသည်။ ၁၅၀၀၀ (တလက်ကိုင်)(သုဝဏ္ဏ) ဖုန်း-၀၁-၂၃၀၁၅၆၇၊ ၀၉-၇၃၁၉၆၅၃၀

ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ စံဝါအောင်း ပတ္တာ အလက(ခွဲ)အဌမတန်းမှ မောင်ရဲမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဇော်လင်း ၉/လဝန(နိုင်)၂၂၉၇၅၆ ဖြစ်ပါကြောင်း။

ဦးထွန်းဇော်လင်း

အမြန်ဆက်သွယ်ပါ

မြန်မာ့ မီနီဆလွန်း Taxi အိမ်ပေးငှားရန်ရှိသည်။
AA-CNG-**ဖင်ကောက် နေ့/ည၊ ငှားရန်ရှိသည်။**
ဆက်သွယ်ရန် ဖုန်း-၀၉-၄၀၁၆၃၅၃၄၅ ၀၉-၄၂၀၁၁၄၇၆၅

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ်(၅၈၄-ခ)၊ မြေတိုင်းရပ်ကွက်(၄)၊ မြေကွက်အမှတ်(၅၈၄-ခ)၊ မြေအကျယ်ပေ(၂၀×၆၀)၊ စတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုအမည်ပေါက်ပိုင်ရှင် ဒေါ်စန်းစန်းမြင့် S/OKA-၀၅၃၇၈၈မှပိုင်ဆိုင် လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ မူရင်းစာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်
LL.B,D.B.L,D.M.L,
D.I.L, PG.DPM
(CAMBRIDGE),
WIPO(Switzerland).
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၃၀၃၂၁၈၁

ဦးအောင်မျိုးခိုင်
LL.B
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၇၃၁၀၂၃၆၄

ဦးကိုကြည် B.Sc,Dip.Aq,H.G.P,R.L,D.B.L
D.M.L,D.I.L,D.I.R,PG.DPM
(CAMBRIDGE),WIPO
(Switzerland).
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၂၁၁၂၄၀၂၂

အမှတ်(၈၈၀)၊ ၁၁ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ် မြေကွက်အမှတ် ဥ-၅၄၁၀-D အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စိန် ၇/ဒဥန(နိုင်) ၀၀၅၈၃၁ က မြေပေးမိန့်ထုတ်ပေးရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ၊ တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၄ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၈င/၇၉၉၁၊ Win Mann Star L/T ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဌေး၉/တတန(နိုင်)၁၂၃၅၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(နေပြည်တော်)

ပြင်ဆင်ဖတ်ရှုပါရန်

၄-၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာအချပ်ပို စာမျက်နှာ(ခ)ပါ ကန့်ကွက်နိုင်ကြောင်းကြေညာချက်တွင် တောင်ဥက္ကလာပမြို့နယ်အစား သဃ်န်းကျွန်းမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံစာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၈၅၃၂၇၊ Star Myanmar 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသန်းဦး ၉/မနမ(နိုင်)၀၄၇၈၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

River Art (နွေရာသီပန်းချီသင်တန်း)

(1) No.(27),4A, ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းမီးပွိုင့်အနီး
(2) No.(210),4A, မဟာဗောဂ ၂ လမ်း၊ အထက(၅)၊ ကမာရွတ်အနီး (လှည်းတန်း)

ပထဝီ၊ သိပ္ပံ၊ Bio ပုံဆွဲများပါသင်ပေးမည်။
Art Teacher - လှသီတာဝင်း ဖုန်း-၀၉-၅၀၉၁၈၇၃

(မတ်လ ၈ ရက်ဖွင့်ပြီ)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်၁ခ/၃၈၅၀ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်၈စ/၁၀၈၅ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

မကွေးမြို့နယ်၌ကလေးကစားစရာများဈေးကွက်အတွင်းသို့ ရှေးရိုးရာအိုးပုတ်၊ ချိုးရုပ်ရွှံ့ထည်ပစ္စည်းများ လှိုင်လှိုင်ဝင်ရောက်

မကွေး ဖေဖော်ဝါရီ ၁၅

မကွေးမြို့နယ်တွင် ရှေးမြန်မာ့ရိုးရာလက်မှုပညာဖြင့်ပြုလုပ်သော အိုးပုတ်၊ ချိုးရုပ်ရွှံ့ထည်ပစ္စည်းများ ဝယ်ယူရောင်းချသည့်ရှေးမူဓလေ့မပျောက်ပျက်သေးဘဲ မကွေးကလေးကစားစရာဈေးကွက်၌ နိုင်ငံခြားဖြစ်ပစ္စည်းများနှင့်အပြိုင် ရိုးရာကစားစရာရွှံ့ထည်ပစ္စည်းများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည်ကိုတွေ့ရသည်။ မြို့ပေါ်ရှိ ခေတ်မီစတိုးဆိုင်ကြီးများမှအပ ဈေးနှင့် ရပ်ကွက်၊ ကျေးရွာများမှ ကုန်စုံဆိုင်များတွင် သောက်ရေအိုး၊ မြေအိုး၊ ဘုရားပန်းအိုးများနှင့်အတူ ကစားစရာအိုးပုတ်၊ ချိုးရုပ်၊ ရေနွေးကရား၊ ပန်းကန်ပြား၊ ငရုတ်ဆုံငယ်များနှင့် အခြားကစားဖွယ်ရွှံ့ထည်ပစ္စည်းများမှာယူရောင်းချလျက်ရှိသည်။ ကစားစရာရွှံ့ထည်ပစ္စည်းများကို အုတ်လုပ်ငန်းလုပ်ကိုင်ကြသော မကွေး၊ မင်းဘူး၊ မင်းလှ၊ စလင်းနှင့် ပွင့်ဖြူမြို့နယ်များရှိ ကျေးရွာများမှ အဓိကပြုလုပ်၍ ဈေးကွက်သို့ တင်ပို့ကြပြီး စဥ့်ဆေးရှားပါးတန်ဖိုးကြီးမားမှုကြောင့် မြေထည်များကို စဥ့်ဆေး၊ ကြွေဆေးမသုတ်ဘဲ အကြမ်းထည်သက်သက်ဖြင့် တင်ပို့ရောင်းချကြောင်း သိရသည်။ မင်းဘူးမြို့နယ် ဖလမ်ရုံကျေးရွာမှ အိုးပုတ်၊ ချိုးရုပ်ပြုလုပ်ရောင်းချသူတစ်ဦးက "ဟိုအရင်တုန်းကလို အထည်တွေကို စဥ့်ဆေး၊ ကြွေဆေးမသုတ်တော့ဘဲ အကြမ်းထည်အတိုင်း သပ်သပ်ရပ်ရပ်ပြုလုပ်ရောင်းချပါတယ်။ ကြွေမသုတ်၊ စဥ့်မသုတ်ပေမယ့် အထည်တွေကို ရွှံ့သားကောင်းကောင်းနှပ်ပြီး မီးသင့်အောင်ဖုတ်ထားတဲ့အတွက် ဒေါင်ဒေါင်မြည်အောင်ခိုင်ခံ့ပါတယ်။ နိုင်ငံခြားဖြစ်ပစ္စည်းတွေလို ဆော့ကစားတဲ့ ကလေးငယ်တွေအတွက် အန္တရာယ်ဖြစ်စေမှုလုံးဝမရှိနိုင်ပါဘူး"ဟု ပြောပြသည်။ မကွေးမြို့နယ်ရှိ ကစားစရာရွှံ့ထည်ပစ္စည်းဈေးကွက်တွင် အိုးပုတ်၊ ချိုးရုပ်၊ စုဘူး၊ ရေနွေးကရားငယ်နှင့် ပုံစံတူကလေးကစားစရာ ပစ္စည်းများကို ငွေကျပ် ၁၀၀ မှ ၃၀၀ အထိ ရောင်းချလျက်ရှိပြီး ဒေသခံမိဘများကလည်း မိမိတို့၏ကလေးငယ်များအတွက် တန်ဖိုးနည်းပြီး အန္တရာယ်ကင်းသော ရိုးရာ လက်မှုကလေးကစားစရာပစ္စည်းများကို ဝယ်ယူအားပေးလျက်ရှိကြောင်းသိရသည်။

> နိုင်ငံခြားပစ္စည်းများနှင့်အပြိုင် ရိုးရာကစားစရာ ရွှံ့ထည်ပစ္စည်းများ. . .

ဖူးပွင့်နေခြည်

လောကမုနိ အောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် အောင်မြေသုခကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ထားသော လောကမုနိအောင်မြေချမ်းသာရဆုတောင်းပြည့်ဘုရားကြီး၏ (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲတော်ကြီးကို (တပို့တွဲလပြည့်ကျော် ၂ ရက်) ဖေဖော်ဝါရီ ၁၆ ရက်ညနေ ၃ နာရီခွဲတွင် လောကမုနိအောင်မြေချမ်းသာရဆုတောင်းပြည့်ဘုရားကြီး တတိုင်းရစေတီတော်၊ နဂါးရုံဘုရား၊ အောင်ဗမ္မစကြာဘုရားတို့ကို ဗုဒ္ဓါဘိသေကမင်္ဂလာနှင့်ဘုရားအမျိုးပြုသော ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် မြဝတီအငြိမ့်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဂီတပဒေသာကပွဲ၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် စတားရွှေစင်အငြိမ့်နှင့်ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

သတင်းတို

ကျေးလက်လမ်းတံတားရေပေးဝေရေး လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေညွန့်နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၁ ရက်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် တနိုင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မြန်မာဟူးကောင်းစတားကုမ္ပဏီနှင့် ဖက်ရှင်ဗျူးကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကောင်ရာ-အောင်လွတ်ကျေးရွာချင်းဆက်လမ်းကတ္တရာခင်းခြင်း၊ ကောင်ရာ-နန်ဗျူလမ်းကျောက်ချောခင်းခြင်း၊ ကောင်ရာမြင်၊ မဒုံမြေသားလမ်းခင်းခြင်း လမ်းသုံးလမ်းအတွက် ခွင့်ပြုငွေကျပ် ၁၇၄ ဒသမ ၂၃၅ သန်းနှင့် ကျေးရွာခြောက်ရွာတွင် လက်တူးရေတွင်းခုနစ်တွင်းတူးဖော်ခြင်းခွင့်ပြုငွေကျပ် ၂၇ သန်း၊ ရေပြွန်တံတား ၁၃ စင်း တည်ဆောက်ခြင်းခွင့်ပြုငွေကျပ် ၇၂ သန်း၊ လုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်နုက လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီပြီးစီးရေး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

မူးယစ်ဆေးဝါးတွေ့ရှိမှုဖြင့် အမျိုးသမီးကြီးတစ်ဦးအရေးယူခံရ

ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁)ဗန်းမော်မှ ရဲအုပ်အောင်ကိုနိုင်၊ ရဲအုပ်အောင်ဆန်းမိုးနှင့် အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဗန်းမော်မြို့နှစ်မိုင်အောင်သာရပ် အိမ်အမှတ်(သစ/၇၈၀)သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ ဒေါ်အောင်မေဦးအား နေအိမ်တွင် အသင့်တွေ့ရပြီး နေအိမ်အရှေ့ဘက်ခြံဝင်းအတွင်းရှိ အမှိုက်များနှင့်ဘီယာဘူးခွံများအကြား၌ ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၆ ဂရမ်ပါ ကော်ဘူးတစ်ဘူးကိုလည်းကောင်း၊ အိပ်ခန်းအတွင်းရှိ သစ်သားတန်းပေါ်မှ ဘိန်းဖြူမှုန့်များကပ်နေသော သတ္တုဘူးငယ်နှစ်ဘူးကိုလည်းကောင်း၊ နေအိမ်အနောက်ဘက် ခြံဝင်းအတွင်းရှိ ဆိုင်ကယ်တာယာအဟောင်းအတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်လျက် WY စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၀ အလေးချိန် ၅ ဂရမ်ပါ အိတ်တစ်အိတ်ကိုလည်းကောင်း ရှာဖွေတွေ့ရှိခဲ့သည်။ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူဒေါ်အောင်မေဦး (၅၀ နှစ်)အား ရဲအုပ်အောင်ဆန်းမိုးကတရားလိုပြုလုပ်တိုင်တန်းသဖြင့် ဗန်းမော်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်းသိရသည်။

မိုးခြိမ့်ညံ့ဟိန်း

ပေါင်မြို့တွင် မီးလောင်မှုကြောင့် လူသေဆုံး

မွန်ပြည်နယ် ပေါင်မြို့နယ် ထန်းပင်ချောင်လေးကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ လယ်ကွင်းရှိ ဒေါ်ဘဲလမား(၅၆ နှစ်) တဲအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီ ခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ အနီးပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် မွန်းလွဲ၂ နာရီ မိနစ် ၅၀ က မီးငြိမ်းသွားကြောင့် သိရသည်။ မီးလောင်မှုကြောင့် ဒေါ်ဘဲလမားမှာ နေရာတွင် မီးလောင်သေဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပေါင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်ထွန်း

အမည်ပြောင်း

ဦးကျော်စိုးအေး၏သား အထက(၅) မင်္ဂလာဒုံ Grade-11(G) မှ မောင်ရန်နောင်စိုးအား ယနေ့မှစ၍ မောင်ဇော်ဝင်းမြင့်ဟုပြောင်းလဲခေါ်ပါရန်။

မောင်ဇော်ဝင်းမြင့်

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်သန်းဆွေ TKA-၀၄၄၄၂၂၊ ၁၂/သကတ(နိုင်)၁၀၅၆၁၀ ၏ ရေယာဉ်အုပ်(ပ)လက်မှတ်(ဆပ-၁၂၉/၉၀) သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၁-၅၅၁၂၁၆**

တိုက်ခန်းများရောင်းမည်

အသင့်ပြင်ဆင်ပြီး 12½ x 50' တိုက်ခန်း ပထမထပ်၊ ဒုတိယထပ်၊ မာလာမြိုင်(၈/၉) လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၀၄၆၂၂၇၊ ၀၉-၇၃၁၇၆၀၅၁



ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၃၀၁၊ မြေကွက်တည်နေရာအမှတ် ၁၈၅၊ ၁၀ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်တင်ကြည် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ကြည်နှင့်ခင်ပွန်းဦးကျော်သောင်း ကွယ်လွန်သဖြင့် ဦးခင်မောင်ကျော် ၁၂/ဗဟန(နိုင်)၀၅၄၈၆၇၊ ဒေါ်နှင်းရီ ၁၂/ဥကတ(နိုင်)၀၄၈၁၂၃၊ ဒေါ်နှင်းနွယ် ၁၂/ရကန(နိုင်)၀၁၈၇၇၀၊ ဦးသာအောင်ရွှေ ၁၂/ဥကတ(နိုင်)၁၁၁၅၃၄၊ ဒေါ်မြင့်မြင့်အောင် ၁၂/ဥကတ(နိုင်)၀၄၈၁၂၄၊ ဒေါ်တင်တင်အေး ၁၂/ဥကမ(နိုင်)၁၀၉၃၄၁၊ ဒေါ်ကြည်ကြည်ခိုင် ၁၂/ဥကတ(နိုင်)၀၀၇၀၂၅၊ ဒေါ်မြင့်မြင့်အေး ၁၂/ဥကတ(နိုင်)၀၀၇၁၂၀၊ ဦးတင်မောင်ကျော် ၁၂/ဥကတ(နိုင်)၀၀၇၁၂၁၊ ဒေါ်ငုဝါခိုင်ထွေး ၁၂/ဥကတ(နိုင်)၁၃၆၈၂၁၊ ဒေါ်ဝင့်ဝါခိုင်ထွေး ၁၂/ဥကတ(နိုင်)၁၃၆၈၂၂ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၅၁၃ (၂၀-၁၂-၁၃)နှင့် ၂၆၅၁၄(၂၀-၁၂-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးသာအောင်ရွှေ ၁၂/ဥကတ(နိုင်)၁၁၁၅၃၄က ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၈၄၇(၂၈-၁-၁၄)တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၆)ကွက်၊ ဦးပိုင်အမှတ်(၃၄-က)၊ မြေယာအမှတ်(၂၇၇-A)၊ မြေဧရိယာ ၀ဒသမ၁၂၃ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်များနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ (၈၁×၈၂)လမ်းကြား၊ (၂၆×၂၇)လမ်းကြား၊ အမှတ်(၂၄၉/၄၂)နေ ဦးခင်မောင်ဦးနှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ (၁)ရပ်ကွက်၊ (၃၅)လမ်း၊ အမှတ်(၁၀၁/က)နေ ဒေါ်ငယ်တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ်(၆)၊ ဈေးမြောက်ရပ်၊ ဦးပိုင်အမှတ်(၃၄-က)၊ မြေယာအမှတ်(၂၇၇-A)၊ မြေဧရိယာ ၀ဒသမ ၁၂၃ဧကရှိ မြေနှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်များအား ဂရန်အမည်ပေါက် ပိုင်ဆိုင်သော ဒေါ်ဆာရာဘီ၏အမွေစား-အမွေခံများထံမှ ဦးခင်မောင်ဦးနှင့် ဒေါ်ငယ်တို့က ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မြေဂရန်မူရင်းနှင့်တစ်ကွ လွှဲပြောင်းဝယ်ယူလက်ရှိ ပိုင်ဆိုင်ပါသည်။ အဆိုပါမြေ၏ဆေးရုံလမ်းမျက်နှာစာတွင် (ဒေါက်တာဒေါ်ခင်သောင်း၊ စံ-တည်းခိုခန်း)၊ (MD အီလိယားစ်၊ နှင်းပုလဲ-ထောပတ်ဆိုင်ဟောင်း)ကိုလည်းကောင်း၊ (၃၈)လမ်း မျက်နှာစာအား ဒေါ်ခင်မမ၊ ဦးမူဘာရတ်အလီ-ဒေါ်ကြူကြူမာ၊ ဦးမောင်မောင်တို့အားလည်းကောင်း အငှားချထားပါသည်။ အဆိုပါမြေ/နေအိမ်များနှင့်ပတ်သက်၍ လက်ရှိပိုင်ရှင်မှာ ဦးခင်မောင်ဦးနှင့်ဒေါ်ငယ်တို့သာဖြစ်ပါကြောင်း၊ အဆိုပါမြေနှင့်နေအိမ်တို့အား ကျူးကျော်ခြင်း၊ဖျက်ဆီးခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်အမှုသည်များမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မောင်ဦးနှင့် ဒေါ်ငယ် လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ LL.B တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

မိတ္ထီလာတက္ကသိုလ်၊ ရူပဗေဒဌာန ပထမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

မိတ္ထီလာတက္ကသိုလ် ရူပဗေဒမိသားစု၏ (၁၉၇၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်)အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက်တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၂-၂-၂၀၁၄ ရက် (စနေနေ့)
အချိန် - နံနက် ၉:၀၀ နာရီ
နေရာ - မိတ္ထီလာတက္ကသိုလ် ဓမ္မာရုံ

အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော် ပျဉ်းမနား ၁၄/၄၈၃ ပေါင်းလောင်း ၆လမ်းနေ မောင်စိုးမိုးအောင် ၉/ပမန(နိုင်)၁၆၉၉၃၀ သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

မိခင်-ဒေါ်သန်းသန်းအေး
၉/ပမန(နိုင်)၀၁၆၇၁၅

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်၈ဇ/၁၀၅၀ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၂-၂၀၁၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(၆) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ အမှတ်စဉ်(၁၄) ဦးလှမြင့်၏ အမည်ပြောင်းတွင် မြေကွက်အမှတ် ၂၈၈အစား၂၂၈ဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စားကျက်မြေရှားပါးလာခြင်းကြောင့် နွားမွေးမြူရေးအခက်ကြုံ

သတင်း-ကြည်တိုင်းအောင်၊ ဓာတ်ပုံ-သက္က

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နွားကျောင်းရန်စားကျက်မြေများ ရှားပါးလာ၍ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ခက်ခဲလာကြောင်း၊ လုပ်ငန်းပြောင်းလဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ နွားမွေးမြူရေးလုပ်ငန်းရှင် တစ်ဦးက ပြောသည်။

"အရင်တုန်းကဆိုရင် ဒီနယ်တစ်ဝိုက်မှာ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နွားခြံပေါင်းအနည်းဆုံး ၂၅ ခြံအထိရှိခဲ့ဖူးပါတယ်။ ခြံတစ်ခြံကို အနည်းဆုံး အကောင် ၁၀၀ ကျော်ရှိတယ်။ ခုတော့ စားကျက်မြေများရှားပါးလာတဲ့အတွက် နွားမွေးမြူရေးခြံသုံးခုပဲရှိတော့တယ်။ ပြီးခဲ့တဲ့နှစ်က နောက်မိုးကောင်းတော့ တောင်သူတွေကလည်း စပါးစိုက်အပြီးမှာ မတ်ပဲထပ်စိုက်လိုက်တော့ နွားကျောင်းစရာနေရာက အတော်လေး ခက်ခဲသွားတယ်။ ခုတော့ ကျွန်တော်တို့က နွားတွေကို ညှဉ်းပန်းနှိပ်စက်သလိုဖြစ်နေတယ်။ နွားတွေက ဝအောင်မစားရတော့ ပိန်ချုံးနေတာပဲ။ ဒီအတိုင်းသာဆိုရင် ကျွန်တော်တို့ နွားမွေးမြူရေးလုပ်ငန်းပြောင်းရမယ့် အနေအထားရှိပါတယ်"ဟု နေပြည်တော်ဇေယျာသီရိမြို့နယ်မှ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုဝင်းနောင်က ပြောသည်။

နေပြည်တော် မြို့ဟောင်း သုံးမြို့နယ်ဖြစ်သည့် ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်များသည် အရှေ့ဘက်ရှမ်းရိုးမတောင်တန်းနှင့် ဆက်စပ်နေခြင်းကြောင့် သစ်တောနယ်မြေများ ကျယ်ဝန်းပြီး လွတ်ကျောင်း နွားမွေးမြူရေးလုပ်ငန်း အများအပြားရှိသည်။ သို့သော်လည်း လူနေမှုများပြားလာပြီး မြို့ပြဧရိယာ ကျယ်ဝန်းလာခြင်းကြောင့် နွားကျောင်းရန် စားကျက်မြေများ လွတ်ကျောင်းရန်ခက်ခဲသည်။

နွေရာသီ ကာလတွင် နွားစာရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ကြရ. . .

နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသည်အဓိကအားဖြင့် နွေရာသီကာလတွင် နွားစာရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ကြရသည်။ နွားစာအဖြစ်သစ်ပင်များကို ခုတ်၍ အရွက်များကို နွားစာအဖြစ်ကျွေးကြရသည်။ နွားမွေးမြူသူများအနေဖြင့် ရေရှည်နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် လွတ်ကျောင်းစနစ်မှ ကိုယ်ပိုင်စားကျက်မြေများထူထောင်ခြင်း၊ နွားစာစိုက်ခင်းအဖြစ် ပြောင်းစိုက်ခင်းများ စိုက်ပျိုးခြင်းတို့ကို လုပ်ကိုင်သွားသင့်သည်။ သို့မှသာ နွားစာရှားပါးသည့်နွေရာသီတွင် အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။

မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ ကောက်ရိုးကို ယူရီးယားအရည်ဖျန်းပြီး နွားစာအဖြစ်ပြုလုပ်နည်းမှာ အလွန်အကျိုးရှိကြောင်း သိရသည်။ ကောက်ရိုးပိဿာချိန်၁၀၀ ရှိသော ကောက်ရိုးပုံပေါ်တွင် ယူရီးယားရည် လေး၊ ငါးပိဿာခန့် ဖျန်းပေးပြီး ပလတ်စတစ်ဖြင့် နှစ်ပတ် သုံးပတ်ခန့် အုပ်ထားခြင်းဖြစ်သည်။ ယူရီးယားကို ရေနှင့်ဖျော်ပြီး ကောက်ရိုးပုံပေါ် တစ်လွှာချင်းစီဖျန်းပေးခြင်း ဖြစ်သည်။ ဤနည်းဖြင့် ပြုလုပ်သော နွားစာများကို အစာစိမ်းမြက်၊ ဘောစကိုင်းရွက်တို့နှင့် ရောကျွေးလျှင် နွားများ နို့ထွက်ကောင်းသည့်အပြင် အသားတိုးလည်း အလွန်ကောင်းသည်ဟု ဆိုသည်။

ရွှေတိဂုံစေတီတော် သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရွှေတိဂုံစေတီတော် သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီက ရွှေတိဂုံစေတီတော်အရှေ့ဘက် ထန်းပင်ကုန်းကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးကျင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ထမနဲထိုးယှဉ်ပြိုင်မှုများကို ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

သတ္တမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲတွင် ရွှေတိဂုံဂေါပကဝန်ထမ်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့၊ လုပ်ငန်းကန်ထရိုက်များ၊ မိတ်ဖက်အသင်း စုစုပေါင်း ၃၆ ဖွဲ့ပါဝင်ယှဉ်ပြိုင်ကြပြီး ညပိုင်းတွင် ဆုရရှိသည့်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

တပို့တွဲလပြည့်နေ့(ဖေဖော်ဝါရီ ၁၄ ရက်) နံနက် အရုဏ်တက်ချိန်တွင် ရွှေတိဂုံစေတီတော်နှင့်အရံစေတီတော်များ၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဂေါပကအဖွဲ့က ဦးဆောင်ကာ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များက ထမနဲဆွမ်းဆက်ကပ်ပြီး သံဃာတော် ၉၁ ပါးအား ထမနဲဆွမ်းလောင်းလှူကြသည်။ **(သတင်းစဉ်)**

တိုတိုထွာထွာ ကျန်းမာရေးမှတ်စုများ

အဆီချလိုသူများအတွက်

ခန္ဓာကိုယ်က မလိုလားအပ်တဲ့အဆီတွေကို တိုက်ဖျက်ပေးနိုင်တယ်လို့ သတ်မှတ်ထားတဲ့ အစားအစာငါးမျိုးရှိပါတယ်။ အဲ့ဒါကတော့ ထောပတ်သီး၊ အနက်ရောင်ချောကလက်၊ ဥအမျိုးမျိုး၊ သစ်ကြံပိုးခေါက်နဲ့ ဂေါ်ဖီထုပ်မျိုးနွယ်ဝင် ဟင်းသီးဟင်းရွက်တွေပဲဖြစ်ပါတယ်။

စိုပြည်လှပသော အသားအရေဖြစ်လာစေဖို့

ငါးသေတ္တာငါးနဲ့ ကမာကောင်(ခုံးကောင်)၊ ခရမ်းချဉ်သီး၊ အနက်ရောင်ချောကလက်၊ သစ်ကြားသီး၊ ဘလူးဘယ်ရီသီးနဲ့ ဟင်းနုနယ်ရွက်တွေစားသုံးပေးရင် ရောင်စဉ်ဖြာနေသကဲ့သို့ လင်းလက်တောက်ပနေတဲ့ အသားအရေကို ပိုင်ဆိုင်နိုင်မယ်လို့ လေ့လာသူများက ဆိုပါတယ်။

ဦးနှောက်စွမ်းဆောင်ရည်မြင့်မားလာစေဖို့

ဦးနှောက်ပိုင်းဆိုင်ရာ ပြဿနာတွေဖြေရှင်းဖို့အတွက် သင့်တော်ကောင်းမွန်တဲ့အစားအစာတွေကတော့ ပန်းသီး၊ အနက်ရောင်ချောကလက်၊ လက်ဖက်စိမ်း၊ ဘလူးဘယ်ရီနဲ့ ထောပတ်သီးတို့ ဖြစ်ကြပါတယ်။

၎င်းတို့ဟာ အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို လျှော့ချပေးပြီး၊ အာရုံကြောဆိုင်ရာရောဂါတွေမဖြစ်ပွားအောင် ကာကွယ်ပေးပါတယ်။ ထို့ပြင် အမြင်အာရုံနဲ့ဦးနှောက်ရဲ့ လုပ်ဆောင်ချက်တွေကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။ ဦးနှောက်ဆီသို့ သွေးစီးဆင်းမှု ကောင်းမွန်လာတဲ့အတွက် စဉ်းစားဉာဏ်ရင့်သန်လာပြီး အသေးစိတ်မှတ်မိနေဖို့ ကူညီပေးတယ်လို့ သိရပါတယ်။

ရယ်မောခြင်းရဲ့ရလဒ်ကောင်းများ

"တစ်ချက်ပြုံးရင် တစ်ရက်အသက်ပိုရှည်" ဆိုသလိုပါပဲ ရယ်မောခြင်းကြောင့် နှလုံးရောဂါဖြစ်ပွားမှု လျော့ကျသွားပါတယ်။ နာကျင်မှုတွေကို လျော့ပါးသက်သာစေပြီး၊ အဆီကျအောင်လည်းကူညီပေးပါတယ်။ အသက်ရှူနှုန်းကောင်းမွန်စေတဲ့အပြင် စိတ်ဖိစီးမှုတွေကိုပါလျှော့ချပေးတဲ့အတွက် နှစ်ခြိုက်စွာ အိပ်ပျော်စေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ငယ်ရွယ်နုပျိုမှုကိုလည်း ဆောင် ကြဉ်းပေးနိုင်ပါတယ်။

ဇင်ဇင်မင်းလွင်

ဆရာမောင်မောင်သန်း@ဓာတ်ပြင် (စင်တေ)

မိတ္တအရိပ်

09732300912
09732325541
09421106729

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ လူနေရပ်ကွက်အမှတ် ၁၊ ရွှေဟင်္သာလမ်း၊ မြေကွက်အမှတ် ၂၁၃၊ ခေါင်းရင်းဘက်ခြမ်း၊ အလျားပေ ၂၀×အနံပေ ၆၀ရှိ မြေနှင့်အိမ်အား အိမ်ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးနေဝင်း ISN-၀၃၇၁၄၈ထံမှအရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အုန်းနွဲ့ ၁၂/လကန(နိုင်)၁၀၇၁၉၆ထံမှ ဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေထွန်း ၁၂/ဥကတ(နိုင်) ၁၅၈၄၁၈က ၁၅-၁-၂၀၁၄ ရက်တွင် အိမ်ခြံမြေအရောင်းအဝယ်အပြီးအပိုင်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသည်ဖြစ်၍ မြေကွက်နှင့်အဆောက်အအုံ စာရွက်စာတမ်းမူရင်းများကို လက်ရောက်လွှဲပြောင်းပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေက တရားဝင်လက်ရောက်ပိုင်ဆိုင်သည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝေဝေထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာလင်း အထက်တန်းရှေ့နေ(စဉ်-၂၅၁၃၄)
အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၉၇၈၂၆၅၇

အမည်ပြောင်း

မန္တလေးမြို့၊ အထက(၁၆)၊ စတုတ္ထတန်း(A)မှ အဖ ဦးသိန်းစိုးဦး ၅/တဆန(နိုင်)၀၇၄၃၇၂၏သား မောင်အာကာဖြိုးမင်းအား ယနေ့မှစ၍ မောင်လျှမ်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လျှမ်းထက်အောင်

ပျောက်ဆုံးခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၅/၈ ရပ်ကွက်၊ သစ်ခွလမ်း၊ အိမ်အမှတ် ၃၇၂/က နေ ဦးထွန်းဆွေ၏ သား ဦးဖေသန်းတင် J/RGN-၀၂၄၄၆၉ မြေချပါမစ်ပျောက်ဆုံးသွားပါကြောင်း။

ဒေါ်ကျင်ဟန်
၁၂/ဒဂန(နိုင်)၀၁၀၀၄၅

ပျောက်ဆုံး

ကျွန်တော် မင်းအောင် ၁၂/လမန(နိုင်) ၁၃၅၃၆၁ P.P-M-885090 နှင့် CDC-၃၅၁၁၄၊ 4.Ticket,EER, WATCH-KEEPING နှင့် D.S.D လက်မှတ်၊ SID ကတ်မူရင်းပါ ဖိုင်တွဲသည် ၉-၂-၂၀၁၄ ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၀၅၇၂၇၊ ၀၉-၄၂၅၀၁၅၉၆၇၊ ၀၁-၈၀၁၀၀၅၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၂၆၊ မြေအမှတ်(၁၈၆) ဟုခေါ်တွင်သော မြေအကျယ်ပေ (၄၀×၆၀) မြေကွက်ကို တစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်းဝန်ခံသူ ဦးကျော်ကျော် ၁၄/ဇလန(နိုင်)၁၀၂၆၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်တင်ဝင်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများအားလုံးဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အားပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှ	**ဒေါ်နှင်းထက်ထက်နိုင်**
(စဉ်-၂၉၆၆၀)	**(စဉ်-၃၉၁၇၂)**

အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ဖုန်း-၀၉-၄၂၅၃၆၆၀၇၃
အောင်ချမ်းသာရပ်ကွက်၊ သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန်(၇)လမ်း၊ အမှတ်(၁၆)ဟု ခေါ်တွင်သော ဧရိယာအကျယ်ပေ(၁၀×၄၅)ရှိသော မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်သူ ဒေါ်ရင်လှမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ အပြီးအပိုင်ရောင်းချလိုကြောင်း ကျွန်ုပ်၏မိတ်ဆွေထံသို့ ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်နိုင်စိုး LL.B အထက်တန်းရှေ့နေ
(စဉ်-၄၀၀၁၉)
အမှတ်(၅၅၁/ခ)၊ စံပြခြံလမ်း၊ စဥ့်ငူရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၁၇၅၄၉၄၆

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန် ၇ လမ်း၊ အမှတ် ၁၅ ဟုခေါ်တွင်သော ဧရိယာအကျယ် (၁၄×၄၅)ပေရှိသော မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်သူ ဒေါ်စန်းစန်းမော်နှင့် ဒေါ်ခင်ခင်မြင့်တို့မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ အပြီးအပိုင်ရောင်းချလိုကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံ ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်နိုင်စိုး LL.B အထက်တန်းရှေ့နေ(စဉ်-၄၀၀၁၉)
အမှတ် ၅၅၁/ခ၊ စံပြခြံလမ်း၊စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၇၅၄၉၄၆

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမောင်မောင်အေး (ဒုတိယဌာနမှူး၊ ထုတ်လုပ်ရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) - ဒေါ်အေးဇင်စိုး (ဥပဒေအကြံပေး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) တို့၏သား

ဒေါက်တာခန့်စိုးမောင် [M.B.,B.S (Ygn)]

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာဦးခင်ဝင်း-ဒေါ်ခင်ညိုဝင်း (ဦးညီလေး ငွေထည်လုပ်ငန်း-ဗိုလ်ချုပ်အောင်ဆန်းဈေး) တို့၏သမီး

မယွန်းစန္ဒီဝင်း (B.A, English)

တို့၏ ၁၂-၂-၂၀၁၄ရက်(ပြည်ထောင်စုနေ့)တွင် Sedona Hotel (Grand Ball Room) ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဗိုလ်ချုပ်ဇေယျကျော်ထင်တင်ဌေ(ငြိမ်း)နှင့်ဇနီး ဒေါ်နန်းခင်လှဝင်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသည့် ဝန်ကြီးချုပ်ရုံးဝန်ကြီး(ငြိမ်း)သီရိပျံချီ ဦးကိုလေးနှင့်ဇနီး ဒေါ်ခင်ခင်၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့်ဇနီး ဒေါ်အေးအေးမူ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်ဇနီးများ၊ အငြိမ်းစားကော်မတီဝင်များနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဌာနမှူးများနှင့်ဇနီးများ၊ အငြိမ်းစားဌာနမှူးများနှင့်ဇနီးများ၊ သက်ဆိုင်ရာအင်ဂျင်နီယာများ၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ၆-၂-၂၀၁၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးတေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မဝင့်မွန်ထက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများကိုင်ဆောင်ပေးပါသော ဒေါက်တာအေးမြတ်မွန်၊ ဒေါက်တာယမင်းရွှေရည်စိုး၊ သတို့သားအရံများဖြစ်ကြသော ဒေါက်တာခန့်ရှင်းသန့်၊ မောင်ဟိန်းထက်အောင်၊ သတို့သမီးအရံများဖြစ်ကြသော ဒေါက်တာအင်ကြင်းဖြူဖြူ၊ ဒေါက်တာကေခိုင်စောလွင်၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံများ ဆင်မြန်းပေးပါသော ကိုစိန်လင်း၊ ကိုအောင်မြတ်သူ (Aroma Zulu Studio)၊ မင်္ဂလာဖိတ်စာများ စိတ်တိုင်းကျဆောင်ရွက်ပေးပါသော Dagon Printing၊ မှတ်တမ်းဗီဒီယိုနှင့် ဓာတ်ပုံများ ရိုက်ကူးပေးပါသော (Aroma) အဖွဲ့၊ မေတ္တာဖြင့် ကူညီပေးပါသော Studio KZ မိသားစု အားလည်းကောင်း၊ မင်္ဂလာပန်းအလှဆင်ပေးသော ဒေါ်မိုးမိုးသာ (White Rose)အား လည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဦးစိုးနိုင်-ဒေါ်စိမ့်ဟန်နီ(ဇီဝစိုး ကုမ္ပဏီ)အားလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းမိသားစုများ၊ ဗိုလ်ချုပ်အောင်ဆန်းဈေးမှ မိသားစုများနှင့် ၄-၂-၂၀၁၄ရက်တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၁၂-၂-၂၀၁၄ရက် ည အလုံမြို့နယ်၊ Western Park Restaurant ၌ ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြသော သူငယ်ချင်းအပေါင်းအသင်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဒေါက်တာခန့်စိုးမောင်-မယွန်းစန္ဒီဝင်း

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ
ဦးအောင်မြင့် (Shwe Myan Pyi Group Ltd.) -ဒေါ်ခင်ဖုန်းမြင့် (A & K Jewellery) ဗိုလ်ချုပ်ဈေး
တို့၏ သားထွေး

မောင်ကျော်ကျော်အောင်

MD (Naing Hein Aung Co.,Ltd.)
(Shwe Myan Pyi Group Ltd.)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ
ဦးစိန်ဗုက်(အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်)-ဒေါ်ခင်သန်းထွေး(အလယ်တန်းပြ-ငြိမ်း) တို့၏
သမီးထွေး

မဝင့်မှူယာအောင်

B.Sc(physics)
Senior Flight Attendant(Air Bagan Co.,Ltd.)

တို့၏၂၇-၁-၂၀၁၄ ရက်(တနင်္လာနေ့)တွင် IBC (International Business Center) ပြည်လမ်း၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)၊ ဂုဏ်သရေရှိ စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်ဆွေများ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီး၊ ဒေါ်စိုးစိုးအောင်၊ မင်္ဂလာအသိသက်သေ များအဖြစ်ဆောင်ရွက်ပေးပါသော ဒုတိယဗိုလ်မှူးကြီးတင်မောင်လွင်(ငြိမ်း)နှင့် ဇနီးဒေါ်မြင့်မြင့်အေးတို့အားလည်းကောင်း၊ ၉-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မေတ္တာဖြင့်ကြွရောက်ချီးမြှင့်ပေးပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ဇနီးဒေါ်မြင့်မြင့်သိန်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် အောင်နဝရတ်တော်ဝင်သဇင်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီးဒေါ်ဆွေဆွေချစ်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် ဇနီးဒေါ်သူဇာဝေအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သန်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီးဒေါက်တာဒေါ်တင်လင်းမြင့်၊ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ(ငြိမ်း)နှင့်ဇနီးဒေါ်အေးပြည့်ဝေခင်၊ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်း၏ဇနီး ဒေါ်သန်းသန်းညွန့်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ဇနီးဒေါ်သန္တာဝင်းစိန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအေးမြင့်မောင်နှင့် ဇနီးဒေါ်မေသက်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်နှင့်ခင်ပွန်း ဒေါက်တာဦးအောင်ထွဋ်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်(ငြိမ်း)နှင့် ဇနီးဒေါ်အေးအေး၊ ကနေဒါနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ လာရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ အလုပ်သင်ဗိုလ်သင်တန်းအမှတ်စဉ် ၅ မှ သူငယ်ချင်း အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ နှစ်ဖက်သောဆွေမျိုးများနှင့် ဂုဏ်သရေရှိမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော နိုင်ငံကျော်တေးသံရှင် စိုးစန္ဒာထွန်းနှင့် အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မခိုင်မွန်စောမျိုး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မချော့စုစံ၊ မင်္ဂလာသတို့သားအရံ မောင်ဇာနည်မောင်နှင့် မောင်မိုးမင်းဦး၊ မင်္ဂလာသတို့သမီးအရံ မဖူးသစ်နွယ်နှင့်မခင်မြတ်နိုး၊ မင်္ဂလာဝတ်စုံကြိုးကြိုးချိတ်လုံချည်များအတွက် ကူညီဆောင်ရွက်ပေးပါသော သိင်္ဂီရွှေဝါပိုးထည်တိုက်မှဦးသောင်းညွန့်နှင့်ဇနီး ဒေါ်သောင်းသောင်း၊ ဆံပင်မိတ်ကပ်နှင့် အလှပြင်ဆင်ပေးပါသောမိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော မမဇူ (Zu Zu Collection)၊ Dinner Dress ချုပ်လုပ်ပေးပါသော အေးသူဇာမိသားစု၊ Pre Wedding ဓာတ်ပုံ 7 Pictures၊ မင်္ဂလာဧည့်ခံပွဲ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး၊ Focus Daily နှင့်အဖွဲ့၊ လက်မှတ်ရေးထိုးပွဲနှင့် ညစာစားပွဲ၌ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ဦးအေးခင်(မြန်မာ့သစ်လုပ်ငန်း)နှင့်အဖွဲ့၊ ဖိတ်စာများရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ Sedona Hotel နှင့် IBC တို့မှ အထွေထွေမန်နေဂျာများနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်ရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လိုအပ်ချက်တစ်စုံတစ်ရာရှိခဲ့ပါလျှင် နားလည်ပေးကြပါရန်လေးစားစွာ မေတ္တာရပ်ခံအပ်ပါကြောင်းနှင့် မင်္ဂလာဧည့်ခံပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း မော်ကွန်းမှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ကျော်အောင်-မဝင့်မှူယာအောင်

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၈၄၇၊ မြေကွက်တည်နေရာအမှတ် ၈၄၇၊ မင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးခင်မောင်အုံး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်အုံးနှင့် ဇနီးဒေါ်သန်းသန်း ကွယ်လွန်သဖြင့် ဒေါ်ဖြူဖြူသန်း ၅/မရန(နိုင်)၀၂၈၉၃၈၊ ဒေါ်နီနီသန်း ၅/မရန(နိုင်)၀၂၈၉၃၉တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၄၅၆ (၁၁-၁၂-၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်ဖြူဖြူသန်း ၅/မရန(နိုင်)၀၂၈၉၃၈က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၇၇၅(၉-၁-၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၂၂၊ မြေကွက်တည်နေရာအမှတ်-၂၅၊ ဦးချိုလမ်း၊ ၈-ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်ခင်သူဇာ အမည်ပေါက် နှစ် ၆၀မြေငှားဂရန် ဧရိယာ ဝ.ဒသမ၂၄၄ဧကအနက်မှ မခွဲမစိတ်ရသေးသော ဧရိယာ-မျက်နှာစာ ၇၅' ၆" အနောက် ၄၀'၊ ဘေး ၂၀'×၁၀၇' အကျယ်ရှိမြေကို အရောင်းအဝယ်စာချုပ်အမှတ်-၅၂၃၇/၃၁-၈-၂၀၁၁ဖြင့် ဝယ်ယူခဲ့သူ တန်ချန်ရွှေ (ခ) ဦးမြင့်လွင်နှင့် ဦးအောင်ကျော်လင်း ၁၂/လမန(နိုင်)၁၀၉၆၀၇တို့က မိမိတို့ပိုင်ဆိုင်သည့်အစိတ်အပိုင်းကိုသာ မြေကွက်ခွဲရန်နှင့် မြေတိုင်းလျှောက်ထားခြင်းဖြစ်ကြောင်း ဝန်ခံကတိတင်ပြ၍ အမည်ပေါက် ဒေါ်ခင်သူဇာမှ တန်ချန်ရွှေ (ခ)ဦးမြင့်လွင်သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၁၀၃၉၇/၂၆-၆-၂၀၁၃တို့တင်ပြပြီး မြေကွက်ခွဲရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၅၁၂၊ မြေကွက်တည်နေရာအမှတ် ၅၁၂၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမင်းထွဋ် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမင်းထွဋ် ကွယ်လွန်သဖြင့် ဒေါ်ဝင်း ၁၂/ဥကတ(နိုင်)၀၆၇၅၁၇ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ ဂျေ၊ မြေကွက်အမှတ် ၁၁၂/၁.C၊ မြေကွက်တည်နေရာအမှတ် ၈၀/ကေ၊ ကမ္ဘောဇလမ်းသွယ်(၃)၊ ဗဟန်းမြို့နယ် ဦးကျော်သိန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်သိန်း (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ကြီး ၁၂/ဗဟန(နိုင်)၀၅၅၉၆၇ က တရားဝင်(ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ(၁)၊ မြေကွက်အမှတ် ခ/၁၃၁၊ မြေကွက်တည်နေရာအမှတ် ၄၃၅၊ ၁၆ အောက်လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဝင်းမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းမြင့်(ညီ) လူပျိုကြီးဘဝဖြင့် ကွယ်လွန်ပြီး ကတ္တိမသား/သမီး မရှိသဖြင့် ဦးမောင်နီ ၁၂/ဒပန(နိုင်)၀၁၇၅၅၅ က တစ်ဦးတည်းသော အမွေဆက်ခံခွင့်ရှိသူ အစ်ကိုတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ယမုံနာ၊ မြေကွက်အမှတ် ခ/၂၁၄၊ မြေကွက်တည်နေရာအမှတ်-၂၈၅၊ (၁၃)လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်ညွန့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်ညွန့်(ဖခင်) နှင့်ဒေါ်ကျွေ(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးခင်စိန် ၁၂/ဒပန(နိုင်)၀၂၃၃၁၁၊ ဒေါ်ခင်ဖြူ ၁၂/ဒပန(နိုင်)၀၁၉၀၈၁၊ဒေါ်သန်းအေး ၁၂/ဒပန(နိုင်)၀၁၉၀၇၉၊ ဦးစိန်ညွန့် ၁၂/ဒပန(နိုင်)၀၁၉၀၈၂တို့ကသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၃ဒီ^၁၊ မြေကွက်အမှတ် V-၂၅၆ မြေကွက်တည်နေရာ ၄၁၃၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံ (ဦးအောင်သိန်း၊ ဒေါ်သန်းချစ်) အမည်ပေါက် နှစ် ၉၀ မြေငှားဂရန်အားအမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်သိန်း ကွယ်လွန်သဖြင့် ၎င်း၏အစုကို ဇနီးဖြစ်သူ ဒေါ်ဟေးဒါသာ ၁၂/အလန(နိုင်)၀၂၅၇၆၁က သမီးဖြစ်သူ ဒေါ်ဝင်းဝင်းစိန် ၁၂/အလန(နိုင်)၀၂၅၇၂၃ အား အထွေထွေကိုယ်စားလှယ်စာအမှတ် ၁၂၅၃၀/၂၄-၇-၁၃ ဖြင့် လွှဲအပ်၍ အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်သန်းချစ်နှင့်တွဲဖက်၍ ကျန်းကျိမ်လွှာ၊ သေစာရင်း၊ မှတ်ပုံတင်မိတ္တူတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁/အနော်မာ၊ မြေကွက်အမှတ် ၁၆၈၂/က၊ မြေကွက်တည်နေရာအမှတ် ၁၆၈၂/က၊ လမ်းသစ်(၁)လမ်း၊ တိုးချဲ့ (၁) ရပ်ကွက်၊ သာကေတမြို့နယ် ဦးခင်ကျော် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်ကျော် (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဖြစ်သူ ဒေါ်ညွန့်ညွန့်ရီ ၁၂/သကတ(နိုင်)၁၁၉၄၄၆ က သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ရောင်းချရန်လေလံကြော်ငြာ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၂ ခုနှစ် တရားမဓာရီမှုအမှတ်-၇၉

ဦးခင်မောင်ဝင်း ပါ (၆)ဦး **နှင့်** ဦးခင်မောင်စိုး ပါ (၃)ဦး

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ဒုတိယခရိုင်တရားသူကြီး(၁)ရုံးမှ တရားမကြီးမှု အမှတ်-၅၁၀/၂၀၁၂အမှုတွင် တရားနိုင်က အမွေပုံပစ္စည်း၏ (၆ ပုံ ၁ ပုံ) ရထိုက်ခွင့်ရှိကြောင်း အနိုင်ဒီကရီအရ အမွေပုံပစ္စည်းဖြစ်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်) နံနက် ၁၀း၀၀ နာရီတွင် ပစ္စည်း တည်ရှိရာနေရာတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ် ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက် သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃-အေ)၊ မြေကွက် အမှတ် (၃-ဘီ၂)၊ ဧရိယာ ၀ ဒသမ ၄၂၄ ဧကရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော ဗဟန်း မြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရေတာရှည်ရပ်ကွက်၊ အမှတ် ၅၇၊ (၆)ခန်းတွဲ၊ ခြောက်ထပ် တိုက်ရှိ အခန်းအမှတ်(ဒီ-၁)၊ အခန်း(အလျား ၁၉ ပေ × အနံ ၅၅ ပေ)တိုက်ခန်း၊ မဟာတံဆိပ် ရိုက်လုပ်ငန်းဟုခေါ်တွင်သော တိုက်ခန်းတွင် ဒေါ်စိန်ဝင်းနှင့် ဦးသိန်းတိုး မိသားစုနေထိုင်ပါသည်။

လေလံကြမ်းခင်းဈေးမှာ

အခန်းအမှတ်(ဒီ-၁) ကျပ်သိန်း ၂၀၀၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။
(၂) မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။
(၃) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၄) ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
(၅) လေလံတင်ရောင်းချသည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ၁၀၀ိ/- လျှင် ၂၅ိ/- လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံရောင်းချလိမ့်မည်။
(၆) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
(၇) ကျန်ငွေများကို လေလံရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမ ရုံးဖွင့်သည့်နေ့တွင် ပေးရမည်။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်း သည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

(သန်းဝင်း) တ/၁၇၀၂
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅ အီး^၂၊ မြေကွက်အမှတ် ၁၇အေ/၂က ၊မြေကွက် တည်နေရာအမှတ်-၃၉၊ ဈေးကလေး(၃)လမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်ကြူရင်+၅၉ အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက်တစ်ဦး ဦးလှိုင်ကွယ်လွန်သဖြင့် ဒေါ်ကြင်မေ ၁၂/ကမတ(နိုင်)၀၂၆၈၁၃ ၏ GP.၂၆၀၀၃(၁၇-၁၂-၁၃)ရသူ ဒေါ်ခင်စိမ်းထွေး ၁၂/ဗဟန(နိုင်)၀၆၇၉၅၄က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် က-၇၂၊ မြေကွက်တည်နေရာအမှတ်-၃၂၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်ခင်ဂျမ်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဂျမ်း(မိခင်)၊ ဦးလော(ဖခင်)နှင့် ၎င်းတို့၏တစ်ဦးတည်းသောသား ဦးကျော်မောင်(ခင်ပွန်း)တို့ ကွယ်လွန်သဖြင့် ဒေါ်သန်းအေး YDN-၀၀၆၇၅၇က သမီး(ချွေးမ)နှင့် ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ် ၈၁၉/က၊ မြေကွက်တည်နေရာအမှတ်-၈၁၉/က၊ သီရိဇေယျာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်ညွန့် အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဦးတင်ညွန့်နှင့် (ဇနီး)ဒေါ်သွယ်၊ (သမီး) ဒေါ်သန်းရီတို့ ကွယ်လွန်သဖြင့် ဒေါ်ဝင်းကြည် ၁၂/ဥကတ(နိုင်)၁၁၀၄၇၈၊ ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်)၀၁၇၉၀၉တို့က သမီးနှင့် မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းတို့၏ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၄၄၁/က၊ မြေကွက်တည်နေရာအမှတ် ၄၄၁/က၊ (၂)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အေးညွန့်၊ ဒေါ်မြမြသိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးညွန့်နှင့်ခင်ပွန်း ဦးမောင်လှိုင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မြမြသိန်း ၁၂/ဥကတ(နိုင်)၁၂၇၅၃၆က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၅၄၄(၁-၁၁-၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးမော်နီအာမက်(ခ)ဦးရဲနိုင် ၁၂/တမန(နိုင်)၀၉၉၇၇၂က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃-၃၁၉၅(၁၉-၁၁-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၈၉၃/ခ၊ မြေကွက်တည်နေရာအမှတ် ၈၉၃/ခ၊ (၂၁)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးအောင်သန်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်သန်း ကွယ်လွန်သဖြင့် ဒေါ်ကြူကြူအေး ၁၃/တကန(နိုင်)၀၆၀၇၂၀က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၂၄၈(၉-၁၂-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်သက်ထားဆွိ ၁၂/ရကန(နိုင်)၀၇၃၀၆၂က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၅၂၃(၁၆-၁၂-၁၃)ကို တင်ပြ၍ မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဦးရဲမြင့် (ဦးဗိုလ်ရဲ) (၅၈ နှစ်) (သာကေတမြို့)
A.G.T.I (Civil) (ရွှေဘော)
အတွင်းရေးမှူး ရေတာရှည်မြို့နယ်အသင်း

(ဦးကျော်ငြိမ်း-ဒေါ်စိမ်းမြ)တို့၏သား၊ (ဦးစိန်ထွန်း-ဒေါ်အေးသန်း)တို့၏ သားသမက်၊ ဦးကြည်မိုး (Professional Co.,Ltd)- ဒေါ်မြမြဆွေ၊ ဗိုလ်ကြီးသူရိန် (ငြိမ်း)-ဒေါ်မူမူ (မန္တလေး)၊ (ဦးတင်ဝင်း)-ဒေါ်စန်းမြင့် (ကျောင်းအုပ်(ငြိမ်း)) ဦးအေးကြူ ပြည်ထောင်စုဝန်ကြီးဌာန (ငြိမ်း) ပညာရေး - ဒေါ်စိန်စိန်ဌေး ဒေါ်ဝေဝေမြင့်၊ လယ်/မြ (အ. ထ. က (၂) ဒဂုံ) တို့၏ ညီ/မောင်၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ သံလျှင်တံတားအိမ်ရာဝင်း၊ တမာလမ်း၊ အမှတ် (၈၄) နေ ဒေါ်ရင်ရင်နွဲ့၊ ထက်/မြ (အ. ထ. က(၂) ဒဂုံ) ၏ ခင်ပွန်း ဗိုလ်ကြီးရဲထွဋ်ထွား (တပ်မတော်ဆေးတက္ကသိုလ်)၊ မနေခြည်ဗိုလ်(ဈေးဆွဲ-Japan)၊ ဒေါက်တာ ရည်မွန်သိမ့် (နေပြည်တော်ဆေးရုံ-ကုတင် ၁၀၀၀)၊ ဒေါက်တာမြတ်စုမွန်၊ မစေယီဗိုလ်(Ancora Solutions)တို့၏ဖခင်သည် ၁၃-၂-၂၀၁၄ ကြာသပတေးနေ့ နံနက် ၃း၃၀ နာရီအချိန်တွင် ကွယ်လွန်သွားပါ၍ သဖြင့် ၁၇-၂-၂၀၁၄ တနင်္လာနေ့ ညနေ (၄း၀၀) နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ (၂း၃၀) နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးရဲမြင့် (ဦးဗိုလ်ရဲ) (၅၈ နှစ်) (သာကေတမြို့)
A.G.T.I (Civil) (ရွှေဘော)
အတွင်းရေးမှူး ရေတာရှည်မြို့နယ်အသင်း

(ဦးကျော်ငြိမ်း-ဒေါ်စိမ်းမြ)တို့၏သား၊ (ဦးစိန်ထွန်း-ဒေါ်အေးသန်း)တို့၏ သားသမက်၊ ဦးကြည်မိုး (Professional Co.,Ltd)- ဒေါ်မြမြဆွေ၊ ဗိုလ်ကြီးသူရိန် (ငြိမ်း)-ဒေါ်မူမူ (မန္တလေး)၊ (ဦးတင်ဝင်း)-ဒေါ်စန်းမြင့် (ကျောင်းအုပ်(ငြိမ်း)) ဦးအေးကြူ ပြည်ထောင်စုဝန်ကြီးဌာန(ငြိမ်း)ပညာရေး -ဒေါ်စိန်စိန်ဌေး ဒေါ်ဝေဝေမြင့်၊ လယ်/မြ (အ. ထ. က (၂) ဒဂုံ) တို့၏ ညီ/မောင်၊ ကိုသက်ဇော်ဦး-မသီတာဦး၊ ကိုဇော်မင်းသူ-မနှင်းနီအောင်(အလက-သာကေ) ကိုအောင်ကျော်ဇော-မအေးမွန်ဝင်း (ဈေးဆွဲ USA)၊ မဈေးမြင့်ကြူ (ဈေးဆွဲJapan) ဒေါက်တာချိုကိုကိုဇော် (အေးသိဒ္ဓိ၊ နေပြည်တော်)-မစွန်မြင့်ကြူ (Inha University, South Korea)၊ ကိုအောင်စွမ်းပြည့် (Professional Co.,Ltd)-မဆန္ဒယ်ထွန်း ကိုဟန်ထက်နိုင် (MD,ပြည့်ဖြိုးပါ Co.,Ltd) ဆောက်အင်ကြွင်းနိုင်း မောင်ဇော်ငြိမ်းချမ်း ဒေါက်တာရဲဝင့်သူ (Five Golden Fishes Co., Ltd) ဗိုလ်ကြီးသန့်ဇင် (စစ်ရုံး နေပြည်တော်-မဉ္စရီ ကိုမိုးထက်ကျော်(Oscar) - မမြင့်ကြူ တို့၏ ဦးလေးသည် ၁၃-၂-၂၀၁၄ ကြာသပတေးနေ့ နံနက် ၃း၃၀ နာရီအချိန်တွင် ကွယ်လွန်သွားပါ၍ သဖြင့် ၁၇-၂-၂၀၁၄ တနင်္လာနေ့ ညနေ (၄း၀၀) နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ (၂း၃၀) နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ဦးကျော်ဝင်း(ထောင်မှူး၊ ငြိမ်း၊ အပတ်စဉ်-၁၅)

အသက်(၅၈)နှစ်

(၉-၁-၂၀၁၄ ရက်မှ ၉-၂-၂၀၁၄ ရက်)

မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအပေါ်တွင် စေတနာ မေတ္တာအပြည့်အဝဖြင့် ကူညီ စောင့်ရှောက်ပေးခဲ့သော ဦးကျော်ဝင်း၏ ကျေးဇူးတရားများအား အောက်မေ့လွမ်းဆွတ် သတိရ လျက်။ နေ့စဉ် အလှူဒါနကုသိုလ်ကောင်းမှုများအတွက် အမျှပေးဝေလျက်ရှိပါသည်။

မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ
ကျန်ရစ်သူမိသားစုနှင့် ဆွေမျိုးသားချင်းများ

ကျေးဇူးအထူးတင်ရှိခြင်း

၉-၁-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၃း၁၀နာရီ မကွေးတိုင်းဒေသကြီး ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားခဲ့သော ဦးကျော်ဝင်း (၅၈ နှစ်၊ ထောင်မှူး-ငြိမ်း၊ အပတ်စဉ် ၁၅)၏ နာရေးကိစ္စအဝဝတွင် မိသားစုနှင့်ထပ်တူ အားဖြည့်ကူညီဆောင်ရွက်ပေးကြသော မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့လက်အောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ အသင်းအဖွဲ့အသီးသီးမှ မြို့မိ မြို့ဖများ၊ ပြည်တွင်း ပြည်ပ၊ ရပ်ဝေး ရပ်နီးမှ ဆုတောင်းနှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ အား အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇော်သိန်း(မန္တလေး)၊ ခေတ်လွန်ပရိဘောဂ

အသက်(၅၈)နှစ်

မန္တလေးမြို့၊ ခေတ်လွန်ပရိဘောဂ၏ ကိုဝေဖြိုးအောင်-မသန်းသန်း ဆွေတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဇော်သိန်း အသက် (၅၈)နှစ်သည် ၉-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်နိုင်
မေယုကုမ္ပဏီလီမိတက်နှင့် ရွှေစံအိမ်ပရိဘောဂ၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၀၊ မြေကွက်အမှတ် ၉၉(က)၊ မြေကွက်တည်နေရာအမှတ် ၉၉/က၊ ပန်းခြံ ၁၇ လမ်း၊ ရွှေပြည်သာမြို့နယ် ဦးမြင့်ဆွေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်ဆွေကွယ်လွန်သဖြင့် ဒေါ်ခင်မူ ၁၂/စခန(နိုင်)၀၁၅၁၈၇က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ သေစာရင်း မိတ္တူ၊ ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက် အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆စီ^၁၊ V၂၂၄၊ မြေကွက်တည်နေရာ အမှတ် ၁၅၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင် မြို့နယ် ဦးပန်းအေး အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား ကြည့်မြင်တိုင်မြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၂၀(၁၈-၉-၁၃)၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံးဇာရီမှု အမှတ် ၇၊ ဂရန်ပျောက်ဆုံးကြောင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံစာ၊ ကျမ်း ကျိန်လွှာတို့တင်ပြပြီး ဒေါ်ဌေးဌေးမူ(ဘိလစ်) ၁၂/တမန(နိုင်)၀၃၃၀၉၇က အရောင်းစာချုပ် ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးရဲမြင့်(ငြိမ်း) OTS (36)

ကြည်း(၁၁၁၁၀)

၁၆-၁-၂၀၁၀

ယနေ့ကျရောက်တဲ့ (၄)နှစ်ပြည့်လည်း မိသားစုရင်ထဲ လွမ်းဆွတ်သတိရ တမ်းတဆဲမို့ မြင့်ရာဘဝ မြတ်ဌာနသို့ ရောက်ရှိစေရန် ကုသိုလ်ကောင်းမှုအစုစုကို သာဓု သာဓု သာဓု ခေါ်ဝေ၍ အမျှ အမျှ အမျှ ပေးဝေကြသည်။

ချစ်ဇနီး ဒေါ်နန်းခင်စမ်းရီ
သား စိုင်းလှမြင့်ဦး-မအေးအေးခိုင်
သမီးကြီး နန်းခင်စန္ဒာမြင့်-ကိုမြင့်လွင်
ကိုကျော်ဇေအောင်-မနန်းခင်သီတာမြင့်နှင့် မြေးတစ်စု

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဗိုလ်ကြီးသန်းထွန်း(ငြိမ်း)

ကြည်း/၈၆၂၈

(၁၆-၂-၂၀၁၁ မှ ၁၆-၂-၂၀၁၄)

အချိန်တွေပြောင်းသွားပေမယ့် မေ့မရတဲ့အဖေ အရွယ်တွေပြောင်းသွားပေမယ့် တစ်သက်တာလုံး အမေနဲ့ သားသမီးမြေးတွေကို တန်ဖိုးထားချစ်ခဲ့တဲ့အဖေ ရိုးဖြောင့်တည်ကြည် စည်းစနစ်ကျန အေးချမ်းသိမ်မွေ့တဲ့ နမူနာကောင်းတွေ သွန်သင်ပြသခဲ့တဲ့အဖေ ချစ်လှစွာသော အဖေ ကွယ်လွန်သွားခဲ့တာ ၁၆-၂-၂၀၁၄ရက်မှာ (၃)နှစ်ပြည့်ခဲ့ပါပြီ။

အဖေရဲ့ ကြီးမြတ်သော ဂုဏ်ကျေးဇူးကို အစဉ်ဦးခိုက်လျက် ဒီကနေ့အထိ နေ့စဉ်ပြုလုပ် အမျှဝေခဲ့သမျှ ကုသိုလ်အကျိုးများအားလုံး အပြည့်အဝရရှိပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်၍ မြင့်မြတ်အေးချမ်းသောဘုံဘဝသို့ ရောက်ရှိ နိုင်ပါစေ။

အဖေချစ်သော
အမေနှင့် သားသမီးမြေးများ

(၇)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးချစ်တင်(ယင်းမာပင်မြို့)

ကျေးဇူးကြီးမား၍ ချစ်သောဖခင်ကြီးရဲ့ တုနှိုင်းမရသော ဂုဏ်ကျေးဇူးတရား၊ မေတ္တာစေတနာများကို အချိန်နှင့်အမျှ အမြဲအမှတ်ရ လွမ်းဆွတ်သတိရနေပါ တယ်။ မေမေနှင့်တကွ သားသမီး၊ မြေးများက ဖေဖေ့အတွက်ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်သမျှ ကုသိုလ်များကို အမျှပေးဝေပါတယ်။ ပြုပြုသမျှ သော ကုသိုလ်အစုစုတို့အား မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး-ဒေါ်ခင်မေရီ
သားသမီးများ-ဦးအောင်မျိုးမင်း၊ ဒေါ်မီမီမောင်
ဦးအောင်မျိုးဝင်း၊ ဒေါ်ထားထားညွန့်
ဒုတိယဗိုလ်မှူးကြီးအောင်မျိုးလင်း၊ ဒေါ်တင်တင်ထွေး
ဦးအောင်မျိုးထွန်း၊ ဒေါ်မိမိထွေး
ဦးအောင်မျိုးနိုင်၊ ဒေါ်မိုးမိုးနိုင်
မြေးတစ်စု

(၁၀)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

ဦးကျော်ဝင်း(မြေပုံမြို့)

၁၄-၂-၂၀၀၄

ကျေးဇူးရှင် ဘာဘာ မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ (၁၀)နှစ်ပြည့်ခဲ့ ပြီး ဘာဘာအား ရည်စူး၍ နေ့စဉ်၊ လစဉ် ကောင်းမှုကုသိုလ်များပြုလုပ်ခဲ့ပါ သည်။ (၁၀)နှစ်ပြည့်ကို ၁၆-၂-၂၀၁၄ ရက် အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေး(ဗဟို) ရွာမပရိယတ္တိစာသင်တိုက်၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်တွင် ဘာဘာအားရည်စူး၍ ကောင်းမှုကိုသိုလ်များ ပြုလုပ်ခဲ့ပါ သည်။

ဘာဘာ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-
အမျှ-အမျှ-အမျှ ပေးဝေပါ၏။

ဇနီး-ဒေါ်မဦးညိုနှင့်
သား၊ သမီး၊ မြေး၊ မြစ်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရဲမြင့်

အသက် (၅၈)နှစ်

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)၏ အတွင်းရေးမှူး ဦးရဲမြင့်သည် ၁၃-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၄း၀၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပြီး အမှတ် ၈၄၊ တမာလမ်း၊ သံလျှင်တံတားအိမ်ရာဝင်း၊ သာကေတနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီ၌ ထွက်ခွာမည်ဖြစ်ပါ၍ အသင်းသူ/သားများ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားပါသည်။

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)

ကြော်ငြာ

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးမောင်မောင်အေး (တောင်ငူ)

တောင်ငူအသင်းနာယက

စာတိုက်မှူးကြီး(ငြိမ်း)၊ ဗဟိုစာတိုက်ကြီး

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ်၂၃-က၊ ရွှေလောင်းလမ်းနေ (ဦးညွန့်-ဒေါ်သန်းညွန့်)တို့၏သား၊ (ဒေါ်ခင်မြင့်မြင့်)၏ခင်ပွန်း၊ ဦးတိုးထက်ဝင်း(NIEC)-ဒေါ်သီသီအေး(မြန်မာ့ပုလဲ)၊ (CE) ဦးမျိုးညွန့်အေး Ship Manager (APEX Ship Management Pte., Ltd.)-ဒေါ်စိုးစိုးဝါတို့၏ဖခင်ကြီး၊ မအိအိမျိုး-မောင်မိုးမင်းထွန်း(Singapore)၊ မောင်ရဲနန္ဒ၊ မမေလဲ့သီရိ(Singapore)၊ မောင်ဉာဏ်ပြည့်ဖြိုး(MRTV-4)တို့၏အဘိုးသည် ၁၅-၂-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရွှေစိန်ဖြူ (စစ်တွေ)

အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် ၁၆/B၊ လေးလွှာ၊ သင်္ဃဟလမ်းနေ(ဦးကြောင်ချေ-ဒေါ်ခေါင်းလုံးမ)တို့၏သမီးကြီး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ(ဦးဖြူထွန်းချေ-ဒေါ်မေဖြူ)တို့၏သမီးချွေးမ၊ (ဦးဝေသာအောင်)၏ဇနီး၊ ဩစတြေးလျနိုင်ငံနေ ဦးဘသိန်းဇံ-ဒေါ်ခင်စန်းမြင့်(ခ)မစန်းမြင့်၊ (မောင်ဆန်းဝင်း)တို့၏မိခင်ကြီး၊ မောင်လင်းဖြိုးအောင်(Year 10, Australind Senior High School, Australia)၊ မောင်သော်ထူးဇံ(Cooinda Primary School, Australia)တို့၏အဘောင်ရှင်သည် ၁၅-၂-၂၀၁၄ရက်(စနေနေ့)နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစောထွန်းလှ(ဦးချို) (စစ်တွေ)

အသက်(၆၁)နှစ်

စစ်တွေမြို့၊ ပလ္လင်တော၊ ကန္တားလမ်းနေ (ဦးရွှေစောအောင်-ဒေါ်အုန်းခင်)တို့၏သားထွေး၊ (ဦးဦးစောရွှေ)-ဒေါ်အေးနု၊ (ဦးစောထွန်းသာ)၊ ဒေါ်လှခင်-ဦးဦးထွန်းသိန်းတို့၏ညီ/မောင်၊ ဒေါ်အေးခင်-ဦးသာအောင်၊ (ဒေါ်ဝင်းခင်)၊ ဒေါ်ခင်ဝင်းရီ-(ဦးခင်မြင့်)တို့၏အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ ဦးလေးသည် ၁၅-၂-၂၀၁၄ရက် နံနက် ၀၀း၁၅နာရီတွင် အာရှတော်ဝင်နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမှုချွေအေး (မိုးကုတ်မြို့)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၆၀၊ တိုက်-C၊ အခန်း ၅A၊ကံကော်အိမ်ရာနေ ကိုချောက်-မခင်အေး၊ (ကိုအောင်ဇော်လတ်)-မမြအေး၊ ကိုစန်းယု-မခင်စန္ဒာလတ်၊ ကိုဂျိန်း-မသန္တာလတ်၊ကိုပေါက်ထန်-မစိမ်းငယ်၊ ကိုမောင်အေး-မမီးမီး၊ ကိုငယ်လေး-မဝင်းစန္ဒာ၊ ကိုဇော်ဟိန်းအောင်-မမျိုးမျိုးအေး၊ ကိုအာဆာ-မနှောင်းဝါဦးတို့၏ဖခင်၊မြေး ၂၃ယောက်တို့၏အဘိုး၊ ဒေါ်ရီမီး၏ခင်ပွန်းသည် ၁၄-၂-၂၀၁၄ရက် (သောကြာနေ့)ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသာနု (ကျောက်နီမော်)

အသက်(၅၇)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ကျောက်နီမော်ရွာနေ ဦးဘိုးတင်-(ဒေါ်စောမြဦး)တို့၏သား၊ (ဦးငွေထွန်း-ဒေါ်မွေးဘုံ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ် ၂၅ (မြေညီထပ်)၊ရတနာလမ်းနေ ဒေါ်စောရီ၏ခင်ပွန်း၊ ကိုဇော်မိုး-မစောမြတ်မြတ်မွန်၊ ကိုမြတ်မင်းထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၅-၂-၂၀၁၄ရက်(စနေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးညွန့်ဝင်း B.Sc (Match)

အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက် (အရှေ့)ရပ်ကွက်၊အမှတ် ၂၅၊ လေးလွှာနေ ဦးကံထွန်း - ဒေါ်စမ်းတို့၏ သား၊ ဦးမြသိန်းထွန်း-ဒေါ်မြမြသန်း၊(ဦးကြည်လွင်-ဒေါ်ညွန့်ညွန့်ဝေ)၊ ဒေါ်အေးအေးချိုတို့၏ညီ/မောင်၊ ဦးအောင်မိုးကျော်-ဒေါ်နီလာထွန်းတို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၄-၂-၂၀၁၄ရက်(သောကြာနေ့) နံနက် ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးမြင့်

ပဲခူး(ကျောက်တန်း)

အသက်(၈၂)နှစ်

